
www.burmeseclassic.com

ပဉ္စဂံနန်းတော်

မနော်ဟာရီ

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**စာမူခွင့်ပြုချက်အမှတ်**
၅၀၁၆၇၅၀၆၁၂

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၅၀၀၃၇၂၀၄၀၇

**ထုတ်ဝေသူ**
**ဦးမောင်မျိုး**
ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**
**ဦးမောင်မျိုး**
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၀၇ ခုနှစ် ဇွန်လ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

"စိတ်ကူးထဲ

ငါပိုင်ဆိုင်ဆဲ... နန်းတော်တစ်ပုံတစ်ခေါင်းနဲ့

အနာဂါတ်ကို ခမ်းနားစွာ

ထမ်းပိုးခဲ့...

ခြေလှမ်းတိုင်းဟာ......

....................... "

ကြောင်နှစ်ကောင်စာအုပ်တိုက်
www.burmeseclassic.com

## အစ...

မီးရောင်တွေ နီတစ်လှည့် ဝါတစ်လှည့် ပြာတစ်လှည့်နဲ့ ယိမ်းထိုးကခုန်နေတဲ့ထဲမှာ ဂီတသံတွေကလည်း တဒုံးဒုံး စည်းချက်ကျကျ ဆူညံလို့။ ကျောက်လမ်းပေါ်မှာ ဒီဇိုင်းအမိုက်စားနဲ့ လျှောက်လှမ်းလာတဲ့ ကောင်မလေးလှလှလေးတွေရဲ့ ခြေလှမ်းကလည်း စည်းချက်နဲ့အညီ လင်းပွင့်ကခုန်လို့။ **"ယက္ခ"**ရဲ့ ဘောလ်ပင်ကိုင်ထားတဲ့ လက်ကလည်း အကြည့်တွေ ရင်ခုန်သံတွေနဲ့အပြိုင် လှုပ်ရှားနေရတယ်။ လူကော၊ နားကော၊ မျက်စိကော၊ နှလုံးသားကော၊ ခံစားမှုကော၊ အာရုံကော တစ်ခုမှ မအားရဘူး ဖြစ်နေရတဲ့အထဲ ဖုန်းထဲကို message ဝင်လာတယ်။ နောက်မှပဲလို့ စိတ်ကူးလိုက်မိပေမဲ့ ဘာကြောင့်မှန်းမသိဘူး လက်တစ်ဖက်က ဖုန်းကို အလိုလိုဖွင့်လိုက်မိလျက်သား ဖြစ်သွားရတယ်။

ကြောင်နှစ်ကောင်စာအုပ်တိုက်
www.burmeseclassic.com

Y. Kha,

Time for Pentagon Palace.

L.T.Nyo.

ကျွတ်... ဟုတ်သားပဲ။ မနက်ဖြန်ဆို သူတို့ Pentagon Palace ကို သွားရတော့မှာပဲ။ အဲဒီအတွေးနဲ့အတူ တစ်ကိုယ်လုံး လန်းဆန်းလွတ်လပ် ပေါ့ပါးသွားသလို ခံစားလိုက်ရတယ်။ စောစောက လျှောက်လမ်းပေါ်က ကောင်မလေးတွေက ပိုလှလာတယ်။ မီးရောင်တွေက ပိုတောက်ပလာတယ်။ ဂီတသံတွေက ပိုပြီးသာယာလာတယ်။ မနက်ဖြန်ဆို လွတ်လပ်ရေးရပြီလေ။ အဲဒီအချိန်မှာ လျှောက်လမ်းပေါ်ကို လျှောက်လာတဲ့ ခရမ်းနုရောင် ကောင်မလေးကို လက်က အမှတ်တွေအများကြီး ပေးမိသွားပြီ။ မတတ်နိုင်ဘူး သူက အလိုလိုနေရင်း Harmony လာဖြစ်နေတာကိုး။

အမှတ်ပေးတဲ့ Judge တွေထိုင်တဲ့ နေရာနဲ့ Celebrities တွေ ထိုင်တဲ့နေရာက ထောင့်ဖြတ်အနေအထားမှာ။ ရှေ့ဆုံးကခုံမှာ အခန့်သား ကျော့ကျော့မော့မော့လေး ထိုင်နေတဲ့ မင်းသမီးပေါက်စ မော်ဒယ်လ်လှလှ လေး **'ဝင့်ဝါထည်'**ကို တွေ့လိုက်ရတယ်။ သူကလည်း ဖုန်းကိုင်ကြည့်နေ တယ်။ မဟုတ်မှလွဲရော။ ဝင့်ဝါဆီလည်း message ဝင်နေလောက်ပြီ။ **'လင်းသိမ့်ညို'**ဆိုတာ တကယ်တိကျ။ တကယ့်ကို လေးနက်တတ်တဲ့ သူငယ်ချင်းမလေးတစ်ယောက်ဆိုတာ ယက္ခတို့ ငယ်ငယ်တည်းက သိထားခဲ့တာပဲ။ သိပ်ချစ်စရာကောင်းတဲ့ သူငယ်ချင်းလေးပေါ့။

ဒီနေ့ ဒီနေရာမှာ 'ယက္ခ' အမှတ်ပေးဒိုင်အဖြစ် ကြီးကြပ်ပေးတဲ့ အလုပ်ဟာ နောက်ဆုံးအလုပ်ပဲ။ ပြီးရင် 'ယက္ခ' နားမယ်။ အိုက်တင်တွေ၊ သကာဆမ်းထားတဲ့ စကားလုံးတွေ၊ မစ္ဆာယစိတ်တွေနဲ့ ဝေးတဲ့ နန်းတော်လေး





တစ်ခုဆီသွားမယ်။ အဲဒီ နန်းတော်လေးမှာ သူ့လိုပဲ နေရာအသီးသီးက ပြေးလာမဲ့ သူငယ်ချင်းတွေ ရှိနေတယ်။ ပြီးရင် နှစ်စဉ်နှစ်တိုင်း သူတို့လုပ် နေကျ အစီအစဉ်တွေကိုဆွဲမယ်။

ပြီးရင်... ပြီးရင်။

ပြဿနာက အဲဒီတော့မှ တက်တော့တာ။ အမှတ်တွေ မပေးမိဘဲ ကြည့်နေမိတာ ဘယ်နှစ်ယောက်ရှိသွားပြီလဲ မသိဘူး။ သမာသမတ်တော့ ကျပါရဲ့၊ စိတ်နဲ့ကိုယ်နဲ့ မကပ်ဖြစ်နေတာကတော့ မတတ်နိုင်ပါဘူး။

❐


www.burmeseclassic.com

# ပထမနေ့

## (၁)

လင်းသိမ့်ညိုရဲ့ ခြံထဲကို ပထမဆုံးဝင်လာတဲ့ကားက ‘ဝင့်ဝါထည်’ရဲ့ ကား။

“ညို… ငါရောက်ပြီ”

အော်ကြီးဟစ်ကျယ်နဲ့ ညို့ကိုအော်ခေါ်ပြီး ခရီးဆောင်အိတ် သေးသေးလေးတစ်လုံးချပေးတယ်။ ပြီးတာနဲ့ ဒရိုင်ဘာကို သွားတော့ဆိုပြီး ပြန်လွှတ်လိုက်တယ်။

“နှင့်အိတ်က ထုံးစံအတိုင်းလား”

“အင်း… ငါသုံးနေကျ ဓိဓာဖြောင်တဲ့ ပစ္စည်းလောက်နဲ့ ပိုက်ဆံပဲပါတယ်၊ အဝတ်အစားက ကြုံရာဝတ်မှာ”

ကြောင်နစ်ကောင်စာအုပ်တိုက်
www.burmeseclassic.com

ထုံးစံအတိုင်းဆိုတာက ဝင့်ဝါထည်တို့က ခါတိုင်းဆို ကျော့မော့လှပအောင် နေသလောက် Pentagon မှာများ ဆုံပြီဆိုလို့ကတော့ ဘာမှ မယူလာဘူး။ ကြုံတဲ့လူရဲ့အင်္ကျီကို ကောက်ဝတ်ပြီး ကြုံတဲ့နေရာကလည် ဝယ်ဝတ်တတ်သေးတယ်။ လင်းသိမ့်ညိုရဲ့ အင်္ကျီလောက်ပဲ ယူဝတ်တယ် ထင်ရင် မှားသွားမယ်။ ယောကျ်ားလေးတွေရဲ့ အင်္ကျီလည်း ဝတ်လို့မရတဲ့ ဖွတ်ကျယ်လက်ပြတ်၊ ပုဆိုးနဲ့ ဘောင်းဘီကလွဲရင် အကုန်ယူဝတ်တာမို့ အားလုံးက လက်လျှော့ထားရတဲ့သူ။

"အေးပါ… လာ… ဝင် အထဲကို"

"ငါ ပထမလား"

"ဟင့်အင်း… ဒုတိယ"

"ဟင်… ပထမက ဘယ်သူလဲ"

"ငါလေ"

"ဟင်… နင်က အိမ်ရှင်လေ ထည့်မတွက်ကြေး၊ ငါ ပထမ"

အရေးထဲ အဆင့်လုချင်နေတဲ့ ဝင့်ဝါထည်ကို ခွင့်လွှတ်ပေးလိုက်ရတယ်။

"အေး… နင် ပထမ"

ဒီတော့မှ ဝင့်ဝါထည်က ကျေနပ်တော့တယ်။

"ထည်"

"ဘာလဲ"

"နင်… ယက္ခနဲ့ မတွေ့ဘူးလား"

"တွေ့ပ … မနေ့ကဘဲ Traders မှာ show ပွဲရှိတော့ မင်းသားချော ကိုရွှေဘီလူးက judge လုပ်နေတာ၊ အဲ… နင့် massage ရလားမသိဘူး





အမှတ်ပေးရင်း ဖုန်းကိုကြည့်နေတာတွေ့တယ်"

လင်းသိမ့်ညို ပြုံးမိတယ်။

"ဟုတ်မှာပေါ့၊ ငါ နင့်ဆီမပို့ခင်ကပဲ သူ့ဆီပို့လိုက်တာ"

"ဩော်… ဟုတ်မှာပေါ့၊ ဟဲ့… ကားသံ"

နှစ်ယောက်သား ကဗျာကယာ ထွက်ကြည့်တော့ ယက္ခ မဟုတ်။ **တင့်တယ်လင်း။**

"လာပါပြီ ပန်းပဲမောင်တင့်တယ်"

ဝင့်ဝါထည်က မျက်နှာလုလုလေးကို မဲ့ပြီးပြောတော့ လင်းသိမ့်ညိုက သူ့ထုံးစံအတိုင်းရယ်တယ်။ တင့်တယ်လင်းကတော့ သူကိုယ်တိုင် မောင်းချလာတဲ့ကားကို စက်သပ်ရပ်ပြီး ဆင်းလာတယ်။

"ငါက ဒုတိယလား"

"အင်း"

"ယက္ခနဲ့ မင်းမိုရ်ရော"

"မလာသေးဘူး"

တင့်တယ်လင်းက လင်းသိမ့်ညိုကို မေးနေတာတွေကို ဝင့်ဝါထည်က စိတ်မဝင်စားဘူး တင့်တယ်လင်းရဲ့ကားကို လှည့်ပတ်ကြည့်နေတယ်။

"လင်း"

"ဘာလဲ"

"နင့်ကားလား၊ နင့်အဖေကားလား"

"ကျွတ်… အဲဒါ နင့်အလုပ်လား၊ ဒီနှစ် ငါ ကားယူရမဲ့အလှည့်၊ ဘီးလေးဘီးပါတဲ့ကား ပါလာရင် ပြီးရောမဟုတ်လား"

ဝင့်ဝါထည်ကတော့ ခေါင်းခါတယ်။


www.burmeseclassic.com

"မပြီးဘူး… နင့်ကားဆို အရေးမကြီးဘူး၊ နင့်အဖေကားဆို ပြဿနာရှိတယ်"

ဟုတ်တော့ဟုတ်တယ်။ တင့်တယ်လင်းရဲ့ အဖေက ဗေကယ့်ကို လူသိများ ထင်ရှားတဲ့ လုပ်ငန်းရှင်ကြီး။ တင့်တယ်လင်း ကိုယ်တိုင်လည်း အဖေခြေရာကို မမီချင်သေးလို့ မီအောင်မလုပ်သေးတာကလွဲရင် အထိုက်အလျောက် လူသိသော လုပ်ငန်းရှင်ပေါက်စ။ (သူ့စကားနှင့် ပြောရရင်တော့ အဖေကို အဖေမို့ အကြောပေးထားတာတဲ့။) ဒီတော့ လူသိနေသောကားဆို ခရီးသွားလာရေတာ သိပ်အဆင်ပြေမှာမဟုတ်။ သူတို့က လူတွေနဲ့ ခဏဝေးချင်တာမဟုတ်လား။

လင်းသိမ့်ညိုက မကြည်မလင်ဖြစ်နေတဲ့ ဝင့်ဝါထည်ကို လှမ်းဆွဲတယ်။

"လာပါ ထည်ရယ်၊ မပူပါနဲ့၊ ဒါ သူမနေ့ကမှ လဲလာတဲ့ကားပါ"

"သူလဲလာတာ… ဟုတ်လား လေင်း၊ နင်က ထောလှချည်လား"

ကဲ… ကြည့်။ ဝင့်ဝါထည်ဆိုတာက ဒီလိုကောင်မလေးပဲ။ တစ်မျိုးမရတစ်မျိုး လိုက်ရစ်နေတတ်တာ ဝင့်ဝါထည်အကျင့်။ ဘာမှလည်းဟုတ်တာမဟုတ်။ တင့်တယ်လင်းက ဘုတောတော့တယ်။

"ဘယ်က ထောရမှာလဲ၊ အကြွေးနဲ့ဆွဲလာတာ"

ဒီလိုကျတော့လည်း တစ်မျိုး။

"ဟင်… နင့်ကိုယုံပြီး ကြွေးပေးတဲ့သူရှိတယ်"

ဝင့်ဝါထည်က မျက်မှောင်လေးကြုတ်ကာ တမင်မယုံသကာဟန်မျက်နှာပေးလေး လုပ်ပြနေပုံက အမြင်ကပ်ချင်စရာ။ လင်းသိမ့်ညိုကတော့ကိုယ့်သူငယ်ချင်းမို့ ချီးကျူးတာမဟုတ်။ ဝင့်ဝါထည်ဟာ ဘာလေးပဲဖြစ်ဖြစ်





အသက်ပါအောင် သရုပ်ဆောင်တတ်၊ လုပ်တတ်တာတော့ အမှန်။ ဒါကြောင့်လည်း အောင်မြင်တာပေါ့။ အရင်ကတော့ ယက္ခကို အနိုင်ရချင်ဇောနဲ့ 'ငါ… မင်းသမီးမလုပ်ဘူး၊ ယက္ခနဲ့ တွဲရမှာစိုးလို့' လို့ ပြောကာ တော်တော်နဲ့ မင်းသမီးမလုပ်။ မော်ဒယ်လ်ဘဝနဲ့ တော်တော်ကြီး အောင်မြင်လာပြီးခုမှ ရုပ်ရှင်စရိုက်တာ။ ဒါတောင် ယက္ခနဲ့မတွဲသေး။ ယက္ခနဲ့ သူနဲ့ကိုလည်းသူငယ်ချင်းတွေမှန်း ဘယ်သူမှမသိ။

"ဒါကတော့ နင့်ဥပမိရုပ်နဲ့ ငါ့ဥပမိရုပ်က ကွာတာကိုး"

တင့်တယ်လင်းကလည်း မခံပါ။ ဒီလိုကျတော့လည်း လူတကာချစ်တဲ့မင်းသမီးချောလေးက မခံနိုင်ပြန်။

"ဒီဥပမိရုပ်လား"

"ကဲ… တော်ကြပါတော့"

လင်းသိမ့်ညိုပဲ ဝင်ဖြန်ဖြေရပြန်တယ်။ အတော်ပါပဲ။ အခန့်ကသင့်ချင်တော့ Taxi တစ်စီးနဲ့ ယက္ခ ရောက်ချလာတယ်။ သေတ္တာကတစ်လုံး၊ အိတ်ကတစ်လုံး၊ ယက္ခနဲ့ ဝင့်ဝါကွာတာ အဲဒါပါပဲ။ ယက္ခက ပြည့်ပြည့်စုံစုံစနစ်တကျရှိသလောက် ဝင့်ဝါက ဖြစ်ကတတ်ဆန်း နေချင်နေတတ်တဲ့သူ။

ခရီးမဆိုက် ယက္ခက ဝင့်ဝါထည်ကို လှမ်းမေးတယ်။

"ဟဲ့… ထည် နင် ရုပ်ရှင်စရိုက်ပြီဆို"

"အေး… အဲဒါဘာဖြစ်လဲ"

"ငါနဲ့ မတွေ့အောင်ရှောင်ပါလို့ မှာမလို့"

"အံမယ်… ငါကလည်း မတွေ့ချင်ပါဘူး"

"ငါသိပါတယ်၊ နင့်အလှတွေ ပညာတွေက ယက္ခနဲ့တွေ့ရင် ဒုက္ခရောက်သွားနိုင်တယ်ဆိုတာ နင် သိမှန်း ငါ သိပါတယ်"


www.burmeseclassic.com

"သေလိုက်"

ဝင့်ဝါထည်ရဲ့ ကောင်းချီးပေးသံကို ယက္ခက ဂရုတောင်မစိုက်ပါဘူး။

"ဟိုကောင်… **မင်းမိုရ်လွင်** မလာသေးဘူးလား"

"မလာသေးဘူး"

"ညက သူတို့ မြရိပ်ညိုမှာ show ရှိတယ်၊ အိပ်ရာထနောက်ကျနေပြီလား မသိဘူး"

ယက္ခရဲ့ မှတ်ချက်ကို တင့်တယ်က ဝင်ငြင်းတယ်။

"မဖြစ်နိုင်ဘူး"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ"

"ဒီကောင် ညက show မလာဘူး"

"ဟင်… နာမည်ကြီးပါနေလျက်နဲ့ မလာဘူး ဟုတ်လား"

လင်းသိမ့်ညိုလည်း တအံ့တသြ ဖြစ်သွားရတာမို့ မေးလိုက်မိတယ်။

"ဟုတ်တယ်၊ ညက show သူ မလာဘူး"

"ဘာလို့တဲ့လဲ"

"မသိဘူး၊ နင် message ပို့တာ ပြန်မပို့ဘူးလား"

တင့်တယ်စကားကြောင့် လင်းသိမ့်ညိုက မျက်စောင်းထိုးတယ်။

"ငါ့ကို ဘယ်သူက အဖက်လုပ်ပြီး message ပြန်ပို့လို့လဲ"

ဒီတော့မှ သုံးကောင်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြတယ်။ ဒါပေမယ့် လူတော် ကိုယက္ခက အဲဒီအခြေအနေကို ကျော်လွှားဖို့ ကြိုးစားလိုက်တယ်။

"ကဲကဲ… ကားပေါ် ပစ္စည်းတင်မယ်၊ ဟာ… တင့်တယ်၊ မင်းကလေး အသစ်လဲတာလား"





"အင်း"

"မိုက်တယ်… အိုကေပဲ"

ယက္ခက ကားပေါ် ပစ္စည်းတင်ပြီး ကားကို လှည့်ပတ်ကြည့်တယ်။ ကြည့်ရင်းက လင်းသိမ့်ညိုကို လှမ်းပြီး အမိန့်ပေးသေးတယ်။

"ညို နင် မင်းမိုရ်ဆီ ဖုန်းဆက်လိုက်လေ"

"မဆက်ပါဘူး နင်ဆက်ပါလား"

"ဒါဆို ထည်ကဆက်"

"ဟင့်အင်း… တင့်တယ် ဆက်မယ်"

ဝင့်ဝါက တင့်တယ်ဖက် လှည့်ကြည့်ရင်း ခေါင်းရှောင်တယ်။ တင့်တယ်က ရှောင်မရတဲ့တူတူဆိုပြီး ဖုန်းကောက်ကိုင်တယ်။ ခဏနေကျ ခေါင်းခါပြတယ်။

"ဟဲ့… ဘာတဲ့လဲ"

"Handphone က ပိတ်ထားတယ်၊ အိမ်ဖုန်းက ကိုင်မယ့်သူ မရှိဘူး"

"ဒါဆို သူလာနေပါပြီ"

ယက္ခရဲ့ မှတ်ချက်ကို အားလုံးက သဘောတူလိုက်ကြတယ်။ မင်းမိုရ်လာနေပြီ။

*

www.burmeseclassic.com

(၂)

သူတို့ပစ္စည်းတွေအားလုံး ကားပေါ် သေသေချာချာတင်ပြီးတဲ့အထိ မင်းမိုရ် ရောက်မလာသေးဘူး။ မင်းမိုရ်ကို အားလုံးက စိတ်တိုစပြုလာနေပြီ။

"ဒီကောင်က အချိန်မလေးစားဘူး"

"အရင်က အဲဒီလိုမှ မဟုတ်တာ"

"ခု ဟုတ်နေပြီလေ"

"ဟုတ်မှာပေါ့ ညကလည်း show ကို မလာဘူးလေ"

တစ်ယောက်တစ်ပေါက်နဲ့ ဝေဖန်နေကြတယ်။

"ကြာပါတယ်ကွာ ငါတို့ သူ့အိမ်ပဲ လိုက်ခေါ်ရအောင်"

"လမ်းမှာလွဲရင်ကော"





"ညိုက အိမ်ကိုမှာခဲ့ မင်းမိုရ်လာရင် ဒီကပဲစောင့်လို့"

အဲဒါနဲ့ လင်းသိမ့်ညို ရဲ့ အိမ်မှာစောင့်ကျန်ခဲ့မယ့် ဒေါ်လေးချိုကို မှာရတယ်။ ထည် တစ်ယောက်ကတော့ မင်းမိုရ်ကို တဗျစ်ဗျစ်တတောက်တောက်နဲ့ လုပ်နေလေရဲ့။ ယက္ခက နှာခေါင်းရှုံ့ နှားပိတ်ထားပြီး ညည်းတယ်။

"ဘယ်လိုများ မင်းသမီးလုပ်မယ် မသိဘူး" တဲ့။

သူတို့လေးယောက်သား မင်းမိုရ်နေတဲ့ တိုက်ရှေ့ရောက်တော့ စကားများရပြန်တယ်။

"ငါက ကားမောင်းလာရတာ ကျန်တဲ့လူထဲက တစ်ယောက်တက်"

ဒါက တင့်တယ်လင်းကပြောတာ၊ ဝင့်ဝါထည်က ချက်ချင်းပဲ တုံ့ပြန်တယ်။

"ငါတို့က မိန်းကလေး ယက္ခ တက်"

ယက္ခက မျက်မှန်အမည်းကြီးကို ကောက်တပ်ပြီး ဦးထုပ်ကို ဆောင်းလိုက်တယ်။ ရုပ်ဖျက်တာလေ။ လင်းသိမ့်ညိုကတော့ ပြုံးရုံပြုံးကြည့်နေပေမဲ့ ဝင့်ဝါထည်ကတော့ ခွိကနဲ ရယ်တယ်။

ယက္ခ တိုက်ပေါ်ကို ပြေးတက်သွားတယ်။ သိပ်တော့ မတက်ရပါဘူး။ သုံးလွှာလောက်ပဲ တက်ရမှာ။

ခဏနေကျတော့ ယက္ခ စာတစ်စောင်ကိုင်ပြီး ပြန်ဆင်းလာတယ်။ ယက္ခနောက်က ပါလာတာက ကောင်မလေးတစ်ယောက်။ အရောင်လွင့်နေတဲ့ ဂျင်းဘောင်းဘီနဲ့ တီရှပ်လက်ရှည်တစ်ထည်ကို ဝတ်ထားတယ်။ ဆံပင်ညိုညိုတွေက ဖွာလံကျဲလို့။ သူက စာဖတ်ပြီး ကားဆီလျှောက်လာတဲ့ ယက္ခကို မမှိတ်မသုန် ကြည့်နေရာက ကားဆီကိုပါ အကြည့်ရောက်လာ


www.burmeseclassic.com

တယ်။ ကောင်မလေးရုပ်က မချောပေမယ့် ခပ်ရှင့်ရှင့် အကြည့်တွေကို ပိုင်ဆိုင်ထားတယ်။ သူမရဲ့ အကြည့်စူးစူးတွေက တစ်ဖက်လူကို ထွင်းဖောက်မတတ်ပဲ။

"ဘာတဲ့လဲ ယက္ခ"

လင်းသိမ့်ညိုကသာ အဲဒီကောင်မလေးကို စိတ်ဝင်စားနေတာ။ ကျန်လူတွေက ယက္ခ လက်ထဲက စာရွက်ကိုပဲ စိတ်ဝင်စားတယ်။

"သွားနှင့် လိုက်ခဲ့မယ်တဲ့"

"ဒါဆိုလည်း သွားနှင့်မယ်လေ"

ဘာကိုမှ သိပ်မတွေးတတ်တဲ့ တင့်တယ်က ကားစက်နှိုးဖို့ပြင်တယ်။ ဝင့်ဝါကတော့ ခေါင်းခါရင်း ပြောတယ်။

"အဓိပ္ပာယ်မရှိလိုက်တာ သူက စည်းဖောက်ချင်တာလား"တဲ့။

ယက္ခက မျက်မှောင်ကြုတ်ထားရင်းက စာကို ညို့လက်ထဲ ထည့်ပေးတယ်။

"ကြည့်ဦး ညို၊ ဒါ မင်းမိုရ် လက်ရေးလား"

ညို ဖျတ်ကနဲ ဆွဲယူကြည့်လိုက်တယ်။

"ဟင်..."

ညို တအံ့တသြ ဖြစ်သွားရတယ်။ မင်းမိုရ်လွှင်လို့ နာမည်ကို ချရေးထားတာကလွဲရင် လက်မှတ်လည်းမပါဘူး။ လက်ရေးကလည်း မင်းမိုရ်ရဲ့ လက်ရေးနဲ့ လုံးဝမတူ။

"မဟုတ်ဘူး မဟုတ်လား ညို"

"အေး... ဟုတ်တယ်၊ ဒါ မင်းမိုရ် လက်ရေး မဟုတ်ဘူး"

ဒီတော့မှ ဝင့်ဝါကော တင့်တယ်ပါ ခေါင်းချင်းဆိုင်လာကြတယ်။





"ဟင်... ဟုတ်သားပဲ"

"ဒါဆို ဘာလဲ"

ဝင့်ဝါထည်ရဲ့ အမေးကြောင့် ညို သတိရပြီး စောစောက ကားဆီကိုကြည့်နေတဲ့ ကောင်မလေးကို ပြန်ကြည့်မိတယ်။ မရှိတော့ဘူး။ ဘေးဘီကြည့်လည်း မရှိတော့ဘူး။ ညို သက်ပြင်းချမိတယ်။

"ဘာဖြစ်တာလဲ ညို ဘာလုပ်မှာလဲ"

"ဘာလုပ်ရမှာလဲ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ငါတို့ Pentagon ကို သွားရတော့မှာပေါ့"

သူတို့ စိတ်မတင်မကျကြီးတွေနဲ့ Pentagon ကို ထွက်ခဲ့ကြတယ်။ မနေနိုင်တဲ့ညိုက ယက္ခကို မေးရတယ်။

"ယက္ခ"

"ဘာလဲ"

"စောစောက နင် တက်သွားတုန်းက ပြန်ဆင်းလာတော့ နင့်နောက်ကပါလာတဲ့ ကောင်မလေးကို တွေ့လား"

ယက္ခ နောက်ကြည့်မှန်ကနေတဆင့် ညို့ကို လှမ်းကြည့်တယ်။

"နင် တွေ့လိုက်လား ညို"

"တွေ့တယ်"

"အဲဒီကောင်မလေးက မင်းမိုရ် အခန်းရှေ့က လှေခါးထစ်မှာ ထိုင်နေတာ၊ ဘာလုပ်နေမှန်း မသိဘူး"

ယက္ခ စကားက စဉ်းစားစရာ။ ညိုတောင် မျက်မှောင်ကြုတ်သွားရတယ်။ သတိထားမိပုံမရတဲ့ ဝင့်ဝါထည်နဲ့ တင့်တယ်တို့တောင်မှ စဉ်းစားစရာ ဖြစ်သွားကြပြီ။


www.burmeseclassic.com

“နင် ဆင်းလာတော့ လိုက်ဆင်းလာရောလား”

“ထင်တာပဲ၊ ငါ့အာရုံက စာထဲရောက်နေတာကိုး”

“နင်က မသိလို့ သူက နင့်ကို သေချာလိုက်ကြည့်နေတာ”

ယက္ခက စောစောက ဆောင်းထားတဲ့ ဦးထုပ်ကို ချွတ်ထားလိုက်ပြီးပြီ။ မျက်မှန်ပဲ ကျန်တော့တယ်။ ဒီပုံနဲ့ ယက္ခမှန်း သိသာလို့လား။ ဒါမှမဟုတ် မင်းသားချော ယက္ခကို တမ်းတမ်းစွဲနေတဲ့ ကောင်မလေးတစ်ယောက်များလား စဉ်းစားစရာပေါ့။

“ငါ့ပုံက မှတ်မိလောက်လို့လား”

“ပြောတတ်ဘူးလေ၊ ငါတို့ကတော့ ငယ်ငယ်တည်းက မြင်လာတာဆိုတော့ ဘယ်လိုမှ နင့်ရုပ်က ဖျောက်လို့မရဘူး၊ တချို့ ပရိသတ်တွေလည်း ဒီလိုပဲ နေမှာပေါ့”

တကယ်တော့ ဒါ ညို မတွေးမိတဲ့ကိစ္စပါ။ ဒီကောင်မလေး အကြည့်က ယက္ခကိုသိလို့ လိုက်ကြည့်တယ်ဆိုတာထက် ထူးနေတယ် ထင်မိတယ်။ ဒါပေမယ့် လောလောဆယ်မှာ ယက္ခကို မင်းသားမှန်းသိလို့ ကြည့်တာထင်တယ်ဆိုတဲ့ အတွေးတွေနဲ့တင် အားလုံးက ရပ်တံ့ပစ်လိုက်ကြတယ်။

ကားကတော့ Pentagon Palace ရှိရာကို ဦးတည်နေပြီ။ Pentagon Palace ဆိုတာ တင့်တယ်လင်းအဖေ ပိုင်ဆိုင်တဲ့ ခြံကြီးတစ် ခြံပါ။ မြို့ပြင်မှာရှိတယ်။ ဘေးဘီမှာ လူနေအိမ်ခြေ နည်းတယ်။ ဘာကြောင့်မှန်းမသိဘူး။ တင့်တယ်အဖေက ဒီခြံကို ငါးထောင့်ပုံခတ်ထားခဲ့တာ။ ဒါကြောင့် Pentagon လို့ သူတို့က ခေါ်တာလေ။ ဒီငါးယောက်စတည်း စုစရာ နေရာတစ်နေရာလည်း ဖြစ်နေတာမို့ သူတို့အတွက် ဒီခြံနာမည်ဟာ အလိုအလျောက် Pentagon Palace ဖြစ်သွားရတော့တာပေါ့။





“ဖုန်းခေါ်ကြည့်ရအောင် ညို”

ယက္ခက ဆိုင်းမပါ ဗုံမပါ ညို့ကိုပြောတာကြောင့် ညို ဖုန်းခေါ်ကြည့်လိုက်တယ်။ မရပါဘူး။ စက်က ပိတ်ထားဆဲ။ အိမ်ခေါ်ကြည့်တော့လည်း ကိုင်မဲ့သူမရှိ။

“မရဘူး ယက္ခ”

ကားမောင်းလို့ လက်တွေခြေတွေသာမက အာရုံပါ အလုပ်ရှုပ်နေရတဲ့ တင့်တယ်ကလွဲရင် အားလုံး ငြိမ်သက်သွားကြတယ်။

“ညို”

ဝင့်ဝါထည်က တိုးတိုးလေးခေါ်တယ်။

“ဘာလဲ ထည်”

“မင်းမိုရဲ့ တစ်ခုခုများ ဖြစ်လား…”

ဝင့်ဝါထည်စကားကြောင့် နဂိုကမှ အတွေးနက်တတ်တဲ့ ညိုတစ်ယောက် ပိုပြီး စိတ်တွေပူသွားတော့တာပဲ။ ယက္ခကတော့ ကန့်ကွက်တယ်။

“မဟုတ်တာမပြောနဲ့ ထည် ဘာဖြစ်စရာရှိလဲ”

တင့်တယ်လင်းကတော့ နှုတ်ခမ်းကို တင်းတင်းစေ့နေအောင် စဉ်းစားရင်းက လှမ်းပြောတယ်။

“ထည်ပြောတာ စဉ်းစားစရာပဲ၊ ညကလည်း show မှာ နာမည်ကြေညာထားရက်နဲ့ မလာဘူးလေ”

“အေး… ဟုတ်တယ် လင်း”

သုံးယောက်သား ပူပင်သွားတာကို ရိပ်မိတဲ့ ယက္ခက ဖုန်းလှမ်းယူတယ်။

“ဘာလုပ်မလို့လဲ”

www.burmeseclassic.com

"ပူ့အမေအိမ်ကို ဆက်မယ်လေ"

အားလုံးက သဘောတူစွာ ငြိမ်နေလိုက်ကြတယ်။

"... အန်တီလား ကျွန်တော် ယက္ခပါ"

"............"

"မင်းမိုရ်များ ရောက်နေလား အန်တီ"

"............"

"ဟုတ်လား၊ သူ အန်တီ့ဆီ ဖုန်းဆက်သေးလား"

"............"

"ဟုတ်လား၊ ဘယ်တုန်းကလဲ"

"............"

"မနက်လား ညလား"

"............"

"နောက်ထပ်ဆက်ရင် ကျွန်တော့်ဆီ ဖုန်းဆက်ခိုင်းပါနော်"

"............"

"သူ ဖုန်းပိတ်ထားလို့ အန်တီ"

နောက်ထပ် ပဋိသန္ဓာရစကားတွေ နည်းနည်းပါးပါး ဆက်ပြောပြီး ဖုန်းချလိုက်တယ်။

"ဘာတဲ့လဲ ယက္ခ"

ဝင့်ဝါထည်က အလျင်စလိုမေးတယ်။

"မနေ့က မနက်ကပဲ ဖုန်းဆက်သေးတယ်တဲ့"

"ခု အဲဒီမှာ မရှိဘူးပေါ့"

"မရှိလို့ပေါ့ ထည်ရာ နင်ကလဲ"





"ငါက စိတ်ပူလို့ပါ"

ယက္ခက ဒီကစ်ခါတော့ ထည့်ကို နှစ်သိမ့်ရတယ်။

"မပူပါနဲ့ထည်ရာ၊ နင် သူ့အကြောင်းသိတာပဲ၊ သူက ထင်ရာလုပ်တတ်တဲ့သူ"

"ထင်ရာလုပ်ပေမယ့် ဒီခရီးစဉ်တော့ သူ မဖျက်တတ်ပါဘူး"

"အကြောင်းရှိမှာပေါ့"

"ဘာကြောင့်လဲ"

"ဥပမာ ရည်းစားရသွားတာမျိုး"

ယက္ခ စကားကြောင့် ညိုက ရယ်တယ်။ ညို့ရယ်ပုံက တစ်မျိုးဆိုတာ မင်းသားဖြစ်တဲ့ ယက္ခက ရိပ်မိပုံပဲ။

"နင် ဘာရယ်တာလဲ ညို"

"နင့်ဥပမာကလဲ ရည်းစားရသွားတာမျိုးဆိုလို့ပါ"

ယက္ခက မျက်မှောင်ကြုတ်သွားတယ်။

"ဘာရယ်စရာပါလဲ၊ ဘာလဲ နင်ဆို ရည်းစားရသွားပေမယ့် လာတယ်ဆိုတဲ့ သဘောလား"

ယက္ခ စကားကြောင့် မျက်လုံးပြူးသွားရတာက လင်းသိမ့်ညို။

ယက္ခကို မျက်လုံးအပြူးသားနဲ့ ငေးကြည့်နေတုန်း ဝင့်ဝါထည်က ဝင်မေးတယ်။

"ဘာဖြစ်သွားတာလဲ ညို၊ ယက္ခပြောတာ ဟုတ်လို့လား"

ညို ရှက်ရှက်နဲ့ ရယ်ချင်သွားရတာမို့ ရယ်ချလိုက်မိတယ်။ လူကြီး ရှက်တော့ရယ် ဆိုလား။

"ဟုတ်တယ်ပေါ့ ညို"


www.burmeseclassic.com

ညို မဖြေပေမဲ့ ယက္ခက ဝင်ဖြေတယ်။

"မဟုတ်စမ်းနဲ့တည့်၊ သေချာတယ် ညို စွံသွားပြီ"

ဝင့်ဝါတည့်ကတော့ မကျေမနပ်နဲ့ ညို့ကို စစ်ဆေးမေးမြန်းမှုတွေ ပြုပါလေတော့တယ်။ ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘယ်တုန်းက တွေ့တာလဲ၊ ဘာလုပ်လဲ၊ ဘယ်မှာနေလဲ၊ စုံနေတာပဲ။ ဒါနဲ့ကို သူတို့ မင်းမိုရ်လွင်ကို တွေ့နဲ့အတော်များများ မေ့ထားလို့ ရသွားကြတယ်။

"ဒါပေမယ့် မပူပါနဲ့ သူ ငါ့ဆီကို မနက်အိပ်ရာကနိုးဖို့တစ်ခါ ညဖက် ဖုန်းဆက်ဖို့တစ်ခါပဲ ဖုန်းဆက်မှာပါ"

ညို့စကားက ဘာမှမဟုတ်သလိုပဲ။ ဒါပေမယ့် ဝင့်ဝါကော၊ ယက္ခ ရော တင့်တယ်ပါ တဟားဟားနဲ့ ထ'အော်ရယ်ကြတယ်။

"ဘာရယ်တာလဲ"

"ဩော်... ဓာရေးဆရာမရဲ့အချစ်က ဒီလိုလားလို့ပါ"

"ဘာမှမဆိုင်ဘူး၊ နင်တို့က ငါ့ထက်ဆိုးမှာ"

"ဆိုးချင်နေတာပါ၊ တည်တည်တံ့တံ့လေးကို ဆိုးချင်နေတာ၊ ဖြစ် မလာသေးလို့၊ ဖြစ်နိုင်မယ်လည်း မထင်တော့ပါဘူး"

မိန်းမလှလေးတွေ ဝိုင်းနေတဲ့ ယက္ခက ညည်းတာပါ။ မင်းမိုရ် တစ်ယောက်ကကော။ မင်းမိုရ်လည်း ဒီလိုပဲ ညည်းမှာလားမသိ။ ဒါမှမဟုတ် သူ ယက္ခ ပြောသလို တကယ်ပဲ အတည်ဆိုးနေပြီလား။ စဉ်းစားစရာ။

*





(၃)

ခြံထဲရောက်တော့ သူတို့အတွက် အကုန်အဆင်သင့် ရှင်းလင်းထားပြီးသား။ အုတ်တံတိုင်း မြင့်မြင့်မားမားကြီးတွေ ကာရံထားတဲ့အထဲမှာ ပဥ္စင်္ဂံပုံစံ ရေကန်ဖြူဖြူလေးလည်းရှိတယ်။ သူတို့ ဒီနေ့တော့ ဒီမှာနားကြ၊ စကားတွေပြောကြမယ်။ နောက်နေ့မှ ဘယ်သွားမယ်ဆိုတာ Plan ဆွဲပြီး ထွက်ကြမှာ။

"ဗိုက်ဆာပြီ... တင့်တယ် မင်းအိမ်ကလူတွေ ဘာစီစဉ်ထားလဲ"

"ငါမသိဘူး ညို စီစဉ်တာ"

ပစ္စည်းတွေ အခန်းထဲထည့်နေတဲ့ ညို့ကို လှမ်းကြည့်တော့ ညိုက–

"ဒီနေ့ ငါ အသုပ်စုံ သုပ်ကျွေးဖို့ လုပ်ခိုင်းထားတယ်၊ သုပ်တာက ငါသုပ်မှာ"


www.burmeseclassic.com

"ဟာကောင်းတယ်"

အသုပ်စုံကို အားလုံးက ကြိုက်ကြတယ်။ အဆိုးဆုံးက မင်းမိုရ်ပေါ့။

"မင်းမိုရ်ကို သတိရလိုက်တာဟယ်"

ညိုက တမ်းတမ်းတတလေး ပြောတော့ အားလုံး ငြိမ်သွားကြတယ်။ ခဏနေမှ ယက္ခက–

"နင့်ချစ်ချစ်ကိုကော သတိမရဘူးလား"

"ဒါက understood လေ ယက္ခရဲ့၊ With every beat of my heart, With every breathe that I take ဆိုတာ မကြားဖူးဘူးလား"

လင်းသိမ့်ညိုက တမင်ပဲ ခပ်ပိုပိုလေး ပြောပစ်လိုက်တယ်။ ဒီလောက် နုနုလှလှလေးတွေ ရေးသားဖွဲ့နွဲ့တတ်တဲ့ စာရေးဆရာမလေးရဲ့ ချစ်သူဟာ အနုပညာလောကနဲ့ ယောင်ယောင်လေးတောင်မှ ပတ်သက်မနေတာကတော့ ဆန်းပါတယ်။ ဒါပေမယ့် နံနက်ခင်း အလင်းနဲ့အတူ၊ ည အိပ်စက်ချိန်နဲ့အတူ စကားသံပါးတတ်တာလေးကတော့ ချစ်စရာကောင်းပါရဲ့။

အားလုံးက မင်းမိုရ်ကြိုက်တတ်တဲ့ အသုတ်စုံကို မင်းမိုရ်တစ်ယောက် ဘယ်တော့ပေါက်ချလာမလဲဆိုတဲ့ မျှော်လင့်ချက်နဲ့ စားနေမိကြတယ်။ ကားသံကြားတိုင်း မမြင်ရတဲ့ ခြံတံခါးကြီးကို လှမ်းလှမ်းကြည့်ပြီးတော့ပေါ့။ ဒါကို ရိပ်မိတဲ့ တင့်တယ်က စကားလမ်းစကို ပြောင်းပေးတယ်။

"ယည်"

"ဘာလဲ"

"နင် ရိုက်ထားတဲ့ ဟိုခေါင်းလျှော်ရည်ကြော်ငြာလေ"

"ဘာဖြစ်လဲ"

"idea လေးကောင်းတယ်"





"အေး… အဲဒါ '………' ရိုက်တာလေ"

"ငါ့စက်ရုံကထုတ်မဲ့ ခေါင်းလျှော်ရည်ကျ နင် အလကားရိုက်ပေးမှာလား"

ဝင့်ဝါက မျက်စောင်းထိုးတယ်။

"တခြားဟာ အလကားရိုက်ပေးမယ်၊ ခေါင်းလျှော်ရည်တော့ မရိုက်ဘူး"

"ဘာလို့လဲ"

"ငါက ကုန်ပစ္စည်းတစ်မျိုးကို တစ်ခုပဲ လက်ခံရိုက်မယ်လို့ ဆုံးဖြတ်ထားလို့ပါ"

"အဲဒါကောင်းတယ်"

လင်းသိမ့်ညိုက အားရပါးရ ထောက်ခံလိုက်ပြီးမှ ယက္ခကို သွားသတိရပြီး အားနာသွားရတယ်။ ယက္ခက နှစ်ခုထပ်ဖူးတာ ရှိနေတာကိုး။

ဒါပေမယ့် ယက္ခက ဘာမှမဖြစ်ဘူး။ ဝင့်ဝါထည်ကိုတောင် ထောက်ခံလိုက်သေးတယ်။

"အဲဒါကောင်းပါတယ်၊ တစ်ကမ္ဘာလုံးမှာ ဒီလိုပဲ၊ ငါလည်း နောက် အဲလိုမဖြစ်အောင် လုပ်မှာပါ"တဲ့။

"ဟိုကောင် မင်းမိုရ်ကိုလည်း ကြော်ငြာရိုက်ဖို့ ခေါ်ကြတယ်မဟုတ်လား"

ကြည့်… စကားစက မင်းမိုရ်ဆီ ပြန်ရောက်သွားပြန်ပြီ။ မတတ်နိုင်ပါဘူး။ ဒီလူငါးယောက်က ခွဲလို့ရတာမှ မဟုတ်တာ။

"ဟုတ်တယ် ဒါပေမယ့် နင်တို့လည်း ဒီကောင့်အကြောင်း သိတာပဲ၊ မရိုက်ချင်ဘူးပဲ ငြင်းလွှတ်တာ၊ အရမ်းအားနာရမယ့် သူတွေတောင် သူ


www.burmeseclassic.com

ပြောင် သေးတာပဲ”

တင့်တယ်က ဝင်ရှင်းတယ်။ တင့်တယ်နဲ့ မင်းမိုရ်က ပိုပြီးအဆက်အသွယ်များတတ်တာကိုး။ တင့်တယ်တို့လုပ်ငန်းတွေထဲမှာ video production တစ်ခုပါတော့ VCD တွေဘာတွေလည်း ထုတ်တာမို့ တင့်တယ်နဲ့ မင်းမိုရ်က အဆက်အစပ်များတယ်။ VCD တွေမှာ ပါနေတတ်တဲ့ ဝင့်ဝါထည်ရောပေါ့။ သူတို့ဆီက ရုပ်ရှင်လိုကားတွေ သိပ်မထုတ်သေးတော့ ယက္ခနဲ့က နည်းနည်းလှမ်းတယ်။ လင်းသိမ့်ညိုနဲ့ရောပဲပေါ့။

“နင်တို့ Production က ဘယ်တော့ ဇာတ်ကားတွေ ထုတ်လုပ်မှာလဲ”

“လင်းသိမ့်ညိုဆီက ဇာတ်အလကားရပြီး ယက္ခနဲ့ထည်က မေတ္တာနဲ့ သရုပ်ဆောင်ကြလို့ မင်းမိုရ်က ဇာတ်ဝင်တေး အလကားဆိုပေမယ့် နေ့ကျရင်”

ဘင့်တယ်လင်းရဲ့ အဖြေကြောင့် အားလုံးရဲ့ မေတ္တာပို့သမှုကို ခံလိုက်ရရှာတယ်။ ညိုကတော့ ဝင့်ဝါထည်နဲ့အတူ အချိုပွဲစားဖို့ ပြင်ဆင်ပေးရင်းက မင်းမိုရ်ကို သတိရမိပြန်တယ်။ မင်းမိုရ်က အချိုတော်တော်များများ ရှောင်တတ်တဲ့သူလေ။ သူသာရှိလို့ကတော့ ညိုတို့ရဲ့ မုန့်တွေကိုကြည့်ပြီး ကဲ့ရဲ့ဦးမှာ။ ခုတော့... ယက္ခကော ထည်ကောက ရုပ်ပြနေရတဲ့သူတွေ ဖြစ်လာပြီမို့ အချိုကို တတ်နိုင်သလောက် လျှော့လာကြပါပြီ။

“ညို”

“ဘာလဲ”

“နင့်ဇာတ်တွေထဲက ငါ booking လုပ်ထားချင်တာလေးတွေရှိလို့”

ယက္ခ စကားကြောင့် ညို အံ့သြသွားရတယ်။ ညို့ဝတ္ထုတွေ ရုပ်ရှင်၊





ဗီဒီယိုရိုက်ဖို့ ရောင်းရတာမှန်သော်လည်း ယက္ခနဲ့ ကြုံတာဆိုလို့ တစ်ကားပဲရှိသေးတယ်၊ အဲဒီကြုံတဲ့ ဇာတ်ရုပ်ကလည်း ယက္ခနဲ့မလိုက်တာ ဖန်တီးသူညိုပဲ သိတယ်လေ။

“ဘာလဲ... နင်က စရံပေးထားချင်လို့လား”

“ဘယ်ကလာ... တင့်တယ်လိုပဲ အလကားယူထားမှာ ကုမ္ပဏီကပေးမှယူပေါ့”

“ဖြစ်ရတယ်”

ကာရက်ရှင်က မဟုတ်ဘဲ ဝင့်ဝါထည်က မျက်စောင်းထိုးရင်း ဝင်ပြောတာမို့ ယက္ခက–

“ဘာလဲ နင့်အတွက် မကျန်မှာစိုးလို့လား၊ ကျန်ပါတယ် စိတ်ချ၊ ညို... ဟို နင်ရေးထားတဲ့ အရူးမဇာတ်ဟာကော အဲဒါ ထည့်ကိုပေးလိုက်”

ယက္ခက ရွဲ့တာပါ။ ဒါပေမယ့် ဝင့်ဝါထည်ကလည်း မခံပါဘူး။

“ရပါတယ် ကိစ္စမရှိပါဘူး၊ ငါက character အစုံနိုင်တာပဲ၊ ပြီးမှ ဒီဇာတ်နဲ့ ငါကော ညိုကော အကယ်ဒမီတွေရရင် နင့်ကို ကျေးဇူးတင်လွှာ ပို့လိုက်ပါ့မယ်”

“အလကား ဘဝင်”

တင့်တယ်က ယက္ခဘက်ကနေ ဝင်ပြောတယ်။ ယက္ခက ဆက်ငြင်းမနေတော့ဘဲ ညို့ကို အတည်အတံ့ပြောမယ့် ပုံလေးနဲ့ လှည့်လာတယ်။

“ညို ငါ စကားအကောင်းပြောမှာ”

“ပြော”

“ဟိုဟာလေ ခေါင်းစည်မေ့နေပြီ၊ မျက်နှာဖုံးပန်းချီဆွဲတဲ့ ပညာရှင်ဟာကော”


www.burmeseclassic.com

ညိုက သူ့ဝတ္ထုခေါင်းစဉ်ကို မေ့နေပြီဆိုလို့ မျက်နှာလေး မဲ့ပြတယ်။ ဒါကို ဝင့်ဝါထည်က ဝင်ပြောတယ်။

"ငါသိတယ် 'ညနေခင်းပုံပြင်' "

"အေး... အဲဒါရယ်၊ နောက်တစ်ခုက 'နှင်းဆီလမ်း'ဆိုလား အဲဒါ အဲဒီနှစ်ခု"

"နင်က ဘာလုပ်မှာလဲ"

"ငါရိုက်မှာ"

"မင်းသားလား ဒါရိုက်တာလုပ်မလို့လား"

ယက္ခ မျက်နှာမဲ့သွားတယ်။

"ငါ မတတ်တဲ့အလုပ် ငါ မလုပ်ပါဘူးညိုရာ စိတ်ကူးမယဉ်ပါနဲ့"

ဖြစ်ရတယ်။ သူကပဲ ညို့ကို စိတ်ကူးမယဉ်ပါနဲ့တဲ့။

"နင်လိုချင်ရင် ယူပေါ့ 'နှင်းဆီလမ်း'ကတော့ တစ်ယောက်က တောင်းဝယ်တယ်၊ ငါ သိပ်သဘောမကျတာနဲ့ မပေးလိုက်တာ"

"အဲဒီတည်းက ရောင်းလိုက်ရင် ခုလိုမျိုး နင် အလကားပေးရမှာ မဟုတ်ဘူး"

ဝင့်ဝါထည်က ရုပ်တည်လေးနဲ့ ကရဏာသက်စွာ ဝင်ပြောတယ်။

"ဒါကတော့ ကံပေါ့ဟယ်"

ညိုက ပြီးရာပြီးကြောင်း လျှောချလိုက်တာပါ။ ဒါပေမယ့် ယက္ခက မပြီးဘူး။

"အင်းလေ... အရင်ဘဝက နင် ငါ့ဆီက ဘာတွေယူထားခဲ့မှန်းမှ မသိတာ၊ ခု နင် ဆပ်နေရတာလေ"

"ဟင်... ဖြစ်ရတယ်၊ ကြည့်သေးတာပေါ့၊ နင့်ကိုပဲ ကြွေးဟောင်း





ဆပ်နေတာလား၊ ငါကပဲ ကြွေးသစ်ချနေတာလား ကြည့်ရသေးတာပေါ့"

ညို စိတ်ပေါက်ပေါက်နဲ့ ပြောလိုက်တော့ ယက္ခက ရယ်တယ်။ ပြီး ပြောသေးတယ်။

"ဒါဆို သံသရာလည်နေဦးမှာပေါ့နော်၊ တတ်နိုင်ပါဘူး ဘဝဆက်ဆက် ဒီမျက်နှာတွေပဲ တွေ့နေရဦးတော့မှာပဲ"တဲ့။

"ကဲကဲ နင်တို့အကြွေးကိစ္စတွေ ခဏထား ဘယ်သွားကြရင်ကောင်းမလဲ စဉ်းစားရအောင်"

တင့်တယ်လင်းက လောဆော်တယ်။

ညိုက ဘာပြန်ပြောရမှန်းမသိ ဖြစ်နေတုန်းက ဝင့်ဝါက–

"ဟဲ့... မင်းမိုရ် မလာသေးဘူးလေ"လို့ ဝင်ပြောတယ်။

အဲဒီအချိန်မှာပဲ ခြံစောင့်ဦးလေးကြီး ဝင်လာတယ်။ ဦးလေးကြီး လက်ထဲမှာ စာတစ်စောင်။

"ဘာလဲ ဦးလေး"

တင့်တယ်လင်းကို ကမ်းပေးတာကြောင့် တင့်တယ်က မေးလိုက်တာပါ။

"စာလာပေးသွားတယ်"

"ကျွန်တော့်ကိုလား"

"ထင်တာပဲ"

ကြည့်ရတာ စာအိတ်က မနက်က ယက္ခ ကိုင်ဆင်းလာတဲ့ စာအိတ်နဲ့ ခပ်ဆင်ဆင်။ လေယာဉ်စာအိတ်အရှည်မျိုး။ တင့်တယ်က စာကိုယူဖောက်တယ်။

"ဟာ..."


www.burmeseclassic.com

"ဘာတဲ့လဲ"

တင့်တယ်ရဲ့ အာမေဍိတ်ကြောင့် အားလုံး စိတ်ဝင်စားကုန်ကြတယ်။ တင့်တယ် ပြလိုက်တဲ့ စာရွက်ကို ခေါင်းသုံးခေါင်းဆိုင်ပြီး ဖတ်လိုက်မိတော့–

**'plan ချနိုင်ကြ။ ငါ့ကို ထည့်မတွက်နဲ့ ငါ နောက်ကျမယ်...**

**မင်းမိုရ်လွင်'**

အားလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြတယ်။ လက်ရေးက မင်းမိုရ် လက်ရေး မဟုတ်သလို မနက်က လက်ရေးနဲ့လည်း မတူပြန်တာမို့ စဉ်းစားစရာတွေ ဖြစ်ကုန်ကြရတယ်။ စာအိတ်ကတော့ ဆင်တူပဲ။ ဘယ်သူလာပေးတာလဲလို့ စစ်ဆေးမေးမြန်းတဲ့အခါကျတော့ ဦးလေးကြီးက စာပို့သမားလိုလို ဘာလိုလိုနဲ့ဖြေတယ်။ ဒါပေမယ့် စာအိတ်ပေါ်မှာက တံဆိပ်ခေါင်းမပါဘူး။ စာပို့လိပ်စာ မပါဘူး။ နာမည်မပါဘူး။ ပြောင်ပဲ။ ဒီဖက်မှာက စာဝေနေကျလည်းမဟုတ်။ အားလုံးက စဉ်းစားရခက်တာမို့ တိတ်ဆိတ်ငြိမ်သက်နေမိကြတယ်။ ဘာဆက်လုပ်ရင် ကောင်းမလဲလို့စဉ်းစားနေမိရင်းက ဘာမှဆက်မလုပ်ချင်သလိုလည်း ခံစားရတယ်။ ဟုတ်တယ်လေ။ ငါးထောင့်ကြယ်ကလေး တစ်ထောင့်မရှိမှတော့ ဘယ်လို မတ်မတ်ရပ်ချင်ပါတော့မလဲ။

တိတ်ဆိတ်မှုတွေကို စတင်ဖြိုခွင်းလိုက်တာက ယက္ခပါ။

"ငါ တွေးမိတာရှိတယ်"

"ဘာလဲ"

တင့်တယ်ကမှ ဘာလဲလို့ ဝင်မေးဖော်ရသေးတယ်။ ကျန်နှစ်ယောက်က ငူငူငေါင်တောင်တောင်နဲ့။

"ဒီကောင် ငါတို့ကို ကစားနေတာထင်တယ်"





"ဘာကစားတာလဲ"

ဝင့်ဝါက ခုမှ မျက်မှောင်ကြုတ်ပြီး ဝင်မေးတယ်။

"ရော်... ငါတို့ကို ဒီလို တစ်ဆင့်ပြီးတစ်ဆင့် လုပ်သွားမယ်၊ သူက ပုန်းနေမယ်၊ ငါတို့က ပျာယာတွေခတ်နေရင် သူက ရယ်မှာပေါ့"

ယက္ခစကားကြောင့် သူတို့ နည်းနည်း လှုပ်လှုပ်ရှားရှားတွေဖြစ်သွားကြတယ်။

"အင်း... ဖြစ်နိုင်တယ်"

အဲလို ထောက်ခံတာက တင့်တယ်။

ဝင့်ဝါကတော့ စဉ်းစားနေတုန်းပဲ။ လင်းသိမ့်ညိုက တစ်ခုဝင်ပြောတယ်။

"သူက ငယ်ငယ်တုန်းကလည်း ငါတို့ကို ဒီလိုပဲ April fool လုပ်လိုက်၊ အကြောင်းရိုက်လိုက်နဲ့ လုပ်ဖူးတာပဲ ဖြစ်တော့ဖြစ်နိုင်ပါတယ်"

"အင်းနော်"

ဝင့်ဝါထည်က ခုမှ ထောက်ခံတယ်။

"ဒီတော့..."

"ဒီတော့ ဘာဖြစ်လဲ တင့်တယ်"

"ငါတို့ စကြရအောင်"

သူတို့အားလုံး ပြန်သက်ဝင်လှုပ်ရှားသွားကြတယ်။ ယက္ခကပဲ ဦးဆောင်လို့ စကားစတယ်။

"ငါက ကျောက်မြောင်းထဲမှာ ဝက်သားတုတ်ထိုး သွားစားချင်တယ်"

"အာ... လူများတယ်ကွ၊ ခြောက်မိုင်ခွဲမှာ စားပါလား"

"စိမ်းလန်းစိုပြေမှာလည်း ရတယ်"

www.burmeseclassic.com

ပြီးပါထည်နဲ့ တင့်တယ်က ခြောက်မိုင်ခွဲမှာ ပိစိတ်ဝင်စားပုံရတယ်။ ညို့ အဆိုတင်သွင်းတဲ့ စိမ်းလန်းကိုတော့ သူတို့ စာရင်းမသွင်းကြဘူး။

"တမင်တကာ ခါတိုင်းသွားနေမကျတဲ့နေရာ သွားမှာလေ ထည်"

ယက္ခက ထည့်ကို တည့်တည့်ကြည့်ပြောတယ်။ ဒါတော့ ဟုတ်တာပဲ။ နောက်ဆုံးကျတော့ ဝတ်သားတုတ်ထိုးစားတဲ့ ကိစ္စကို ကျောက်မြောင်းထဲသွားဖို့ သဘောတူလိုက်ကြတယ်။

"ကဲ... ပြီးရင် ဘာလုပ်မှာလဲ"

"မြစ်ကမ်းနားသွားထိုင်မယ်၊ ဗိုလ်တထောင်ဖက်လေ၊ လူရှင်းတယ်၊ လေသန့်တယ်"

ဒါက လင်းသိမ့်ညိုရဲ့ အဆိုတင်သွင်းမှုပါ၊ အားလုံးက စိတ်ဝင်စားကြပေမဲ့ ညို့ကို တစ်မျိုးကြည့်ကြတယ်။ တင့်တယ်ကတော့ ပွင့်လင်းသူပီပီ မေးတယ်။

"နင် သွားနေကျလား နင့်အချစ်နဲ့"

"Y...E...S"

ညို့ ခပ်တည်တည်ပဲ သံမှန်လေးနဲ့ ဘာမှမဖြစ်လို ဖြေပေးလိုက်တယ်။

ဝင့်ဝါထည်ကတော့ ပုခုံးလေးတွန့်ပြီး ပြောတယ်။

"ဟီဟိ... အားကျစရာ"တဲ့။

ဒါကြောင့် တင့်တယ်က မချိုမချဉ်နဲ့ လှမ်းပြောတယ်။

"ဒါဆို ထည်... နင်နဲ့ငါနဲ့ သွားကြမယ်လေ"

"အောင်မာ နင်နဲ့ ဘာလို့သွားရမှာလဲ၊ ငါ့ရည်းစားနဲ့ငါ သွားမှာပေါ့"

"ဟင်... နင့်မှာဖြင့် ရည်းစားမရှိဘဲနဲ့"





"ဘာလို့မရှိရမှာလဲ ရှိတယ်"

"နင့်ဘက်က သေချာနေတာလား"

"နှစ်ဘက်လုံးက"

"ခု ခေါ်ပြီး မိတ်ဆက်ပေးပါလား"

တင့်တယ်လင်းက တမင် ဖိနှင်းပြောတာပါ။ ဝင့်ဝါကတော့ အပြုံးမပျက်ပါဘူး။ ခပ်အေးအေးပဲ။

"နင် မေ့နေပြီလား၊ pentagon ရဲ့ စည်းကမ်းက အပြင်လူမပါဘူးလေ၊ တခြားအချိန် ခေါ်လို့ရတယ်၊ ဒီအချိန် မခေါ်ရဘူး၊ ဒါကြောင့် ညိုတောင် ဒီတိုင်းနေတာ ကြည့်ပါလား"

ဟုတ်နေတာမို့ တင့်တယ် မချင့်မရဲဖြစ်သွားရပေမယ့် ဘာမှမတတ်နိုင်ဘူး။ လက်ကလည်း မလျှော့ချင်တာမို့ ညို့နားက ဖုန်းကို လှမ်းဆွဲလိုက်တယ်။

"ရော့ ထည်"

"ဘာလဲ"

"ဖုန်းလေးဘာလေး ဆက်လိုက်လေ"

ထည်က တဟားဟား ထရယ်တယ်။ ပြီးမှ မျက်နှာသေလေးနဲ့ တင့်တယ်ကိုပြောတယ်။

"စိတ်မကောင်းပါဘူး တင့်တယ်၊ သူ မနေ့ကပဲ စင်ကာပူကို ထွက်သွားတယ်၊ သူ့စက်ရုံက အပိုပစ္စည်းတချို့ သွားဝယ်တာ"

စင်ကာပူကို ထွက်သွားတယ်ဆိုတဲ့အထိ လုပ်ဇာတ်ဆန်တုန်းပဲ။ စက်ရုံက အပိုပစ္စည်းတွေ သွားဝယ်တာ ဆိုတာကတော့ စဉ်းစားစရာ။ ဒါပေမယ့် ခုစကားပြောနေတာက သာမန်မိန်းကလေးမဟုတ်ဘူး။ လင်းသိမ့်

www.burmeseclassic.com

ညိုကိုနဲ့ အတူကြီးပြင်းခဲ့တဲ့ ခုလက်ရှိ နာမည့်ကျော် မော်ဒယ်လ်သရုပ်ဆောင်မလေး ဝင့်ဝါထည် ဖြစ်နေတယ်။ ယုံရခက်ကြီး ဖြစ်နေတာမို့ ညိုတောင်မှ ထည့်ကို စူးစမ်းသလို ကြည့်မိသွားရတယ်။

ထည့်ကတော့ ပုံမပျက်ပါဘူး။ လင်းသိမ့်ညို ပညာနဲ့ ဘယ်လိုမှ မှန်းလို့မရတာ သေချာတယ်။ ထည့်နဲ့ လောကချင်းနီးတဲ့ ယက္ခကိုကြည့်မိတော့ ယက္ခကလည်း မျက်မှောင်ကြုတ်လို့။ သူ့ကြည့်ရတာ ထည့်သတင်းဘာများကြားထားမိပြီး ဘယ်သူနဲ့တွဲတာ တွေ့ဖူးလဲလို့ စဉ်းစားနေပုံပဲ။

"ကဲပါ... လမ်းက လွှဲကုန်ပြီ၊ ဆက်ပြော ဘာဆက်လုပ်မှာလဲ ညကျရင်..."

"club သွားမယ်"

"ဟင့်အင်း ရုပ်ရှင်ကြည့်မယ် ၉း၃၀ ပွဲ"

"အာ... ကားလျှောက်မောင်းမယ်လေ"

တင့်တယ်က club တဲ့။ ညိုက ရုပ်ရှင်ပွဲ ကြည့်ချင်တယ်။ ယက္ခကတော့ ကားလျှောက်မောင်းရင်း စကားတပြောပြောနဲ့ နေရတာကို သဘောကျတဲ့သူ။ အမှန်က ကောင်မလေးတစ်ယောက်နဲ့သာ သူ ကြိုက်သွားလို့ကတော့ အဲဒီကောင်မလေး ကားပေါ်ကဆင်းရမှာ မဟုတ်ဘူး။ ဒါကြောင့် သူ ခုထိ ဒီတိုင်းကြီး ရှိနေသေးတာလေ။

"ကဲပါ ညိုပြောမယ်"

"ပြော"

"ညတိုင်း ဒီ pentagon ကိုပြန်ဖို့က ကားမောင်းရမှာ အကြာကြီးပါပဲ၊ အပြန်တိုင်း ယက္ခက မောင်းပေါ့၊ club ကို တစ်ညသွား၊ ရုပ်ရှင်တစ်ညကြည့်မယ်၊ ဟုတ်ပြီလား"





"အင်း"

"ဟုတ်ပါပြီ"

ဒီလိုကျတော့လည်း အဆင်ပြေလို့။

ခဏနေကျတော့ သူတို့ ရေဆင်းကူးကြတယ်။ ပြီးတာနဲ့ အဝတ်အစားလဲ၊ ကော်ဖီသောက်ရင်း ညနေအတွက် ပြင်ဆင်ကြတယ်။

"ယက္ခ"

"ဘာလဲ"

"ဘာ... အင်္ကျီတွေပါလဲဟင်"

"ကျွတ်... ခက်လိုက်တာ ထည့်၊ ငါ မဝတ်ရဘဲ နင့်ပေးရဦးမှာလား"

"မပေးရပါဘူး ငှားတာပေါ့ နော်... ညို"

"အင်းပါ... ငါလည်း ကောင်းဘီတွေ၊ စကပ်တွေပေးရမှာပါ ယက္ခရဲ့"

"ငါ့ တီရှပ်တွေက ကြီးတယ်"

"ခါတိုင်းလည်း ဝတ်နေကျဟာကို"

ဘာပဲ ဘယ်လောက်ငြင်းခုံနေခုံနေ ညနေကျတော့ ထည့်က ညို့ဂျင်းဘောင်းဘီရယ်၊ ယက္ခဆီက တီရှပ်အဝါရယ်၊ တင့်တယ်ရဲ့ ရှပ်အင်္ကျီအဝါနဲ့ အစိမ်းဆင်းရယ်ကိုဝတ်ပြီး ထွက်လာတာပါပဲ။ မျက်နှာကို ဘာမှ လိမ်းချယ်မထားပေမဲ့ ဒါဟာ ဝင့်ဝါထည်ဆိုတာတော့ သိနေနိုင်သေးတာမို့ နက်ပြာရင့်ရောင်သန်းနေတဲ့ နေကာမျက်မှန်တစ်လက်ကို တပ်ခိုင်းလိုက်ရတယ်။ ယက္ခကတော့ အထူးပြောစရာ မလိုပါဘူး။ သူက ဒီကာလအတွက် ရွေးချယ်ထားပြီးသားလေ။ လင်းသိမ့်ညိုနဲ့ တင့်တယ်ကတော့ သိပ်ကြီးကျယ်သိအများကြီး မဟုတ်တာမို့ ကိစ္စမရှိဘူးလို့ တွေးထားကြတယ်။


www.burmeseclassic.com

ခါကိုင်းဆိုရင် ငါးယောက်မို့ သိပ်ကိစ္စမရှိဘူး။ ခုဆို မင်းမိုရ်လွင် ပပါတော့ သူတို့လေးယောက်က အတွဲနှစ်တွဲပုံ ပေါက်နေတယ်။ ဒါကို လင်းသိမ့်ညိုက သတိထားမိသလိုဖြစ်ပြီးမှ ရည်းစားရမှ သဲနေတယ်လို့ အပြောခံရမှာစိုးလို့ ဘာမှမပြောတော့ဘူး။

ကားကို ဝင့်ဝါက မောင်းတယ်။ ညိုက ဘေးကထိုင်လိုက်ချင်ပေမယ့် ဝင့်ဝါကို ထိန်းပေးနိုင်တာက တင့်တယ်နဲ့ ယက္ခမို့ ယက္ခကိုပဲ ရှေ့ပို့လိုက်တယ်။ နောက်ခန်းမှာ ညိုနဲ့ တင့်တယ်။

"ကားမမောင်းဖြစ်တာတောင် ကြာပြီသိလား"

ဝင့်ဝါက ဂီယာတစ်ချက်ပြောင်းထိုးရင်း ပြောတယ်။

"ဘာလို့လဲ နင့်မှာ ဒရိုင်ဘာရှိလို့လား"

"ဟင့်အင်း... ငါ့ဦးလေး လိုက်မောင်းပေးတာ၊ ငါ့ကားတိုက်ထားလို့လေ၊ သိပ်မများပါဘူး ကားချင်းတိုက်တာ ခေါင်းနှစ်လုံးကြေသွားရုံလောက်ပဲ"

"မြတ်စွာဘုရား..."

ညိုက ရင်ဘတ်လေးဖိပြီး ဘုရားတနေရင်းက ဒီမိန်းမဟာ မင်းသမီးဆိုတာ ပြန်ပြီး recall လုပ်ယူရသေးတယ်။ ဘာပဲဖြစ်ဖြစ် ခုချိန်မှာတော့ ကားမောင်းညင်သာကျွမ်းကျင်တဲ့ မင်းမိုရ်ကို သတိရမိတာ အမှန်ပါပဲ။

*





(၅)

ကျောက်မြောင်းထဲက ဝက်သားတုတ်ထိုးဆိုင်ကိုရောက်တော့ ဆိုင်ကလေးမှာ လူသုံးယောက်လောက်ပဲရှိတယ်။ ညိုနဲ့ တင့်တယ်က အရင်ဝင်ထိုင်လိုက်တယ်။ ကျန်တဲ့သုံးယောက်ထဲက နှစ်ယောက် ထသွားမှ ထည်နဲ့ ယက္ခက ထိုင်တယ်။

"နှလုံး"

"သရက်ရွက်"

"အူမ"

"လျှာ"

တစ်ယောက်တစ်ပေါက်နဲ့ ဆူညံနေကြတယ်။

"အဲဒီလျှာရင်းက အကြိတ်စေ့ စားချင်တယ်"

www.burmeseclassic.com

ညိုက အကြိတ်စေ့ကြိုက်တယ်။ ဒါကို ယက္ခကလည်း ကြိုက်တယ်။

"ငါလည်းစားမယ်"

"အစ်မ အကြိတ်စေ့က တစ်ခုပဲရှိတော့တယ်"

"တစ်ယောက်တစ်ဝက်"

ယက္ခက ရှုံယာခွဲတယ်။

"ဟာ... တခြားဟာစားပါလား မခွဲပေးဘူး"

ရောင်းတဲ့ ကောင်လေးက ဘာလုပ်ရမှန်းမသိ ဖြစ်နေတုန်း ညို့မျက်စိထဲ အရိပ်တစ်ခု ဝင်လာတယ်။ ခပ်လှမ်းလှမ်းက ငါးဖယ်လုံးကြော်ဆိုင်မှာ ဆိုင်ကိုကျောပေးထိုင်နေတဲ့ ကောင်မလေးတစ်ယောက်။ မနက်က မင်းမိုရ်တို့ အိမ်ရှေ့မှာ တွေ့ခဲ့တဲ့ ကောင်မလေး။ ထုံးစံအတိုင်း ညိုတို့အုပ်စုကို မမိုတ်မသုန်ကြည့်လို့။

ဒါကို အခွင့်အရေးအဖြစ် အသုံးချလိုက်တာက ယက္ခ။ ကောင်လေးကို ဘယ်လိုမျက်ရိပ်ပြလိုက်တယ်မသိဘူး။ အကြိတ်စေ့တစ်ဝက်က ညို့လက်ထဲ ရောက်လာတယ်။

"ရော့... ညို"

ညို ဆောင့်ဆောင့်အောင့်အောင့် ယူလိုက်ရင်း ယက္ခကို ပြောလိုက်တယ်။

"ယက္ခစုတ်... ဟိုမှာကြည့်စမ်း"

"ဘာလဲ"

"မနက်က မင်းမိုရ်တို့ အိမ်ရှေ့မှာတွေ့တဲ့ ကောင်မလေး"

"ဟင်... ဟုတ်ပါရဲ့"

ဘယ်လိုမှ လူမမှားနိုင်တာ သေချာတာပေါ့။ သူတို့သာ သေချာ





ပြင်ဆင် ထွက်လာတာ။ ကောင်မလေးက မနက်ကအတိုင်းပဲ။ အဝတ်အစား ကအစ ကပိုကရို ဆံပင်အဆုံး။

သူတို့စကားသံကြောင့် ဝင့်ဝါထည်နဲ့ တင့်တယ်လည်း ခေါင်းလှည့်လာကြတယ်။ သူတို့က မနက်က သေချာသတိမထားမိလိုက်ကြဘူးလေ။

"နင်တို့က ဘယ်လိုထင်လို့လဲ"

ဝင့်ဝါက တုတ်ထိုးစားမပျက်ပဲ မေးတယ်။ အားလုံးရဲ့အကြည့်တွေက အဲဒီကောင်မလေးဆီမှာ မရှိကြတော့ပါဘူး။ ဒါပေမယ့် အဲဒီကောင်မလေး ဆက်ကြည့်နေသေးတာကိုတော့ သိနေကြတယ်။

"တိုက်ဆိုင်လိုက်တာများကွာ ပေါ့"

ယက္ခက ခပ်ပေါ့ပေါ့ပဲဖြေတယ်။ တကယ်တော့ ညိုလည်း ဘာမှန်းမသိ ဖြစ်သွားရတာကလွဲရင် တိုက်ဆိုင်လိုက်တာများကွာလို့ပဲ ပြောရလောက်အောင်တောင် မဖြစ်သေးတာ သတိထားမိပါတယ်။

ဒီလောက်ကြိုက်တဲ့ ဝက်သားတုတ်ထိုးကိုတောင် အာရုံပျက်ပြီး ဆက်မစားချင် ဖြစ်သွားရတာကတော့ အမှန်ပဲ။ ဘာမှမဟုတ်ဘဲနဲ့ဆိုပြီး ညိုက ဆက်တွေးနေမိပြန်တယ်။ သူက ဒီနေရာကို ကြိုရောက်နေတာလား၊ နောက်မှရောက်တာလား ဆိုတာလေ။

"ဟဲ့... မစားတော့ဘူးလား"

"တော်ပြီ"

"ဘာလဲ ဝိတ်မတက်အောင်လား"

"မဟုတ်ပါဘူးဟာ"

တကယ်တော့ ကိုယ့်ဝမ်းနာ ကိုယ်သာသိလေ။ ခက်တာက ကိုယ့်ဝမ်းနာလေးကို ထပ်ကြည့်လိုက်တော့ မရွှေချောလေးက မရှိတော့ပြန်ဘူး။


www.burmeseclassic.com

ပြန်လိုက်တာ။ မြေလျှိုးမိုးပျံသွားတာ မဟုတ်လောက်ပေမဲ့ ဒီလိုကြီး ပျောက်ပျောက်သွားတာကတော့ မမိုက်ပါဘူး။ ကျန်လူတွေကိုတော့ အစားပျက်မှာစိုးလို့ ဘာမှမပြောတော့ပါဘူး။

သူတို့ တုတ်ထိုးစားပြီး ထွက်လာတော့ ကမ်းနားထိုင်ဖို့ စောသေးတာကြောင့် အင်းဝစာအုပ်တိုက်ကို ထွက်ခဲ့လိုက်တယ်။ စာအုပ်တွေဝယ်ဖို့၊ ကြည့်ဖို့ပေါ့။ ဒီအုပ်စုဝင်အားလုံးက စာတော့ အနည်းနဲ့အများ ဖတ်ကြတယ်။ စိတ်လည်းဝင်စားကြတယ်။ ကျန်တဲ့အချိန်ဆို ကိုယ့်အလုပ်နဲ့ကိုယ် ပြာယာခတ်နေတတ်တာမို့ စာပေနဲ့ အသက်မွေးတဲ့ လင်းသိမ့်ညိုကလွဲရင် ပုံမှန်စာအုပ်ဆိုင် ရောက်ဖြစ်တယ်ဆိုတဲ့လူက ရှားပါတယ်။

သူတို့တတွေ နေရောင်မရှိတော့တဲ့ထိ စာအုပ်တွေကြည့်ကြ၊ ရှာကြ၊ ဝယ်ကြတယ်။ နေကျသွားတော့မှ ထွက်ခဲ့ကြတာ။ စာအုပ်တွေ တပွေ့တပိုက်နဲ့ပေါ့။

“ပျော်စရာကြီး”

ဝင့်ဝါထည်က စာအုပ်တွေကိုကြည့်ပြီးပြောတယ်။ ပြီး အကောင်းပြောနေရာကနေ ချက်ချင်းပဲ။

“ညို… ငါ စာရေးရင်ကောင်းမလား”လို့ မေးလာတယ်။

“ဘာလို့လဲ နင် စာရေးချင်လို့လား”

“အဲလိုတော့ မဟုတ်ပါဘူး ခုဆို မင်းသားမင်းသမီးတွေက စာရေး၊ ကဗျာရေး၊ ပန်းချီဆွဲ တစ်ခုခုလုပ်နေတတ်ကြတယ်လေ၊ ငါများ ပိုနာမည်ကြီးမလားလို့”

ဒီလောက်တော့ လင်းသိမ့်ညို မတုံးပါဘူး။ ဒါ ဝင့်ဝါထည် အတည်ပေါက်ရွှဲ့နေတာဆိုတာ သိတာပေါ့။ ယက္ခကလည်း ဓာတ်သိချင်းမို့ အား





ပေးရာတယ်။

“ဈေးကွက်စီးပွားရေးအရ အောင်မြင်မယ်ထင်ရင် လုပ်ပေါ့ဟာ”တဲ့။

သူတို့ကားလေး ကမ်းနားဘက် ထွက်လာခဲ့တယ်။ ဗိုလ်အောင်ကျော်လမ်းကနေ ကမ်းနားဘက်ကွေ့တဲ့ အချိုးမှာ ကားတွေပိတ်နေတာ အကြာကြီးပဲ။ ရုံးဆင်းချိန် ကျော်သွားပေမဲ့ လူတွေက ကြပ်နေတုန်း။

“ဟောတော့…”

လင်းသိမ့်ညိုရဲ့ အာမေဋိတ်ကြောင့် အားလုံးက အလန့်တကြားဖြစ်သွားရတယ်။

“ဘာလဲ ဘာဖြစ်တာလဲ”

“ဘာမှမဖြစ်ပါဘူး၊ ငါ့ ipod လေး ကျန်ခဲ့လို့”

“ဒါများ”

သူ့ကို ဝိုင်းမျက်စောင်းခဲကြတယ်။

တကယ်တော့ သူ့ ipod က သူ့အိတ်ထဲမှာ ရှိနေတာပဲ။ လင်းသိမ့်ညိုလို စေ့စပ်သေချာတဲ့ မိန်းမက ဘာမှမေ့ကျန်စရာ အကြောင်းမရှိတာသူတို့ မတွေးမိတာပဲ ကျေးဇူးတင်ရဦးမယ်။ အမှန်က ညို စီးမျှောနေတဲ့လူတွေကြားထဲမှာ စောစောကလေးတင် ကျောက်မြောင်းထဲမှာ တွေ့ခဲ့တဲ့မင်းမိုရ်တို့ တိုက်ရှေ့က ကောင်မလေးကို ရိပ်ကနဲ မြင်လိုက်မိတာ။ ဒါပေမယ့်သူတို့မေးတဲ့ အချိန်မှာတော့ ကောင်မလေးက လူကြားထဲ ပျောက်သွားပြန်တာမို့ညို စကားလွှဲလိုက်တာဖြစ်တယ်။

ဗိုလ်တထောင်ကမ်းနား ရဲ့ ညနေခင်းက အတော်လေး ကို စိတ်လက်ကြည်နူးစရာကောင်းတယ်။

“အင်းလျားလို လူရှုပ်တဲ့နေရာထက်စာရင် ဒီက ပိုကောင်းတာပေါ့”


www.burmeseclassic.com

ပူပူလူလူတွေကို အန္တရာယ်တစ်ခုလို ရှောင်ရှားတတ်တဲ့ ယက္ခက ဒီလို မှတ်ချက်ချတော့ ဝင့်ဝါက ထောက်ခံခေါင်းညိတ်တယ်။ လူတွေကို ကိုယ့်အတွက် ဖတ်စာအုပ်တွေလို လေ့လာတတ်တဲ့ ညို့အတွက်ကတော့ အကုန်အဆင်ပြေပါတယ်။ ဒီလိုနေရာကလည်း အေးငြိမ်းသက်သာမှုကို ရစေသလို လူတွေဟာလည်း ညို့ကို စရိုက်တွေအများကြီး ပေးနိုင်တာပဲ။

ယက္ခက မြစ်ပြင်ကျယ်ကို ငေးကြည့်ပြီး ထိုင်နေတုန်း ညိုနဲ့ တင့်တယ်က လမ်းလျှောက်ထွက်ခဲ့ကြတယ်။ ဝင့်ဝါက ကားစက်ဖုံးပေါ်မှာ တက်ထိုင်နေတယ်။

"ညို"

"ဘာလဲ"

"မင်းမိုရ် ငါတို့ကို တကယ်ပဲ နောက်နေတာလား နင် အဲလိုယုံလား"

တင့်တယ် စကားကြောင့် လင်းသိမ့်ညို မျက်မှောင်ကြုတ်ပြီး ကြည့်ပစ်လိုက်တယ်။

"ဖြစ်နိုင်တယ်လို့ ယက္ခကို ထောက်ခံခဲ့တာက နင်လေ၊ ဒါကို အတည်ပြုပေးခဲ့တာက ထည်၊ ငါက ဘယ်နားက ပါခဲ့လို့လဲ"

"ဒါကြောင့် နင့်ကိုမေးတာ"

"မသိပါဘူးဟာ ရင်ထဲမှာ ရှင်းကိုမရှင်းတာ"

တင့်တယ်ကလည်း နဖူးကြောကြီးတွေ ရှုံ့နေအောင်ကို စဉ်းစားနေတဲ့ပုံနဲ့။

"ခုနက တုတ်ထိုးဆိုင်မှာတွေ့တဲ့ ကောင်မလေးကကော ဘာလဲ"

သူချည်း မေးခွန်းတွေထုတ်နေတဲ့ တင့်တယ်ကို အမြင်ကပ်ကပ်ရှိလာတာနဲ့ ညို ဘုတောလိုက်တယ်။





"တိုက်ဆိုင်လိုက်တာများကွာပေါ့"

ဒီတော့မှ တင့်တယ်က ရယ်တယ်။

"မဟုတ်ပါဘူးဟာ ငါ့စိတ်ထဲ ဘာတွေတွေးမိမှန်း မသိလို့ပါ"

"ဟင်... နင်ကမှ ဘာတွေတွေးမိမှန် မသိရ၊ ငါက တောင်တောင်အီအီတွေကို အတိအကျကြီး တွေးနေမိလို့ မရှင်းမရှင်း ဖြစ်နေတာလေ"

ဒီလိုကျတော့လည်း တင့်တယ်က သဘောပေါက်လွယ်တယ်။

"ငါလည်း မင်းမိုရ်အတွက် စိတ်ပူလာသလိုပဲ"

"ငါလည်း ပူတာပဲ"

"ဟိုနှစ်ကောင်လည်း ပူမှာပါ"

"ဒါပေမယ့် သူတို့က actor တွေလေ"

နှစ်ယောက်သား ရယ်မိကြတယ်။

ဟုတ်ပါရဲ့ ခုလည်း မြစ်ပြင်ကို နှစ်ယောက်သား သတိလက်လွတ် ငေးနေပုံက သူတို့အတွေးထဲမှာ သူတို့သူငယ်ချင်း မင်းမိုရ် မပါပါဘူးလို့ ဘယ်သူက အာမခံချက် ပေးနိုင်မှာတဲ့လဲ။ သေချာတာကတော့ အကြည့်တစ်ချက်အဝေ့မှာတင် သူတို့ဟာ သူတို့မျက်နှာပေါ်က အရိပ်အယောင်တွေကို ဖျောက်သိမ်းလိုက်နိုင်စွမ်း ရှိကြတယ်။ ဒါပေမယ့် သူတို့ တစ်ခုမေ့နေတာက လင်းသိမ့်ညိုနဲ့ တင့်တယ်လင်းဟာ သူတို့ အရိပ်အယောင်တွေထဲမှာ မျောပါသွားမဲ့ သူတို့ရဲ့ ပရိသတ်မဟုတ်ဘူးဆိုတာရယ်၊ အစစအရာရာ နားလည်လွန်းခဲ့ကြတဲ့ ငယ်ပေါင်းတွေ ဖြစ်နေတယ်ဆိုတာရယ်ပါပဲ။

အချိန်က မှောင်စပျိုးလာပြီ။

ရုပ်ရှင်ကြည့်ဖို့ဆိုတာရော၊ club သွားဖို့ဆိုတာကရော အရမ်းကို စောနေသေးတယ်။ ဒီကြားထဲက အချိန်အတွက် သူတို့ တစ်ခုခုစဉ်းစားမှ

www.burmeseclassic.com

ဖြစ်တော့မယ်။

"ဘာလုပ်ကြမလဲ"

"ငါလုပ်ချင်တာ တစ်ခုရှိတယ်"

ညို့စကားကြောင့် အားလုံးက 'ဘာလဲ'ဆိုတဲ့ အကြည့်နဲ့ ကြည့်တယ်။

"ငါ မင်းမိုရ်အခန်းကို သွားချင်တယ်"

တိတ်ဆိတ်သွားတဲ့ အသံဟာ ထောက်ခံမဲတွေပဲဆိုတာ ညို သိလိုက်တယ်။ တစ်ခုပဲ။ အိမ်သော့ပျောက်တတ်လွန်းလို့ အမေ့ဆီမှာ သော့ပို့ထားတဲ့ မင်းမိုရ် အမေလက်ထဲက သော့ကို ဘာအကြောင်းပြချက်နဲ့ တောင်းရမလဲဆိုတာပဲ။ မင်းမိုရ် ဒီကိုရောက်မလာခဲ့တာ သူ့အမေ မသိသေးဘူးလေ။

*





## (၆)

ညို့ဘဝမှာ အညံ့ဆုံး ထုတ်လုပ်လိုက်တဲ့ ဇာတ်ကွက်ကို ဝင်ကရသူက ယက္ခ။

"အံ့ပါရဲ့ ဇာတ်ကွက်က ညံ့လိုက်တာ"လို့ မြည်တွန်တောက်တီးရင်း ယက္ခတစ်ယောက် မင်းမိုရ်အမေဆီ တက်သွားတယ်။

"အန်တီ"

"ဟဲ့... ယက္ခပါလား၊ သားရော ဘာလာလုပ်တာလဲ"

"ဘယ်သူမှမပါဘူး အန်တီ၊ ခု ကျွန်တော်တို့ မင်းမိုရ်အခန်းမှာ ကျန်ခဲ့တဲ့ ဂစ်တာသွားယူမလို့ ထုံးစံအတိုင်း သော့ပျောက်နေပြန်တယ် အန်တီ၊ ဒါနဲ့ ကျွန်တော် သော့လာယူတာ"

"ဖြစ်ရတယ်၊ သူက ဘာလို့မလာတာလဲ"

www.burmeseclassic.com

"သူနဲ့ ညို စစ်တုရင်ထိုးနေတာ အနိုင်အရှုံး မပေါ်သေးလို့ အန်တီ"

ဒီလောက်လေးနဲ့ မင်းမိုရ်အမေဆီက အိမ်သော့ကို ရလာတယ်။ လူကြီးကို ညာတာတော့ မကောင်းဘူးပေါ့။ ဒါပေမယ့် အလုကားနေရင်း လူကြီးကို စိတ်မပူစေချင်တဲ့ စေတနာလည်း ပါတယ်လေ။

မင်းမိုရ်နေတဲ့ တိုက်ခန်းကို ဒီနေ့အဖို့ ဒုတိယအကြိမ် ရောက်တာပါ။ ခုခါမှာတော့ သူတက်ငါတက် တွက်ကပ်မနေတော့ဘဲ အားလုံးက တက်ကြွစွာ လိုက်တက်လာကြတယ်။ တစ်ယောက်နဲ့တစ်ယောက်သာ မပြောဖြစ်တာ ရင်တွေခုန်နေမှာကတော့ အသေအချာပဲ။

တံခါးကို ဖွင့်ပြီးပြီးချင်း ယက္ခက မီးတွေလိုက်ဖွင့်လိုက်တာမို့ အိမ်ထဲမှာ လင်းထိန်သွားတယ်။ မင်းမိုရ်ရဲ့ အခန်းက ထုံးစံအတိုင်း ရှုပ်ပွလို့။ သုံးလေးရက်တစ်ခါ လာရှင်းတတ်တဲ့ ဦးငှက်ခါးတစ်ယောက် လာမရှင်းရသေးဘူး ထင်ပါရဲ့။

အခန်းအဝင်ဝမှာ ထောင်ထားတဲ့ သေတ္တာတစ်လုံးကို တွေ့တာမို့ တင့်တယ်က လှဲချပြီး ဖွင့်လိုက်တယ်။ အဝတ်အစား၊ အသုံးအဆောင် အပြည့်ပဲ။ ခရီးထွက်ဖို့ ပြင်ဆင်ထားပုံမျိုး။ ဒါဆို သူ Pentagon ကို လာဖို့ ပြင်တော့ ပြင်ခဲ့တယ်ပေါ့။ ဒါဖြင့် ဘာလို့ ခု ရောက်မလာပဲ သူ့လက်ရေးမဟုတ်တဲ့ စာတွေပဲ ရောက်ရောက်လာရတာလဲ။

အတွေးရကြပ်လိုက်တာ။

အတွေးကြပ်ရင် ဖြစ်နေကျအတိုင်း လင်းသိမ့်ညိုတို့က အသက်ရှူပါ ကြပ်လာတာမို့ အိပ်ခန်းထဲ လိုက်မဝင်ဖြစ်တော့ဘူး။

"ညို လာဦး"

အဲဒီအချိန်မှာပဲ အခန်းထဲက ယက္ခအသံ ထွက်လာတယ်။





"ဘာလဲ ယက္ခ"

"လာဦး ညို"

ဝင့်ဝါထည်ကပါ ထပ်ခေါ်တာမို့ ညို မင်းမိုရ်ရဲ့ အိပ်ခန်းထဲ ဝင်လိုက်သွားရတယ်။

ဘုရား... ဘုရား။

ညို မူးလဲမသွားအောင် မနည်းသတိထားလိုက်ရတယ်။ ဘာလို့လဲဆိုတော့ မင်းမိုရ်ရဲ့ အိပ်ရာပေါ်မှာက ညိုတို့၊ ထည်တို့၊ ယက္ခတို့၊ တင့်တယ်တို့ပေးထားတဲ့ အထိမ်းအမှတ်ပစ္စည်း သေးသေးလေးတွေ၊ အရုပ်တွေ၊ ပန်းခြောက်တွေ ကြေမွှကွဲအက် ပျက်စီးပွစာတက်နေလို့ပါပဲ။

ညို အရမ်းတုန်လှုပ် ဝမ်းနည်းသွားမိတယ်။ ဒီပစ္စည်းလေးတွေဟာ ဒီငါးယောက်အတွက် bonds (နှောင်ကြိုး) တွေဆိုရင် မမှားဘူးလေ။ ခုတော့ ဒါတွေကို ရက်ရက်စက်စက် ဖျက်ဆီးထားတယ်။ ဒီရဲ့ကရားခံဟာ မင်းမိုရ်ပဲလား။ အို... မင်းမိုရ်မှာ ဒီလူတွေကို နာကျင်လောက်စရာ ဘာအကြောင်းပြချက်တစ်ခုမှ ရှိမနေဘဲနဲ့။ ဘာလို့ ဒီလိုဖြစ်ရတာလဲ။ မင်းမိုရ် လိုက်မလာပဲ ပျောက်ဆုံးတိမ်းရှောင်နေတာကရော ဒါနဲ့ ပတ်သက်နေလား။

ဘာပဲဖြစ်ဖြစ် ညိုကတော့ ပစ္စည်းအကွဲစလေးတွေကို ကောက်ကိုင်ရင်း မျက်ရည်ကျလာမိတာ အသေအချာပဲ။ ကျန်တဲ့သူတွေရဲ့ ရင်ထဲမှာလည်း ညို့လိုပဲ ခံစားရမှာမို့ ဘယ်သူကမှ ညို့ကို လာမနှစ်သိမ့်နိုင်ကြဘူး။ ဘာဖြစ်လို့ ဒီလိုဖြစ်နေရတာတဲ့လဲ။ အကြောင်းအရင်းက ဘာကဲကဲ။ ညို အရမ်းကို သိချင်လာရတယ်။

"ကဲ... ထ... ထ ညို"


www.burmeseclassic.com

ယက္ခကပဲ ညို့ကို ဒူးထောက်ထိုင်နေရာက လာဆွဲထူတယ်။ တင့်တယ်ကတော့ ပြန်ကြရအောင်လို့ လောဆော်တယ်။ ဒါပေမယ့် ဘယ်သူမှ မပြန်ဖြစ်ဘူး။ မင်းမိုရ်ရဲ့ ဧည့်ခန်းပွပွလေးထဲမှာ သင့်တော်သလို ရှင်းလင်းထိုင်နေမိကြတယ်။

"ဘာဖြစ်တယ်လို့ထင်လဲ ယက္ခ"

တင့်တယ်က မေးတယ်။

"မှန်တိုင်းတစ်ခု ဝင်သွားတာတော့ သေချာတယ်"

ခက်တာက အဲဒီမုန်တိုင်းကျ ဘယ်ကို ဇဟိုပြုတိုက်ခတ်ပြီး တစ်နာရီ ဘယ်နှစ်မိုင်နှုန်းမှန်း ဘယ်သူကမှ မသိကြဘူး။

မင်းမိုရ် တစ်ကိုယ်တည်းဖြစ်တဲ့ ပဋိပက္ခလား၊ တခြား ပယောဂပါသေးလားဆိုတာတောင် သူတို့ မမှန်းမိကြဘူး။ လောကရဲ့ ပုစ္ဆာတချို့ဟာ ဒီလောက် ခက်ခဲမှန်း သူတို့ သိတော့သိကြပါရဲ့၊ ခုလို နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ရလိမ့်မယ်လို့သာ ထင်မထားတာ။

"မင်း စဉ်းစားကြည့်"

"အင်း"

ယက္ခက တင့်တယ်ရဲ့စကားကို စိတ်မပါစွာ အင်းလိုက်နေတယ်။

"ငါတို့ကို ပို့ထားတဲ့ စာတွေနဲ့ ဒီမြင်ကွင်းနဲ့က လွဲနေတယ်"

"အင်း"

"သူ လာဖို့ပြင်ထားတာ အသေအချာပဲ၊ ပြီး ငါတို့နဲ့ ပတ်သက်တဲ့ ပစ္စည်းတွေက ပျက်စီးနေတယ်၊ ခုကျ ငါတို့ဆီ ငါတို့အစီအစဉ်တွေ ဆက်ဖြစ်အောင် စာတွေပို့နေပြန်တယ်၊ နောက်ထပ် ဘာဖြစ်မယ်ဆိုတာ ဘယ်သူမှ မသိနိုင်ဘူး"





"စောင့်ကြည့်ရုံပေါ့ကွာ"

ယက္ခက အဲလိုပဲ မှတ်ချက်ချတယ်။

သူတို့ မင်းမိုရ်လွင်ရဲ့အိမ်ကို မီးတွေပိတ်ပြီး ဆင်းလာတဲ့အချိန်က ည ရှစ်နာရီကျော်နေပြီ။ တကယ်ဆို ညစာ စားရတော့မှာ။ ဘယ်သူကမှ ညစာကို သတိမရကြဘူး။ ကားပေါ်ရောက်တော့ ဝင့်ဝါက ဘယ်ကိုမောင်းရမလဲ မေးတာလည်း ဘယ်သူမှ မဖြေနိုင်ကြပြန်ဘူး။ ဝင့်ဝါက ဒါဆို ပြန်မလားလို့ မေးတော့လည်း ဘယ်သူမှ မဖြေကြပြန်ဘူး။ ဒါနဲ့ ဝင့်ဝါက pentagon ရှိရာကို ပြန်မောင်းချလာတော့လည်း ဘယ်သူကမှ မကန့်ကွက်ကြပြန်ဘူး။ ဒီလိုအချိန်မျိုးမှာ စောစောစီးစီးကြီး အိမ်ပြန်လာတဲ့ သူတို့ကို ခြံစောင့်နဲ့ အိမ်စောင့်တွေက မသင်္ကာဖြစ်ကြမှာတော့ အမှန်ပဲ။ ဘယ်နှစ်မှာမှ သူတို့ ခုလို စောစောပြန်တဲ့ညဆိုတာ မရှိခဲ့ဖူးဘူး။ အနည်းဆုံးတော့ ည နှစ်နာရီပဲလေ။

pentagon ကိုပြန်ရောက်တော့ လင်းသိမ့်ညိုကပဲ အားလုံးကို အစာတစ်ခုခုဝင်အောင် စီစဉ်ရပြန်ပါတယ်။ အားလုံးအတွက် ကော်ဖီဖျော်၊ ခေါက်ဆွဲပြုတ်ပေးနေချိန်မှာပဲ ဖုန်းဝင်လာတယ်။ ညို့ ချစ်ရသူဆီကဖုန်းလေ။

"ပြန်ရောက်နေတာ ကြာလှပြီ"

pentagon နေ့ရက်တွေအကြောင်းရယ်၊ ဒီသူငယ်ချင်းတွေဆုရင် ဘာလုပ်ကြတယ်ဆိုတာ သိထားတဲ့ ချစ်သူကတော့ တအံ့တသြနဲ့ စောလှချည်လားတဲ့။

"မင်းမိုရ် ရောက်မလာလို့လေ"

ဆိုပြီး မင်းမိုရ်အကြောင်းကို စိတ်လိုလက်ရ ပြောပြလိုက်မိတယ်။ မီးဖိုချောင်ထဲမှာ ကူသူမရှိ တစ်ယောက်တည်း ဖြစ်နေတာမို့ ဖုန်း ပြောရတာ

အဆင်ပြေနေတယ်။ အနှောင့်အယှက် မရှိဘူးပေါ့။

အားလုံးပြင်ဆင်ပြီးတဲ့အချိန်မှာ ညို ဖုန်းပြန်ပိတ်လိုက်ပြီးနေပြီ။ တစ်ခုတော့ ကျေနပ်ရတယ်။ သူကလည်း မင်းမိုရ် ပျောက်နေတဲ့ကိစ္စကို စိတ်ဝင်စားတဲ့အတွက် ကူရှာပေးမယ်လို့ ဆိုလာတဲ့အတွက်ပါ။ ဖြစ်နိုင်တာ မဖြစ်နိုင်တာအပထား ညို့ရင်ထဲ နည်းနည်းပေါ့သွားရတာတော့ အမှန်ပဲ။

အိမ်ရှေ့ခန်းမှာ ဝင့်ဝါက သီချင်းတစ်ပုဒ်ကို အကျယ်ကြီးဖွင့်ပြီး စည်းချက်လိုက်နေတယ်။ တင့်တယ်က ဖုန်းဖွင့်ပြီး game ကစားနေတယ်။ ယက္ခက ဖုန်းပြောနေလေရဲ့။

"ရပြီ... စားကြတော့"

စိတ်ရှုပ်နေကြလို့သာ အစားမစားချင်ကြတာ။ သူတို့ဗိုက်ထဲမှာ ညနေတုန်းကစားထားတဲ့ ဝက်သားတုတ်ထိုးကလွဲရင် ဘာမှမရှိကြဘူး။ ဒါကြောင့် ညိုက စားကြတော့လည်းဆိုရော အားလုံး အနားကိုရောက်လာကြတယ်။

"ထည် အချဉ်မပါဘူး အချဉ်သွားယူ"

ယက္ခက ထည့်ကိုခိုင်းတော့ အထူးအဆန်းပါပဲ။ အသာတကြည် ထယူတယ်။ ဝင့်ဝါထည့် ယူလာတာက sauce ပုလင်းတွေ၊ chilli sauce ရော tomato sauce ရော။ ကြက်သွန်ဖြူပါတဲ့ sauce ရော။ ပြီး ဝင့်ဝါ ထည့်က ရေရွတ်သေးတယ်။

"တစ်ယောက်တစ်မျိုးဆိုတော့ အကုန်ယူလာတယ်၊ ဒါတောင် မင်းမိုရ် မရှိလို့၊ ရှိရင် ကြက်သွန်ဖြူနဲ့ ငရုတ်သီးစိမ်းလိုးပြီး ဘိတ်ချဉ်လုပ် ပေး ... မှာ"

ဟုတ်ပါတယ်။ ဘိတ်ချဉ်ကို ကြိုက်တာဆိုလို့ မင်းမိုရ် တစ်ယောက်





ပဲ ရှိတယ်လေ။ ကျန်တဲ့လူတွေက sauce မျိုးစုံပဲ လှည့်ပတ်စားကြတာ။

"ညို"

"ဘာလဲ"

"နင် ခုနက နောက်ဖေးမှာ ဖုန်းပြောနေတာ အကြာကြီးပဲ"

ဝင့်ဝါထည့်ကတော့ စပါပဲ။ သူ့ဘာသာသူ သီချင်းနားထောင်နေတာ ဟုတ်ဘူး။ ညို ဘာလုပ်နေတယ်ဆိုတာပါ သူက သိနေရပြန်တယ်။

"ယက္ခလည်းပြောတာပဲ"

"ငါက နင့်ကိုမေးတာလေ"

ယက္ခက ပြုံးစိစိနဲ့ ခေါက်ဆွဲပြုတ်ကို ငုံ့စားနေတယ်။ သူ မပါခွင့် ရ... သူ့အခွင့်အရေးဆိုတာ သူ သိနေတယ်လေ။

"အေးလေ ကြာမှာပေါ့ ငါက မင်းမိုရ်အကြောင်း ပြောပြနေတာ"

"အစီရင်ခံစာ တင်တာလား"

"ဟင့်အင်း... မျှဝေခံစားတာ"

ညို့စကားလုံးကြောင့် တင့်တယ်နဲ့ ယက္ခက ထရယ်တယ်။

"ဘာရယ်စရာပါလဲ၊ သူက မင်းမိုရ်ကို ကူရှာပေးမှာတဲ့"

ညို့စကားကြောင့် ယက္ခက မသိမသာ ခေါင်းခါတယ်။

"အဲဒါက ဘာဖြစ်တာလဲ"

"မင်းမိုရ်ကို ကူရှာရအောင် မင်းမိုရ်က ပျောက်နေလို့လား"

ယက္ခစကားကလည်း လက်ခံချင်စရာပါ။ မင်းမိုရ်က ပျောက်နေတာမှ မဟုတ်တာ။ ကိုယ်ယောင်ဖျောက်နေတာလည်း ဖြစ်နိုင်တာပဲ။ ဒါမှ မဟုတ် တစ်ယောက်ယောက်က သူ့ကို သွေးခွဲထားတာမျိုး။ အို... ဘာပဲ ဖြစ်ဖြစ် ဒီအုပ်စုထဲမှာ မင်းမိုရ် ပျောက်ဆုံးနေတာကတော့ သေချာပါတယ်။


www.burmeseclassic.com

"ဘာပဲဖြစ်ဖြစ်ဟာ တစ်ခုခုတော့ သိချင်သိရမှာပေါ့"

"နင့်ချစ်ချစ်က ရှားလော့ဟုမ်းလား"

"ဟင့်အင်း ဦးစံရှား"

သူတို့ အသက်မပါစွာ ရယ်မိကြတယ်။ ခြောက်ကပ်ကပ်ဖြစ်နေတဲ့ စကားဝိုင်းဟာ အေးစက်လေးလံလာတယ်။ တဖြည်းဖြည်း ဖြိုဆင်းလာတဲ့ ညအမှောင်ကတော့ ထည့်ထည့်ဝါဝါ အောင်နိုင်ကြီးစိုးလို့။

❐





# ဒုတိယနေ့

## (၁)

ချစ်သူရဲ့ ဖုန်းသံနဲ့ နိုးထလာရတဲ့ ညိုတစ်ယောက် နိုးစမှာတော့ ကြည်နူးလို့။ ပြီးမှ မင်းမိုရ်အကြောင်း ခေါင်းထဲရောက်လာတာမို့ စိတ်တွေ လေးလံနောက်ကျိသွားရတယ်။ အေးနားက ခုတင်မှာ အိပ်နေတဲ့ ဝင့်ဝါ ကတော့ ခုထိမနိုးသေး။ ပြတင်းပေါက်ကနေ ခြံထဲကို လှမ်းကြည့်လိုက်တဲ့ အခါ ယက္ခ လေ့ကျင့်ခန်းလုပ်နေတာ တွေ့ရတယ်။

"အင်း… သူက မင်းသားကိုး"

လို့တွေးလိုက်မိပြီးမှ ဒါဟာ ကျန်းမာရေးအတွက် အားလုံးလိုအပ် တယ်ဆိုတာကို သတိရလိုက်တယ်။ ညို ကိုယ်တိုင်လည်း သတိပဲရတာ၊ လုပ်မှ မလုပ်ဖြစ်တာ၊ ဘာမှမလုပ်ဘဲ သွယ်လျလှပနေတဲ့ ဝင့်ဝါကိုတော့


www.burmeseclassic.com

ညိုက သဘောကျတယ်။ ဒီသူငယ်ချင်းလေးက လှလည်းလှ ကုသိုလ်လည်း ပျူးပျာကို။

"ညို နိုးနေပြီလား"

"အင်း"

"ရေကူးရအောင်"

မျက်စိက မပွင့်သေးဘူး၊ ဝင့်ဝါထည်က ရေကူးမတဲ့။

"ဟဲ့… စောစောစီးစီး"

"စောလား စောရင် ပြန်အိပ်ဦးမယ်၊ နိုးမှကူးမယ်"

ပြန်အိပ်ဦးမယ်ဆိုတဲ့ စကားကြောင့် လင်းသိမ့်ညို ကဗျာကယာ ခုန်ထလိုက်သည်။ ထ… ထ လို့ဆိုပြီး ဝင့်ဝါထည်ကို ဆွဲထူလိုက်တော့ ဝင့်ဝါထည်လည်း လန့်သွားတယ်။

"ဘာဖြစ်တာလဲ ညိုရာ"

"ရေကူးကူး မကူးကူး ထပါ၊ ငါတို့ တစ်ခုခု စီစဉ်ရအောင်"

"ဘာစီစဉ်မှာလဲ"

"မသိဘူးလေ တစ်ခုခုပေါ့"

ဝင့်ဝါထည်က သူ့ဆံပင် ခွေခွေလိပ်လိပ်လေးတွေကို ဝက်မှင်ဘီးနဲ့ သပ်ဖြီးဖို့ ကြိုးစားရင်းက–

"အေး ဟုတ်ပါတယ်၊ တစ်ခုခုတော့ လုပ်မှပါ၊ မင်းမိုရ်ကိစ္စကြီးက မတင်မကျကြီး နှင့်ချစ်ချစ်ဆီကကော ဘာထူးလဲ"

"ဟဲ့… ခုမှ မိုးလင်းတာလေ"

"ခုမှ မိုးလင်းပေမယ့် နင်တို့တော့ တွက်ထိုးပြီးပြီ မဟုတ်လား"

ဟုတ်နေတာမို့ လင်းသိမ့်ညို ပါးစပ်ပိတ်ထားလိုက်ရတယ်။ မျက်





စောင်းတော့ မသိမသာ ရအောင်ထိုးလိုက်သေးတယ်။ ဝင့်ဝါထည်ကဖြင့် သိတောင်သိလိုက်မှာ မဟုတ်ဘူး။

နှစ်ယောက်သား ရေကူးကန်ဆီ ဆင်းလာတော့ ကန်ထဲမှာ တင့်တယ်က ရောက်နှင့်နေပြီ။

"ခုမှ ကူးကြမလို့လား မြန်မြန်ကူး"

တင့်တယ်က စိတ်မရှည်သလိုပြောတာမို့ ဝင့်ဝါတစ်ယောက် ဒေါသ ထွက်သွားရတယ်။

"ဟင်… နင်ကျကူးပြီး ငါတို့ကျ မြန်မြန်တဲ့"

"ငါတို့က လူထတဲ့အချိန် ထကူးတာ၊ မိန်းကလေးတဲ့ နေဖင်ထိုးမှ ထတယ်၊ ဘယ်လိုလုပ် ယောကျ်ားရမှာလဲ"

တင့်တယ်က တမင် မခံချင်အောင်စတယ်။ ဝင့်ဝါထည်ကလည်း ခပ်ရွတ်ရွတ်ပါပဲ။

"ယူမှာက မိန်းမလေ … ယောကျ်ားမရတော့ ပူစရာလား" တဲ့။

တင့်တယ်က ဝင့်ဝါထည်ကို မျက်လုံးကြီးပြူးပြီး တမင်ကြည့်ပြတယ်။ ဝင့်ဝါက မမြင်ချင်ယောင်ဆောင်ပြီး ကန်ထဲကို ထိုးဆင်းချသွားလိုက်တာ ဟိုဖက်ရောက်တဲ့ထိ ကူးသွားနေတယ်။

"စာနဲ့မုန့် ရောက်နေတယ် မောင်တင့်တယ်"

အနားကို အထုတ်ကြီးတစ်ထုတ် စာတစ်စောင်နဲ့ ရောက်လာတာက ခြံစောင့်ဦးလေးကြီး။ တင့်တယ်က ညို့ကို လှမ်းကြည့်ပြီး ပခုံးတွန့်ပြတယ်။

"စာတဲ့ ညို၊ ဒီတစ်ခါ မုန့်ပါပါတယ်တဲ့"

အသံကိုလည်း တမင်နှိမ့်ပြောနေတာမို့ ညိုမှာ ဘာလုပ်ရမှန်းတောင် မသိဘူး။ တင့်တယ်ကြည့်ရတာ စာကိုတောင် ယူမဖတ်ချင်တော့တဲ့ပုံ။

www.burmeseclassic.com

ညိုပဲ ယူဖတ်လိုက်တယ်။

**'ညို... ထည်... ယက္ခ... လေင်း**

**ငါ အရမ်းအရေးကြီးတဲ့ကိစ္စတွေ ရှိနေလို့ နောက်နေ့မှလာမယ် B/F ထည့်ပေးလိုက်တယ်'**

**မင်းမိုရ်လွင်**

ဒီတစ်ခါက ကွန်ပျူတာစီပြီး print ထုတ်ထားတာ။ သူပြောတဲ့ B/F ဆိုတဲ့ Breakfast ထုတ်ကို လှမ်းဆွဲကြည့်လိုက်တယ်။ ဖော့ဘူးတွေနဲ့မို့ အပေါ်ဆုံးဘူးကို ဆွဲယူဖွင့်ကြည့်လိုက်တော့ Dimsumတွေ။ ဆယ်ဘူးလောက်ရှိမယ်။ ဘူးထဲမှာက အပြည့်ပဲ။

ရပ်ရှင်ထဲမှာသာဆို ဒီအစားအစာတွေက စားရဲစရာ အကြောင်းမရှိဘူး။ သူတို့နဲ့ ပတ်သက်တဲ့ ပစ္စည်းတွေ ကြေမွပျက်စီးနေတဲ့ အိမ်ထဲက သူတို့နဲ့ပတ်သက်တဲ့ သူငယ်ချင်းတစ်ယောက် ချိန်းထားတဲ့အချိန်မှာ မပျက်ကွက်စေ... ပျက်ကွက်ပျောက်ဆုံးနေပြီး အသံလည်းမကြားရ၊ လူလည်းဘယ်မှာနေမှန်းမသိဘဲ သူ့လက်ရေးနဲ့ ရေးထားတာမဟုတ်တဲ့ စာတွေပဲ ရရနေတာ၊ မသင်္ကာစရာ မကောင်းဘူးလား။

"လင်း"

"ဘာလဲ"

"နင် ဘယ်လိုထင်လဲ"

"ဘယ်လိုမှ မထင်တတ်တော့ဘူး"

သူတို့ ပြောဆိုနေတုန်း ယက္ခ ရောက်လာတယ်။

"ဘာတွေလဲဟ"

"Dimsum တွေ"





"ဟာ... တယ်ဟုတ်ပါလား၊ ဘယ်သူမှာလိုက်တာလဲ၊ ငါကြိုက်တဲ့ ပုစွန်ရေညှိနဲ့ နံရိုးပါလား"

"ပါပါ"

ညို့ ငေါ့တော့တော့လေသံကို ယက္ခက သတိမပြုမိဘူး။ ဘူးကိုယူဖွင့်ပြီး နှိုက်စားတော့တယ်။ ပြီး ပြောသေးတယ်။ မပူတာတစ်ခုပဲတဲ့။ ဟုတ်ပါတယ်။ အိတ်ထဲမှာက အချဉ်ကော တူကော အဆင်သင့်ပဲလေ။ တင့်တယ်လည်း ဆာနေတာမို့ ရေကန်ဘေးတင် ယက္ခနဲ့အတူ ထိုင်စားပစ်လိုက်တယ်။ စားသောက်နေတာမြင်တော့ ရေထဲကတက်လာပြီး Bathrobe ကို ကဗျာကယာဝတ်ပြီး ပြေးလာတာက ထည်။

"ငါလည်းစားမယ်"

ညို့မှာသာ ခုထိ ရေထဲလည်း မဆင်းရသေးဘူး။ ဘာမှလည်း ယူမစားမိသေးဘူး။ အကြောင်းစုံ မသိသေးတဲ့ ယက္ခက စားလေညိုဆိုပြီး သူ့ထဲကတစ်ခု လာခွံ့နေသေးတယ်။ မျက်နှာကို အယောင်ယောင်အမှားမှားနဲ့ လွှဲဖယ်မိတာမို့ ယက္ခက နှာခေါင်းရှုံ့တယ်။

"အံ့ရော ရည်းစားလေးရတာနဲ့ ငါခွံ့တာတောင် မစားတော့ဘူး"

"အဲလိုမဟုတ်ပါဘူး ယက္ခရယ်"

"မဟုတ်ရင် သူက မစားနဲ့ မှာထားလို့လား"

"မဟုတ်ပါဘူး ငါ စဉ်းစားနေတာ"

"ဘာစဉ်းစားစရာရှိလဲ၊ ငါခွံ့တာ လက်ခံသင့် လက်မခံသင့်လား"

ညို မျက်စောင်းထိုးမိပြီ။

"အရေးထဲ ငါစဉ်းစားနေတာက မင်းမိုရ် ဘာလို့ ငါတို့ဆီမလာပဲ စာပို့ မုန့်ပို့ ပို့နေတာလဲဆိုတာ"


www.burmeseclassic.com

"ဟုတ်"

"... ...တော ထည်ကော စားလက်စတွေ ရပ်ကုန်ကြတယ်။ ... ...ကြည့်နဲ့ မေးတယ်။

"...တွက် မင်းမိုရ်ပို့တာ ဟုတ်လား"

"ဟုတ်တယ်ထင်ကာပဲ ဒီမှာ စာ"

ညို လှမ်းပေးတဲ့စာကို ယက္ခနဲ့ထည့် ခေါင်းချင်းဆိုင်ပြီး ဖတ်ကြတယ်။ စာဖတ်ပြီးတော့ သူတို့ ဆက်မစားနိုင်တော့ဘူး။ အဲဒီတော့မှ ညိုက ဘာမှန်းသိလာတာမို့ တစ်ဘူးဆွဲယူ စားလိုက်တယ်။ ညိုကြိုက်တဲ့ ငါးဖယ်နဲ့ လုပ်ထားတဲ့ Dimsum တွေ။ အဲဒီတော့မှ ညို ဗိုပြီး တွေးရခက်သွားတယ်။

အိမ်ထဲပြန်ဝင် ကော်ဖီသောက်ကြတဲ့အထိ အားလုံးက စဉ်းစားနေတုန်း။

"နင် ဘာအဖြေရလဲ ယက္ခ"

"ဘာမှ မရဘူး"

"ငါကရတယ်"

ဝင့်ဝါထည်က ရတယ်ဆိုတော့ အကြည့်တွေက သူ့ဆီရောက်ကုန်တော့တာပေါ့။

"ဘာရလဲ ပြောပါဦး"

"ကိုယ်လုပ်စရာရှိတာ ဆက်လုပ်ကြမယ်၊ ဒီကြားထဲမှာမှ ငါတို့ မင်းမိုရ် သတင်းကို အနံ့ခံပြီး ရှာကြမယ်"

အမှန်က ဒါ အကောင်းဆုံးနည်းပါ။ အဖြေမထွက်တာကို ထိုင်တွက်နေမယ့်အစား သိအိုရမ် အရင်ရှာတာ အကောင်းဆုံးဖြစ်လိမ့်မယ်။ ဒီတစ်ခါတော့ ဝင့်ဝါ ...သိရဲ့စကားကို အားလုံး ခေါင်းညိတ်လိုက်ကြတယ်။





ဟုတ်တယ်လေ။ အားလုံးက အလုပ်တွေပစ်ခဲ့ကြပြီ relax လုပ်ဖို့ လာကြပါတယ်။ ဒီအတွက်လေးပင် စိတ်ညစ်နေကြရရင် မတန်ဘူးမဟုတ်လား။ မင်းမိုရ်အတွက် ပူတာတော့ ပူတာပေါ့။ ဒါပေမယ့် အကြောင်းတစ်ခုခုတော့ ရှိနေပြီဆိုတာ သူတို့ မှန်းလို့ရနေကြတယ်။ အဲဒီအကြောင်းက အကောင်းထက် အဆိုးဖြစ်ဖို့ များတယ်လို့လည်း အားလုံးက တွက်မိနေကြပြီ။ ခက်တာက ဘာမှန်းမသိနိုင်သေးတာပဲ။ သူတို့ အချိန်တစ်ခုတော့ စောင့်ကြရလိမ့်မယ်။

ခဏနေကျတော့ သူတို့အားလုံး အဝတ်အစားလဲ ပြင်ဆင်ပြီးနေပြီ။ ဘယ်သွားကြရင် ကောင်းမလဲဆိုတာ မတိုင်ပင်ကြဘဲ ကားပေါ်ရောက်လာကြတယ်။ ကားဦးတည့်ရာပေါ့။

*

www.burmeseclassic.com

## (၂)

ဒီနေ့ ကားမောင်းတာက ယက္ခ။

“မင်းကားက မိုက်တယ် လေင်း ငါ ကြိုက်သွားပြီ”

“ကြိုက်ရင် မင်းပဲမောင်းတော့ကွာ”

တင့်တယ်လင်းက အေးရာအေးကြောင်းရှာဖို့ ကြိုးစားပေမဲ့ မအောင်မြင်ပါဘူး။

“ရတယ် ဒီလောက်မိုက်တဲ့ကားကို အားလုံး မောင်းဖူးစေချင်ပါတယ်၊ ငါ တစ်ကိုယ်ကောင်းမဆန်ပါဘူး၊ တစ်လှည့်စီပေါ့၊ ထုံးစံအတိုင်း”

ယက္ခစကားကြောင့် တင့်တယ်လင်း အကြံမအောင်ဖြစ်သွားရတာမို့ အသံတိတ် ဆဲရေးတယ်။ အားလုံးက မမြင်ချင်ယောင်ဆောင်နေလိုက်တယ်။





“ယက္ခ မောင်းနေတာက မြို့ထဲဘက်မဟုတ်ဘူး၊ ပဲခူးဘက်”

“ပဲခူးသွားမလို့လား ယက္ခ”

“ထင်တာပဲ”

ထင်တာပဲတဲ့။ အရင်ကသာဆို ဒီလိုစကားပြောလို့က ပွဲသိမ်းပဲ။ ခုဟာက အားလုံးက စိတ်ထွေနေတာမို့ ဘာမှ စောဒကမတက်ကြပါဘူး။ ရောက်ရာပေါက်ရာလို့ သဘောထားပုံရတယ်။ ဝင့်ဝါထည်ကတော့ နောက်မှာ အသာဖြေလျော့ထိုင်နေရင်းက အချဉ်ထုပ်တွေ တစ်ထုပ်ပြီးတစ်ထုပ် ဖောက်စားနေတယ်။ တစ်ထုပ်ပြီးတစ်ထုတ် ဆိုတာက တစ်ထုပ်ကုန် တစ်ထုပ် မဟုတ်ဘူး။ ဖောက်လိုက်၊ တစ်ဖတ်လောက်မြည်းလိုက်၊ နောက်တစ်ထုပ်ဖောက်လိုက်နဲ့။ သူ့ကိုယ်သူ ယိုစစ်ဆင်ရေး နွှဲနေတယ်များထင်လားမသိ။ ယက္ခ ဘယ်မောင်းမောင်း စိတ်မဝင်စားတဲ့ထဲ သူက ထိပ်က ပါပုံရတယ်။

အဲဒီအချိန်မှာပဲ ကားတစ်စင်းက အတင်းကပ်ပြီး ကျော်ဖို့ကြိုးစားနေတာကို တွေ့လိုက်ရတယ်။

“ဘာကောင်လဲကွ”

မောင်းနေတဲ့ ယက္ခဆီက အသံထွက်လာပြီ။

“ဘာဖြစ်လဲ ယက္ခ”

ညို မသိချင်ယောင်ဆောင်ပြီး မေးလိုက်မိတယ်။

“ဘာဖြစ်ရမှာလဲ၊ ဟိုကား၊ လမ်းပေးရင် မကျော်ဘူး၊ အပြင်ယာဉ်ကြောက မောင်းနေရင် နောက်က ဖိနင်းလိုက်လာတယ် ဖယ်ပေးရင် မကျော်ဘူး၊ အတွင်းယာဉ်ကြော ပြန်ဆင်းရင် သူပါလိုက်ကပ်တယ်”

ယက္ခ စကားကြောင့် အဲဒီကားကို ကြည့်လိုက်တယ်။ ကားက ပြိုင်

www.burmeseclassic.com

ကားအပြာလေး။ မောင်းလာတာက မျက်မှန်တပ်ထားပြီး ခေါင်းစည်းပုဝါ စည်းထားတဲ့သူ။ မိန်းကလေးထင်ပါရဲ့။ ဆံပင်ခွေခွေ တွန့်တွန့်တွေက ပုဝါအောက်မှာ ဖြာကျလို့။

ညို ကြည့်နေမိဆဲ တစ်ဖက်က ပြန်ကြည့်ပြီး မျက်မှန်ကို ဆွဲဖြုတ်ပစ်လိုက်တယ်။

"ဟင်..."

ညို့ကို သေချာပြန်ကြည့်နေတဲ့ မိန်းကလေးက မင်းမိုရ်ရဲ့ လေကားမှာ တွေ့ခဲ့တယ်ဆိုတဲ့၊ မနေ့က တုတ်ထိုးဆိုင်မှာ၊ လမ်းမှာတွေ့ခဲ့တယ်ဆိုတဲ့ ကောင်မလေး ဖြစ်နေတယ်။

"ဘာလဲဟ"

သူမအကြည့်က မိန်းကလေးချင်း ကြည့်တာတောင် စူးရဲလွန်းတာမို့ ညို့ပါးစပ်က စကားလုံးတချို့ ထွက်ကျသွားရတာ မဆန်းပါဘူး။

"ဘာဖြစ်တာလဲ ညို"

ဒီတော့မှ တင့်တယ်က မေးပြီး ယက္ခက မှန်ကတဆင့် လှမ်းကြည့်တယ်။ ညို မဖြေလိုက်ရပါဘူး။ ယက္ခလည်း အဲဒီကောင်မလေးကို တွေ့သွားတာမို့ ညို့လိုပဲ 'ဘာလဲဟ'လို့ လိုက်ရေရွတ်ပါတယ်။ ဝင့်ဝါထည် တစ်ယောက်လည်း အဲဒီတော့မှ အာရုံကို အချဉ်ထုပ်တွေကနွာပြီး ပစ္စက္ခထဲ ပြန်ထည့်လိုက်ပုံရတယ်။

"ဟာ... ဟိုကောင်မလေး"

ယက္ခ မျက်နှာက ရုတ်တရက် လေးနက်ငြိမ်သက်သွားတယ်။ ပြီးမှ ခေါင်းတစ်ချက် ညိတ်လိုက်ပြီး–

"ငါတို့နောက်ကို ဒီကောင်မလေး လိုက်နေတယ်လို့ထင်လား"





"ထင်တယ်"

အသံတွေက တစ်ထပ်တည်း ဖြစ်သွားတယ်။

"ငါ့ကို ယက္ခဆိုတာသိလို့ လိုက်တာလား၊ ဝင့်ဝါထည် ဆိုတာသိလို့ လိုက်တာလား၊ လင်းသိမ့်ညိုကို စိတ်ဝင်စားလို့ လိုက်တာလား၊ လေင်းကို ကြိုက်လို့ လိုက်တာလားဆိုတာ အရင်တွေးရမယ်"

တင့်တယ်က နောက်ကပါလာတဲ့ ကားလေးကို မသိမသာ စောင်းကြည့်ပြီး 'ငါပဲဖြစ်မှာပါ'လို့ ရွဲ့ပြီးပြောတယ်။ ယက္ခက စိတ်မဝင်စားဘူး။ သူ့စကား သူဆက်တယ်။

"တိုက်ဆိုင်တာက သိပ်များနေပြီ၊ မဟုတ်တော့ဘူး"

"အင်း... ဟုတ်တယ်"

ထည်က ထောက်ခံတယ်။ ညိုကလည်း တွေးမိတာကို ပြောရတယ်။

"ဒီတစ်ယောက်က ထူးတော့ထူးတယ်၊ ငါတို့သွားတဲ့နေရာတွေက တောင်စဉ်မရေမရာတွေ ဒါတောင် ပါပါလာတယ်ဆိုတော့ စဉ်းစားစရာပဲ"

ညို့စကားကြောင့် တင့်တယ်က လက်ဖျောက်တစ်ချက်တီးတယ်။

"သိပ်ဟုတ်တာပေါ့၊ သူ ငါတို့နားတဝိုက်မှာပဲ ရှိနေတာဖြစ်ရမယ်"

"အဲဒါကို ဘယ်လိုလုပ်မှာလဲ"

"ကားခေါင်းချင်းလှည့်ဆိုင်ပြီး ရုပ်ရှင်တွေထဲကလို တစ်လှမ်းချင်း လျှောက်သွား မေးလိုက်ပါလား ယက္ခ"

ဝင့်ဝါရဲ့ ရယ်ကျဲကျဲစကားကြောင့် အားလုံးက ရယ်ကြပေမဲ့ ယက္ခက မရယ်ဘူး။ မေးသင့်မေးရမှာပဲလို့ တွေ နေပုံရတယ်။ ပြီး စကားကိုဆက်တယ်။

"ငါတို့ ပဲခူးထိသွားမယ်"


www.burmeseclassic.com

"အင်း… ဟုတ်ပြီ"

"ပြီးရင် ငါတို့ ခဏနားမယ်၊ ထမင်းစားမယ်၊ စားပြီးရင် ပဲခူးက ဆီအပြည့်ဖြည့်ပြီး ငါတို့ ရန်ကုန်မပြန်ဘဲ ဆက်သွားကြမယ်"

"ဘယ်လဲ"

"ရောက်ရာပေါ့၊ ငါတို့နောက် ဘယ်အထိလိုက်နိုင်လဲ ကြည့်ရတာပေါ့"

"ကောင်းတယ် ကောင်းတယ်"

ညိုလည်း အပြည့်အဝ ထောက်ခံမိတယ်။ ခေါင်းထဲမှာလည်း စဉ်းစားနေရသေးတယ်။ ဒီကောင်မလေးက ဘာလဲ။ ဒီလူတွေကို စိတ်ဝင်စားတာလား၊ စိတ်အနှောင့်အယှက် ပေးချင်တာလား။ သက်သက် အားနေလို့ စတန့်ထွင်ပြီး celebrities တွေ နောက်လိုက်နေတာလား။ ဘာအတွက်လဲ၊ အကောင်းလား၊ အဆိုးလား အစုံ စဉ်းစားရတော့တာပေါ့။

ပဲခူးရောက်လို့ ဝင့်ဝါတို့ ဆွေမျိုးနီးစပ်တော်တဲ့ အန်တီသက်လယ်ရဲ့ ခြံထဲကို မောင်းဝင်လိုက်တော့မှပဲ နောက်က ပြိုင်ကားအပြာလေး ပျောက်သွားတော့တယ်။ သူ့ပြိုင်ကားက two doors တော့ two doors ပဲ။ ဒါပေမယ့် four seats နဲ့။ နောက်ခန်းက မှန်မပါတာမို့ကော ရှေ့ခုံတွေက မြင့်လွန်းတာကြောင့်ရော နောက်ခန်းတော့ မမြင်လိုက်ရဘူး။

"ဟဲ့… လူစုံတက်စုံ… အဲ… မဟုတ်ဘူး၊ ဟိုအဆိုတော်လေးကော"

အန်တီသက်လယ်က တအံ့တသြ ဆီးကြိုပြီးမေးတာမို့ တစ်ယောက်မျက်နှာ တစ်ယောက် မကြည့်ချင်ပါပဲ ကြည့်မိကြသေးတယ်။

"မပါဘူး အန်တီသက်လယ် သူ မအားလို့တဲ့"

ဝင့်ဝါက သူ့အဒေါ်ကို ခပ်တည်တည်နဲ့ဖြီးတယ်။ အားလုံးက





အာရုံလည်း မကပ်တာမို့ ခေါင်းတညိတ်ညိတ်နဲ့။

ခြံထဲက သစ်ပင်ရိပ်ဝိုင်းမှာ ဆင်ထားတဲ့ ကြိုးပုခက်နှစ်လုံးကို ပြေးလုလိုက်ကြတာ ယက္ခနဲ့ တင့်တယ်က ရသွားတယ်။

"Gentlemen first ပဲထားလိုက်ပါ ညိုရာ"

ဝင့်ဝါက ရွဲ့ပြီးပြောတယ်။ ဒါကို ပညာရှိတင့်တယ်က မခံပါဘူး။

"Grapes are sour ဆိုတဲ့စကားပုံ ကြားဖူးလား ယက္ခ"

"အင်း မြေခွေးတွေလေ"

ယက္ခ ထောက်ခံလိုက်ပုံက သူမတို့နှစ်ယောက် ခွေးလုံးလုံးဖြစ်သွားရတာမို့ မခံချိမခံသာ ဖြစ်သွားရတယ်။ ဘာမှမသိတဲ့ အန်တီကတော့ သူတို့စားဖို့ ဘာပြင်ဆင်ပေးရမလဲ အတင်းမေးနေတယ်။

"ဟဲ့… ထည် နင်က အကြောင်းမကြား ဘာမကြားနဲ့ ခု နင်တို့မနက်စာကို ဆိုင်မှာသွားစားမှာလား၊ ငါချက်လိုက်ရမှာလား"

ဝင့်ဝါထည်က ကျန်တဲ့သူတွေရဲ့ သဘောထားကို အကြည့်နဲ့ အသံတိတ် လှမ်းမေးတယ်။ ယက္ခက လူကြီးကို ရိုသေသမှုပေးပုံနဲ့ အိပ်နေရာက ထထိုင်ပြီးပြောတယ်။

"အန်တီ ချက်နေရင် ပင်ပန်းပါတယ်၊ ဆိုင်ကဝယ်စားလိုက်မယ်၊ ဒီမှာ တစ်ယောက်ယောက်ရှိရင် သွားဝယ်ခိုင်းပေးပါလား၊ အိမ်မှာပဲစားမယ်"

ယက္ခ စကားကို အန်တီက ဝမ်းသာအားရ ထောက်ခံတယ်။ သူလည်းပြေလွှားချက်ပြုတ်စရာ မလိုတော့ဘူး။ ပြီးတော့ သူ့အိမ်မှာလည်း စားမယ်ဆိုတော့ ကျေနပ်တာပေါ့။

"ကောင်းတယ် ကောင်းတယ်၊ အန်တီ စီစဉ်လိုက်မယ်၊ မစားတဲ့အသားငါးရှိလား"


www.burmeseclassic.com

"အမဲသား..."

တညီတညွတ်တည်း အသံထွက်လာကြတာမို့ ဘာရယ်မဟုတ် ရယ်ကြသေးတယ်။ ဒီလူစုထဲမှာ အမဲသားလည်း မရှောင်ဘဲ စားတာဆိုလို့ မင်းမိုရ်လွင်ပဲရှိတယ်။ သူသာရှိရင် ခြေလေးချောင်းထဲမှာဆို ကုတင်တို့ စားပွဲတို့ ကုလားထိုင်တို့ မစားဘူးလို့ ပြောဦးမှာ မြင်ယောင်မိသေးတော့တယ်။

အန်တီသက်လယ်က သူကိုယ်တိုင်တောင် ပြေးဝယ်ချင်ပုံရတယ်။ ဝင့်ဝါထည်က ခွင့်မပြုလို့သာပေါ့။ အအေးနဲ့ အချိုတည်းဖို့အရာတွေကို လိုးခွဲစိပ်ဖြာနေတာမို့ ဝင့်ဝါတို့က ကူကြရသေးတယ်။ ယောက်ျားလေးတွေကတော့ ထုံးစံအတိုင်း ဇိမ်ပဲပေါ့။

စားသောက်ပြီးတဲ့အခါမှာ လူတွေက လေးလံလာပြီ။ ဘာမှဆက်လုပ်ချင်စိတ် မရှိတော့တာမို့ အားလုံး လှဲအိပ်ချင်နေပေမယ့် ဆက်ရမဲ့ခရီးက ရှိနေသေးတာ။

"ခတော့ ဗိုက်တင်းနေမှာပဲ၊ ခဏနေကျ ဆူဆေးတစ်ယောက်တစ်ခွက်တိုက်မယ်၊ ခေါင်းကြည်တယ်၊ ပြီးမှဆက်သွားကြတာပေါ့"

ညိုက အဲလိုသာ ပြောလိုက်တာ တကယ်တမ်းက ဘယ်ဆက်သွားရမလဲ မညှိရသေးဘူး။ အန်တီသက်လယ်ရဲ့ အရိပ်အကဲကိုကြည့်ပြီး အန်ပ အထဲဝင်သွားမှ မေးရတယ်။

"သွားတာက ဟုတ်ပြီ ဘယ်သွားကြမှာလဲ"

"ရောက်ရာပေါ့"

"ဒါဆို ငါတို့ ဒီကမထွက်ခင် ဈေးလေးဘာလေး ဝယ်ခြမ်းသွားမှ ဖြစ်မှာပေါ့"





စိတ်ပူတတ်တဲ့ ညို့ သတိပေးမှုကို တင့်တယ်က ထောက်ခံတယ်။

"အေး ဟုတ်တယ်၊ ရေ၊ သွားတိုက်ဆေး၊ သွားပွတ်တံ၊ snow tower မုန့်နဲ့ မျက်နှာသုတ်ပုဝါလောက်ပေါ့"

"ဟင်... အဝတ်အစားကကော"

"ဝယ်ရမှာပဲ"

တော်သေးတာပေါ့။ ဒီနားဆိုပြီး ပိုက်ဆံအလုံအလောက် မထည့်ဘဲ ထွက်လာမိလို့က ဒုက္ခရောက်ပြီ။ ခတောင် ဝင့်ဝါနဲ့ ညိုက မိန်းမပီပီ အန်တီသက်လယ်ဆီက လိုရမယ်ရ ငွေထပ်ဆွဲလိုက်သေးတယ်။ ပဲခူးကနေရန်ကုန်ပြန်မယ့်လူတွေက ပိုက်ဆံချေးသွားကြတော့ အန်တီသက်လယ်လည်း ပေးသာ ပေးလိုက်ရတယ်။ စဉ်းစားရခက်နေပုံပါပဲ။

*


www.burmeseclassic.com

## (၃)

လွယ်လွယ်ကူကူ T.Shirt ဆင်တူ ငါးထည်ကို ညိုက ကောက်ဝယ် လိုက်တယ်။

"တစ်ထည်ပိုနေတယ်"

ဝင့်ဝါက တစ်ထည်ပြန်ဆွဲဖယ်နေသေးတာမို့ ပြန်ထည့်ရင်း 'မင်းမိုရ်' အတွက်လို့ ပြောလိုက်ရတယ်။ ညိုနဲ့ အကြဲတူတာက ယက္ခ။ သူကလည်း T.Shirt ငါးထည် ဝယ်လာတယ်။ ပြီး ချုပ်ပြီးသားပုဆိုး။ ညိုနဲ့ထည်က တော့ ချုပ်ပြီးသားလုံချည် မရနိုင်တာမို့ စကဒ်တွေ၊ ဘောင်းဘီတွေပဲ ကဗျာကယာ ဝယ်လိုက်ရတယ်။

"ပြီးပြီလား... ပြီးရင်..."

တင့်တယ်ရဲ့ လောဆော်မှုက တန်းလန်းကြီး ရပ်သွားရတာမို့





တင့်တယ် ကြည့်ရာကို လိုက်ကြည့်မိတော့ အထုတ်တစ်ထုတ် ဆွဲထားပြီး လက်ကိုင်ပုဝါတွေ ကြည့်နေတဲ့ ကောင်မလေးကို တွေ့လိုက်ရတယ်။ နာမည် လည်းမသိတဲ့အပြင် ခုမှ ၂၀ တောင် ပြည့်ပုံမရသေးတဲ့ ဒီကလေးမကို သူတို့ ကောင်မလေးလို့ပဲ နာမ်စားသုံးလိုက်ကြတော့တယ်။

"ဟင်... ဟိုကောင်မလေး"

အသံထွက်သွားရတဲ့ ဝင့်ဝါကို ယက္ခက ပါးစပ်လှမ်းပိတ်တယ်။

"တိုးတိုးလုပ်ပါ၊ လာ... ငါတို့ သွားကြမယ်၊ ပြီးပြီမဟုတ်လား၊ သူ့ကို ထားခဲ့ကြည့်ရအောင်"

"ရမယ် အားကြီးကြီး"

ပါးစပ်ပိတ်ခံလိုက်ရတာမို့ ဝင့်ဝါထည်က ကန့်လန့်စကားပြောတယ်။ ဘာပဲဖြစ်ဖြစ် သူတို့ ကဗျာကယာ ကားပေါ်ပြန်တက်လိုက်ကြတာတော့ အမှန်ပဲ။ မောင်းမှာက တင့်တယ်။

ခပ်တည်တည်ပဲ၊ ပဲခူးမြို့ပြင်ဘက်ကို မောင်းလာခဲ့တယ်။ မောင်းရင်း မျက်မှောင်ကြီးကြုတ်ပြီး စဉ်းစားနေသေးတယ်။

"သူက ဘာကိစ္စနဲ့ ငါတို့လို ဈေးဝယ်နေရတာလဲ"

"အေးလေ... ဟုတ်သားပဲ"

ညိုက ထောက်ခံလိုက်တယ်။ ပြီး နောက်ကိုလှည့်ကြည့်လိုက်သေး တယ်။ ကားအပြာလေးများ တွေ့မလားလို့။ မတွေ့သေးဘူး။ ရှေ့ပြန်လှည့် ပြီး စကားကို ဆက်ပြောတယ်။

"အမှတ်တရပစ္စည်း ဝယ်တယ်ဆိုရအောင်ကလည်း ပဲခူးနဲ့ ရန်ကုန် ကြီး၊ ပြီးတော့ ဝယ်တာကလည်း စဉ်းစားကြည့်ပါဦး ပဲခူးငါးချဉ်လည်း မဟုတ်"

www.burmeseclassic.com

“ဒါဆို နင်က ဘယ်လိုထင်လဲ”

“ငါတို့ဝယ်လို့ လိုက်ဝယ်သလို ဖြစ်မနေဘူးလား”

ညို့စကားကြောင့် အားလုံး တိတ်သွားကြတယ်။ ဒါဟာ မဖြစ်နိုင်ဘူးလို့ ဘယ်သူမှ မငြင်းရဲသလို ဘယ်သူကမှလည်း မထောက်ခံနိုင်ကြဘူး။

“ဟော... ဟော... ဟိုမှာ”

ပြောပြောဆိုဆိုပါပဲ။ သူတို့ နောက်တစ်လှည့်လှည့် ရှာနေတဲ့ ကားပြာလေးက လမ်းတစ်ခုကနေ ထွက်လာပြီး သူတို့ရှေ့ ရောက်နေတာကို တွေ့လိုက်ရတယ်။

သေချာပါတယ် ဒီကားက သူတို့နောက် လိုက်နေတာပါဆိုတာ ဗေဒင်မေးစရာ မလိုတော့ဘူး။ ဘာကြောင့်လိုက်မှန်းသာ မသိတာ။ တတ်လည်းတတ်နိုင်ပါပေ့။ ခုဆို သူကတောင် ရှေ့ကမောင်းနေသေးတယ်။ တင့်တယ်က စိတ်ပျက်လက်ပျက်နဲ့ ခေါင်းခါတယ်။ ပြီး ပြောလိုက်သေးတယ်။

“နောက်ကဆောင့်တိုက်ပစ်လိုက်ရ သေတော့မယ်”တဲ့။

“တိုက်ပါလား လေး၊ တိုက်ဖူးကယ်ရှိအောင် တိုက်ကြည့်လိုက်ပါလား”

ယက္ခက အရေးထဲ ဘီးတပ်ပေးနေသေးတယ်။

“တိုက်လိုက်ရင် ဒီကား မင်း ပေါက်ဈေးနဲ့ ပြန်ဝယ်မှာမို့လား”

တင့်တယ်စကားကြောင့် ယက္ခ နင်သွားရတယ်။ ဘာပြန်ပြောရမှန်း မသိတာမို့ ‘ငွေမက်တဲ့ကောင်’လို့ အနိုင်ပိုင်းပြီး စကားစကို ဖြတ်ပစ်လိုက်တယ်။

“တောက်...”





“ဘာဖြစ်တာလဲ လင်း”

“ငါက သူ့နောက်က လိုက်နေရသလို ဖြစ်မနေဘူးလား”

“ဒါဆို ကျော်တက်လိုက်လေကွာ”

“ကျော်တက်တော့လည်း သူက နောက်ကလိုက်လာမှာပဲ ဘာထူးလဲ”

ဘာဖြစ်ချင်နေမှန်း မသိတဲ့ တင့်တယ်လင်းကို သူတို့ ဘာပြောရမှန်း မသိတော့ဘူး။ ဝင့်ဝါထည်ကတော့ မကြားတကြားပြောတယ်။ “မိုးပျံဂီယာ ထိုးလိုက်ပေါ့ဟာ”တဲ့။

ခပ်တည်တည်နဲ့ သူတို့ ဆက်မောင်းလာလိုက်တာ မန္တလေးလမ်းဘက် ရောက်လာပြီ။ ဒါကိုသိတော့ ယက္ခက ပြောတယ်။

“ဟေ့ကောင် လင်း”

“ဘာလဲ”

“ငါတို့ မော်လမြိုင်လမ်းဘက် သွားရအောင်လေ”

“မရတော့ဘူး ကျော်ခဲ့ပြီ”

“ဒါဆို သူ လိုက်နေမှာ သေချာတဲ့အတူတူ ငါတို့ လှည့်ပြန်ရအောင်”

ယက္ခ စကားကြောင့် မျက်လုံးတွေအားလုံးက ယက္ခဆီ ဒိုင်းကနဲ စိုက်ကုန်ကြတယ်။

“သွားမယ်ဆိုတုန်းကလည်း နင်ပဲလေ၊ ငါတို့ ဆီဖြည့်ထားတယ်၊ ပစ္စည်းဝယ်ခြမ်းထားတယ်လေ”

ယက္ခက ခေါင်းခါတယ်။

“အဲလို လေ့နံ့ဓားထစ်မတွေးနဲ့၊ ငါတို့က သူ ဆက်လိုက်နိုင်မလား သိရအောင် ထွက်လာတာ သူက ဆက်လိုက်လာတယ်၊ လိုက်ဦးမှာပဲဆိုတာလည်း သိနေပြီ၊ ဒီတော့ လှည့်ပြန်ကြတာက ပိုကောင်းမယ်ထင်တာပဲ”


www.burmeseclassic.com

"ဘာလို့ ပိုကောင်းရမှာလဲ၊ အဖြေလည်း မရဘဲနဲ့"

ဝင့်ဝါထည်က စောဒကတက်တယ်။

"ဘာလို့မရရမှာလဲ၊ သူ ငါတို့နောက်လိုက်နေတယ်၊ ဆက်လည်း လိုက်ဦးမှာပဲဆိုတဲ့ အဖြေရတယ်လေ"

"ဒါလည်း ဟုတ်တာပါပဲ၊ သူတို့ ဘာလုပ်ရမလဲ ပြောဆိုနေကြတုန်းမို့ ကားကို လမ်းဘေးနားချပြီး ရပ်ပစ်လိုက်တော့ ရှေ့ကကားလည်း နည်းနည်း ဆက်မောင်းသွားပြီး ခပ်လှမ်းလှမ်းမှာ ရပ်လိုက်တာ တွေ့ရတယ်။

"ကဲ... ဘာလုပ်မှာလဲ၊ ဟိုမှာ ကောင်မလေးကတော့ ခပ်တည်တည်ပဲ လိုက်ရပ်နေပြီ"

"ရပ်ပစေပေါ့ ဘာတတ်နိုင်မှာလဲ"

"ငါတို့ ပြန်ကြမလား"

"ပြန်ချင်လား"

ယက္ခက ဒီတစ်ခါတော့ အများဆန္ဒကို တောင်းတယ်။

"မပြန်ချင်ဘူး"

ဒီစကားက ညို ပြောလိုက်တာပါ။

"ဘာလို့လဲ"

"သူ ဘယ်လောက်ထိ ဆက်လိုက်နိုင်မလဲ သိချင်လို့၊ လမ်းမှာ ထမင်းဆိုင်ကလွဲရင် မနားဘဲ တောက်လျှောက်မောင်းကြမယ် ဘယ်လိုလဲ"

ညို့စကားကြောင့် ယက္ခက စဉ်းစားဟန်ပြုတယ်။ သူက လှည့်ပြန်ချင်တဲ့သူလေ။ ညိုကကော လှည့်မပြန်ချင်ပဲနေမလား။ ချစ်သူက ရန်ကုန်မှာလေ။ ဖုန်းမမိတဲ့ နေရာတွေ ဘယ်ရောက်ချင်ပါ့မလဲ။ ဒါပေမယ့် စောစောက အန်တီသက်လယ်အိမ်ကမထွက်ခင်တည်းက ကို့ကို အကြောင်း





ကြားခဲ့ပြီးပြီ။ ခွင့်တောင်းခဲ့ပြီးပြီ။

အတော်ကြာမှ ယက္ခက ခေါင်းညိတ်တယ်။

"ကောင်းပြီလေ၊ ညိုပြောသလို မောင်းကြမယ်၊ ဒါဆို သူ ငါတို့ရပ်တဲ့ဆိုင်တွေမှာ လိုက်ရပ်ရမှာပဲ၊ အဲဒီကျ ထပ်ပြီး အကဲခတ်လေ့လာကြတာပေါ့"

"နောက်နေ့မနက်ထိ ဘာမှမထူးရင်တော့ လှည့်ပြန်ကြတာပေါ့"

"ကောင်းပြီ"

သူတို့ကားလေး ဆက်ထွက်လာတော့ ကားအပြာလေးက နောက်ကနေ လိုက်လာတယ်။ ဘာလဲ ကောင်မလေးရာ၊ ဘလိုင်းကြီး ယက္ခကို စိတ်ဝင်စားတာလား၊ တင့်တယ်လင်းကို စိတ်ဝင်စားတာလား။ ဒါမှမဟုတ် မင်းဟာ မင်းမိုရ်လွင်နဲ့ ပတ်သက်နေတာလား။ မင်းမိုရ်လွင်ကို သူတို့လိုပဲ လိုက်ရှာနေတဲ့သူလား။

တောက်လျှောက် မောင်းလာလိုက်တာ တင့်တယ်လင်းက အရှိန်မြှင့်ပြီး လီဗာကုန်မောင်းလည်း နောက်ကကားက လီဗာကုန်လိုက်တယ်။

'ကျွတ်'ကနဲမြည်အောင် စိတ်ပျက်လက်ပျက် အမူအရာပြပြီး လိပ်သာသာမောင်းတော့လည်း နောက်ကကားက ဘီးလိမ့်ရုံ လိုက်လာပြန်တယ်။ ဒီလိုနဲ့ သူတို့ တောင်ငူကို ရောက်သွားကြတယ်။

တော်တော်တောင် မှောင်နေပြီ။

"ငါတို့ ကားပေါ်မှာအိပ်မလား၊ တည်းခိုခန်းရှာမလား"

တင့်တယ်က လမ်းရွေးဖို့မေးတယ်။

"တည်းခိုခန်းရှာကွာ၊ ကားပေါ်အိပ်လို့ ဖြစ်မလား"

ဝင့်ဝါက နောက်ခန်းမှာ ခွေခေါက်နေရင်းက ထပြောတယ်။ ညိုလည်း


www.burmeseclassic.com

ဝင်ပြောရတယ်။

"တည်းခိုခန်းဖြစ်ဖြစ် ဟိုတယ်ဖြစ်ဖြစ်မောင်းပါ၊ ငါတို့ကပင်ပန်းတာမဟုတ်ဘူး၊ နင်တို့က ပင်ပန်းတာ နားမှကိုဖြစ်မှာ"

ညို့စကားကြောင့် သူတို့ ကေတုမတီမြို့တော်မှာ တည်းခိုရာ ရှာကြရတယ်။

"ဖြစ်သလိုပေါ့ကွာ"ဆိုပြီး တင့်တယ်က ဟိုတယ်တစ်ခုထဲ ဝင်ချသွားတော့ နောက်ကကားက လိုက်လာတယ်။ အားလုံး ကားပေါ်ကဆင်းပြီး ဟိုတယ်ထဲဝင်တော့ နောက်ကားက လိုက်ဆင်းမလာဘူး။

"ကောင်မလေးက လိုက်ဆင်းမလာဘူး"

ယက္ခက ညို့ကို တိုးတိုးကပ်ပြောတယ်။

"အင်း... ဒီလိုလုပ် ညိုက ဒီနားက အသာကြည့်နေမယ်၊ ယက္ခတို့က အခန်းယူ၊ သူတို့ ဘာဆက်လုပ်မလဲ ကြည့်ရအောင်"

ယက္ခက ကားပြာလေးဆီ မသိမသာကြည့်ရင်းက ပြောတယ်။

"ကောင်မလေးကြည့်ရတာ တစ်ယောက်တည်း ဟိုတယ်ထဲ ဝင်မတည်းရဲဘူးထင်တယ်"

"ဟင်... မိန်းကလေးတစ်ယောက်တည်း ဒီလောက် မိုင်ပေါင်းများစွာ လိုက်လာရဲပြီးမှ ဒီကျမှ ဟိုတယ်မှာ မတည်းရဲဘူးဆိုတာ ဖြစ်နိုင်ပါ့မလား"

ဝင့်ဝါကလည်း သူ့အတွေးနဲ့သူ။

"မဟုတ်သေးဘူး ထည်၊ လိုက်တာက သူ့ကားပေါ်မှာလေ၊ ခုဟာက သူများမြို့ရွာက ဟိုတယ်မှာ တော်ရုံ ဘယ်ဆင်းရဲပါ့မလဲ"

ယက္ခက မိန်းကလေးတစ်ယောက်ကို နားလည်ပေးနိုင်စွမ်းလွန်းနေသည်ဟူသော အကြည့်နှင့် ဝင့်ဝါထည်ကကြည့်တော့ ယက္ခ အကြည့်ကို





ရှောင် လွှဲသွားသည်။

"အခန်းရပြီ"

တင့်တယ်ရဲ့အသံကြားမှ သူတို့ ကားပြာလေးကို ထားရစ်ခဲ့ကာ အပေါ်ကို တက်ခဲ့ကြတယ်။ သူတို့ အခန်းဆီကနေ ကားပြာလေးရှိတဲ့ နေရာကို မြင်နေရတယ်။ ခုထိ ကောင်မလေးက ကားပေါ်မှာ။ စတီယာရင်ပေါ်ကိုမှောက်ပြီး အနားယူနေတဲ့ပုံမျိုး။ ဘာလုပ်ရမှန်းမသိလို့ အတွေးကြပ်နေတာများလား။ ညိုက မိန်းကလေးချင်း ကိုယ်ချင်းစာချင်ပေမယ့် ဘာမှန်းမသိတဲ့ ကောင်မလေးကို ဘယ်လိုသနားရမှန်း မသိဘူးဖြစ်နေတယ်။ ယက္ခနဲ့ တင့်တယ်ကလည်း ဘေးချင်းကပ်အခန်းမှာ နေတာတောင်မှ မှာသွားသေးတယ်။ အန္တရာယ်တစ်ခုခု ရှိမယ်ထင်ရင် လှမ်းပြောတဲ့။

ဒီကောင်မလေးဟာ အဆိပ်ရှိတဲ့ သတ္တဝါတစ်ကောင်နဲ့တော့ သိပ်မတူဘူး။ ဒါပေမယ့် ဟမ်းမလက်ပန်းဖြူလေး ဖြစ်နေရင် ဒုက္ခလို့တော့ တွေးလိုက်မိပါတယ်။

*


www.burmeseclassic.com

## (၄)

"ဟောတော့..."

ရေမိုးချိုးပြီး ခေါင်းလျှော်ထားတဲ့ ဆံပင်တွေကို သုတ်နေတဲ့ ညို တစ်ယောက် ပြတင်းပေါက်နားအရောက်မှာ အာမေဋိတ်တစ်ခု ခုန်ဆင်းကျ သွားရတယ်။

"ဟဲ့... ဘာဖြစ်တာလဲ"

ဝင့်ဝါထည် အနားကိုရောက်လာပြီး ကြည့်တော့ အထာပေါက်သွား တယ်။

"မရှိတော့ဘူး၊ ထွက်သွားပြီထင်တယ်"

ဟုတ်ပါတယ်။ ဟိုတယ်မီးရောင်အောက်မှာ စောစောက ပြာလွင်နေ တဲ့ကားလေး မရှိတော့ဘူး။ အင်းပေါ်လေ။ ဒီမှာတည်းမှာလည်း မဟုတ်ဘဲနဲ့





ဘယ်သူက ဒီရှေ့မှာအကြာကြီး ရပ်နေပါ့မလဲ။

"ယက္ခတို့ သိလားမသိဘူး"

"သိမှာပါ"

သူတို့ အဝတ်အစား လဲပြီး ထမင်းထွက်စားကြဖို့ပြင်တယ်။

"ဒီမှာပဲစားတာ မဟုတ်ဘူး"

အပြင်ပြန်ထွက်ရမှာပျင်းတဲ့ ဝင့်ဝါထည်က စကားစတယ်။ ယက္ခက ခေါင်းခါငြင်းတယ်။

"မဖြစ်ဘူး၊ အပြင်ထွက်ရမယ်၊ ဒါမှ ဟိုကား ဘယ်ထွက်သွားတာ လဲ၊ တပ်ခေါက်သွားတာလား၊ တခြားသွားရပ်ထားတာလား၊ မလှမ်းမကမ်း က အကဲခတ်နေတာလားဆိုတာ သိရမှာ"

"ဟုတ်တယ် ထ... ထ"

တင့်တယ်က အားနေ ခွေခေါက်နေတဲ့ ဝင့်ဝါထည်ကို အတင်းလော ဆော်တယ်။

"ဒီတစ်ခါ ညို ကားမောင်းပါ့မယ်"

ညို့စကားကို ဘယ်သူမှ မကန့်ကွက်ဘူး။ အဝေးပြေး ကားလမ်းပေါ် မှာလို အမြန်မောင်းစရာ၊ ကျော်တက်စရာ မလိုတဲ့အတွက် သူတို့က လင်းသိမ့်ညို့ကို စိတ်ချလက်ချပဲ ကားမောင်းခွင့်ပေးတယ်။

ညိုတို့ ကားလေး ဟိုတယ်ထဲက ထွက်လိုက်တယ်ဆိုရင်ပဲ လမ်းမ ကြီးပေါ်မရောက်ခင် အဝင်ထိပ်မှာ ရပ်ထားတဲ့ ကားပြာလေးကို တွေ့လိုက် ရတယ်။ ကားပြာပေါ်ကို ဖျတ်ခနဲ တက်သွားတဲ့ ကောင်မလေးကိုကြည့်ပြီး ညို့မှာ သနားရသေးတယ်။ ပင်ပန်းလိုက်တာလို့။ သူ့ခမျာ ညိုတို့လို ရေမိုးချိုး သန့်စင်ရဦးမှာ မဟုတ်ဘူး။ သက်သောင့်သက်သာလည်း နားခွင့်

www.burmeseclassic.com

ရမှာ မဟုတ်ဘူး။ ကြာရင် လုံးပါးပါးမှာ။

"ညို အဲဒီရှေ့က ထမင်းဆိုင်ကိုဝင်"

ခပ်တည်တည်နဲ့ ဆရာကြီးလုပ်ပြီး ဝင်ခိုင်းတာက ယက္ခပါ။

"ကောင်းလား"

တင့်တယ်က မေးတယ်။

"ကောင်းတယ်၊ ငါ ကားလာရိုက်တုန်းက ဒီမှာပဲစားတယ်"

"အိုကေလေ"

ကားကို ခက်ခဲပင်ပန်းစွာ ပါကင်ထိုးလိုက်ပြီး ညိုတို့ ခုန်ဆင်းလာခဲ့ကြတယ်။ ညိုက ကားမောင်းမကျွမ်းကျင်တော့ ပါကင်ထိုးရတာလည်း အဆင်မပြေတတ်ဘူး။

ညိုကတော့ နောက်ကကားလေးကို သံယောဇဉ်မပြတ်ဘဲ လှည့်ကြည့်လိုက်သေးတယ်။ ကားရပ်ဖို့နေရာက ကျဉ်းရတဲ့ထဲ ကားကြီးသုံးလေးစင်းက ရပ်ထားသေးတော့ ကောင်မလေး ကားရပ်ဖို့ အခက်အခဲတွေ့မှာကို ပူတာပါ။ လင်းသိမ့်ညိုတို့ကတော့ စံပါပဲလို့ပြောရင်လည်း ခံရမှာပါပဲ။ ညို့ထက် ကားမောင်းကျွမ်းကျင်ပုံရပြီး ဒီလူတွေရဲ့ မိတ်ဆွေလား ရန်သူလား မသိနိုင်သေးတဲ့ သူတစ်ယောက်ကို ပူပင်နေမိတာကတော့ ညို့ရဲ့ အားနည်းချက်ပဲဆိုတာ ညို့ဘာသာသိတယ်။

သူတို့အားလုံး အရမ်းဆာနေကြပြီမို့ ဟင်းတွေကို အလုအယက် မှာကြတာ။ ညို့အတွက်တောင် တင့်တယ်က မှာပေးထားပြီးသား။ ကားပေါ်က နောက်ဆုံးကျမှ နောက်ဆံတငင်ငင်နဲ့ ဆင်းလာရတာမို့လေ။

"နင်က ဘာငေးနေတာလဲ စားလေ"

ရှေ့ရောက်လာတဲ့ ထမင်းပန်းကန်ကိုကြည့်ပြီးမှ စားဖို့သတိရတယ်။





ဟိုကောင်မလေးတော့ ခုထိ ဝင်မလာသေးဘူး။

ညို စားနေရင်းက ကြည့်နေပေမယ့် ဝင်လာတာမတွေ့ဘူး။ ဆိုင်ထဲကို လုံးဝဝင်မလာတာ သေချာနေပြီဆိုတော့ သူ ဘာတွေများစားမလဲလို့ တွေးပူလိုက်ပြီးမှ 'နင့်အပူလား'လို့ ကိုယ့်ကိုယ်ကိုယ် ဆုံးမရသေးတယ်။

ဒါပေမယ့် မရပါဘူး ခုထာပဲ။

စားပြီးတာနဲ့ ညို လှုပ်ရှားမိတော့တယ်။

"ငါ ကားပေါ်မှာ ဆေးကျန်ခဲ့လို့ သွားယူဦးမယ်"

"ဘာဆေးလဲ"

"အားဆေး"

အားလုံးက ဆက်ပြီးမမေးတာမို့ ညို ထွက်လာခဲ့လိုက်တယ်။ အမှန်က ကားပြာလေးနဲ့ ကောင်မလေးကို အကဲခတ်ဖို့။ ကားနားကိုရောက်တယ်ဆိုရင်ပဲ တစ်ဖက်လမ်းမှာ ရပ်ထားတဲ့ ကားပြာလေးကို တွေ့လိုက်ရတယ်။ ကားဘေးနားမှာ ထွက်ရပ်နေပြီး ပေါင်မုန့်တစ်လုံးနဲ့ ကုတ်တစ်ဗူးကို သူ့လက်ထဲမှာ တွေ့ရတယ်။

ဒါနဲ့ပဲ ညစာပြီးလိုက်တော့မှာ ထင်ပါရဲ့။

ဟန်မပျက် ကားပေါ်တက်ပြီး တကယ်မပါတဲ့ အားဆေးဗူးကို ယူသလိုလိုနဲ့ ပိုက်ဆံအိတ်ကို ဆွဲယူဆင်းလာခဲ့လိုက်တယ်။ ကားပြတင်းမှန်ကို ဖွင့်ထားပြီး အထဲကို ငုံ့ကိုင်းနေတဲ့ ကောင်မလေးကို တွေ့လိုက်ရတာကြောင့် ညို ရပ်ကြည့်နေမိတယ်။ သူ့ကြည့်ရတာ ပစ္စည်းငုံ့ရှာတာနဲ့လည်း မတူဘူး။ အေးအေးဆေးဆေးပုံစံနဲ့ ကားထဲကို ငုံ့ကိုင်းနေတာ။ coke ဘူးက ကားခေါင်မိုးပေါ်မှာ။

"အဲ... "

www.burmeseclassic.com

အတွေးနဲ့အတူ ညို တအံ့တသြ ဖြစ်သွားရတယ်။ ကားထဲမှာ တခြားတစ်ယောက်ယောက်များ ပါသေးလားဆိုတဲ့အတွေး။ သူ့ပုံစံက ကားထဲမှာပါလာတဲ့ တစ်ယောက်ယောက်ကို ငုံ့စကားပြောနေပုံမျိုးကိုး။ ညို သေချာစူးစိုက်ကြည့်ပေမယ့် ဘာမှမမြင်ရဘူး။ နောက်ခန်းက two door ဖြစ်တဲ့အတွက် ဘေးမှန်လည်း မပါဘူး။

"ဟဲ့..."

ညို လန့်သွားတာ ပြောမနေနဲ့။ ညို့ကို လာခေါ်တာက ထည်။ ထည်က ညို ကြည့်တဲ့နေရာကို လိုက်ကြည့်တယ်။

"နင် ဘာတွေ့လို့ စူးစိုက်ကြည့်နေတာလဲ"

"ဘာမှမတွေ့လို့"

"ဘာမှမတွေ့တာများဟာ၊ လာ ငါက နင် ကြာနေလို့ မသင်္ကာလို့ လိုက်လာတာ"

"ဘာမင်္ကာစရာရှိလဲ"

"ဖုန်းထွက်ပြောနေတာလားလို့"

ဒီတော့မှ ညိုလည်း ကိုဆီဖုန်းဆက်ဖို့ သတိရတော့တယ်။ တည်းတဲ့ဆီ ပြန်ရောက်မှပဲ အေးအေးဆေးဆေး ဆက်ပါတော့မယ်လို့ပြောပြီး ဝင့်ဝါထည်နဲ့အတူ အထဲပြန်လိုက်သွားလိုက်တယ်။

"အားတွေပြည့်လာပြီလား"

ယက္ခက ခုထိ ထမင်းစား လက်စမသပ်သေးဘဲ မေးတယ်။ ညိုက မပြောပါဘူး။ သူ့ပဲပြန်မေးလိုက်တယ်။

"နင့်ဟာက မင်းသားဖြစ်ပြီး ညစာကို အဲလောက်စားရလား weight တက်မှာ မကြောက်ဘူးလား"





"ငါကစားနေတာပဲ မကြောက်ပါဘူး၊ နင့်သူငယ်ချင်း ဝင့်ဝါထည်ကိုသာပူ သူလည်း စားတာပဲ"

ဝင့်ဝါထည်က ပြုံးတယ်။ အောင်နိုင်သူအပြုံး။

"မှတ်ထား... ထည်တို့က ဘာစားစား မဝတဲ့ခန္ဓာကိုယ်မျိုး ရထားတာ"လို့လည်း မကြွားတကြွား ပြောသေးတယ်။ ဘာမှမစားရသေးဘဲနဲ့ အအေးနဲ့ ပေါင်မုန့်လောက်စားတဲ့ ကောင်မလေးကကော ဝိတ်ချနေတာလားလို့ မဆီမဆိုင် တွေးလိုက်မိသေးတယ်။

"ကဲ... ပြန်မယ်"

ခုမှ ဖုန်းဆက်ချင်လာတဲ့ ညိုက ပြန်ဖို့လောဆော်တယ်။ ယက္ခက ထမင်းကို လက်စသပ်လိုက်ရင်းမေးသည်။

"ဘာလဲ နင့်အားဆေးက ဟိုတယ်မှာ ကျန်ခဲ့ပြန်ပြီလား"

"အေး... ဟုတ်တယ်"

ညိုလည်း ရွဲ့ပြီးဖြေပေးလိုက်တယ်။ အမှန်က အားလုံး ခရီးပမ်းနေကြပြီ။ ဗိုက်ဆာလွန်းလို့သာ။ ပြီးတော့ ကိစ္စကလည်း ရှိနေလို့သာ အပြင်ထွက်ပြီး ထမင်းစားကြတာ။ သူတို့တွေ ခြေပစ်လက်ပစ် နားချင်နေတာကြာပြီ။

ဟိုတယ် ပြန်ရောက်တယ်ဆိုရင်ပဲ ယက္ခက ပြောတယ်။

"ညို နင့်ကောင်မလေးက ကားပေါ်မှာပဲ အိပ်မှာလားမသိဘူး၊ ထမင်းဆိုင်မှာတုန်းကလည်း ဆင်းလာမစားဘူးလေ"

ညို ယက္ခကို မျက်လုံးဝင့်ကြည့်လိုက်တယ်။ သူက ဘယ်လိုသိရပြန်တာလဲလို့ပါ။ ဒါပေမယ့် ယက္ခက ဆိုင်ထဲဝင်မလာတာနဲ့ကို လုံလောက်နေပုံရတယ်။ ကားလေးက ဟိုတယ်ထဲ ပြန်လိုက်မလာပေမယ့် ထုံးစံအတိုင်း မလှမ်းမကမ်းမှာ ရှိနေမှာကတော့ သေချာတယ်။

www.burmeseclassic.com

"အဲဒါကထားပါ၊ ငါတို့ ဘာဆက်လုပ်မှာလဲ"

ထည်က ဝင်မေးတယ်။ တင့်တယ်ကလည်း 'ဟုတ်တယ်'လို့ ထောက်ခံတယ်။ သူတို့မှာ ဒီရက်လေး နားကြရပါတယ်။ လုပ်ချင်တာလုပ်ဖို့ ရည်ရွယ်တာလည်း မလုပ်ရ။ ခရီးထွက်လာပြန်တော့လည်း ရည်ရွယ်ချက်မဲ့ ဦးတည်ချက်မဲ့။ ဘာမှ သိပ်အဓိပ္ပာယ်မရှိသေးဘူး မဟုတ်လား။ အရေးထဲ မင်းမိုရ်လွင်က ရောက်မလာဘဲ ဘာမှန်းမသိတဲ့ ကောင်မလေးက တကောက်ကောက်လိုက်နေတာကလည်း တစ်မှု။

ဒီတော့မှညိုလည်း သတိရတယ်။

"ဟဲ့… ငါတို့ မင်းမိုရ်ဆီက စာတိုစာရှည်တွေ မရတော့ပါလား"

"ဟုတ်သားပဲ"

"ဒါဆို မင်းမိုရ် ရန်ကုန်မှာကျန်ခဲ့တယ်လို့ ယူဆလို့ရလား"

"ဖြစ်နိုင်တာပဲ"

"ဒါဆို ငါတို့ပြန်ကြမယ်လေ"

"အေး"

အားလုံး ပြန်ဖို့ကို သဘောတူလိုက်ကြတယ်။ တင့်တယ်က–

"ဒါဆိုလည်း ငါတို့ မနက်အစောကြီး ထပြန်ကြမယ်"

"ဘယ်အချိန်လဲ"

"လေးနာရီခွဲလောက်"

ဝင့်ဝါထည်က မိန်းကလေးပီပီ အစောကြီးထရမှာစိုးလို့ နှာခေါင်းရှုံ့တယ်။ တင့်တယ်က သူ့စကားကိုဆက်တယ်။

"ဒီလိုထပြန်တာက ကောင်မလေးကို မျက်ခြေပြတ်ခဲ့ချင်တာလည်း ပါတယ်၊ နေမပူချင်တာလည်းပါတယ်"





"ဟုတ်တယ် ကောင်းတယ်"

ယက္ခက ထောက်ခံတယ်။ ညိုကတော့ မထောက်ခံပါဘူး။ ဒီလောက်ခွဲကောင်းပြီး ဆည်ဝက ဗျိုင်းစောင့်သလို စောင့်နေတဲ့ ကောင်မလေးကို သူတို့က ဝီရိယကောင်းပြီး လေးနာရီခွဲလောက် ထပြန်ရုံနဲ့ လွတ်မယ်ထင်ရင် မှားသွားမှာပေါ့လို့ စိတ်ထဲက တွေးလိုက်မိတယ်။

သူတို့ ပြန်သွားမှ ကိုဆီဖုန်းဆက်လိုက်တယ်။ ဘာမှတော့ မထူးပါဘူး။ မင်းမိုရ်နဲ့ပတ်သက်ပြီး ဘာမှမထူးခြားဘူးလို့ပဲ သတင်းရတယ်။ ကောက်ရိုးပုံထဲ အပ်ကျတာကမှ လွယ်ရင်လွယ်ဦးမယ်။ မင်းမိုရ်လို လူတစ်ယောက်ကို ရန်ကုန်မှာ ရှာဖို့ဆိုတာက Pentagon အုပ်စုတောင် မတတ်နိုင်ရင် ဘယ်သူမှ တတ်နိုင်စရာအကြောင်း မရှိတော့ဘူး။

တစ်ခုရှိတယ်လို့ တွေးမိပြီး မင်းမိုရ်အမေဆီ လှမ်းဆက်ကြည့်တယ်။ ခုနကပဲ မင်းမိုရ် ဖုန်းဆက်ထားတယ်ဆိုတာကြောင့် ညို အံ့သြသွားရတယ်။ ဘယ်ကဆက်မှန်းတော့ သူ့အမေလည်း မသိရှာဘူး။ ထည့်ကိုပြောပြဖို့ ကြည့်လိုက်တော့ ထည်က အိပ်မောကျနေခဲ့ပြီ။

❐


www.burmeseclassic.com

# တတိယနေ့

## (၁)

'ဗမာ့ဧစာ ရှမ်းတောကပြန်'လို့ပဲ ပြောရမလား 'ဒူးလောက်တင်အောင် ရင်လောက်မှန်းရတယ်'လို့ပဲ ပြောရမလား မသိဘူး။ မနက်ကျတော့ သူတို့ အိပ်ရာထနောက်ကျတာမို့ ကားပေါ်ရောက်တော့ ငါးနာရီခွဲနေပြီ။ သူတို့ ကားလေး လမ်းမကြီးပေါ်ရောက်ပြီး ရန်ကုန်ဘက် ဦးလှည့်လိုက်တာနဲ့ နောက်က ပြိုင်ကားလေးက ပါလာပြီ။

ညိုက ကြိတ်ပြီးပြုံးမိသေးတယ်။

ကောင်မလေးလည်း ဘယ်မှာသွားပြီး သန့်စင်တယ်မသိဘူး။ သူ့ ကြည့်ရတာ မနေ့က အဝတ်အစားနဲ့ မဟုတ်ဘူး။ လန်းလန်းဆန်းဆန်းလည်း ရှိနေပုံပဲ။ ခွေလိမ်နေတဲ့ ဆံပင်တွေကို တင်းရင်းနေအောင် စုစည်းထားပြီး

ကြောင်နစ်ကောင်စာအုပ်တိုက်
www.burmeseclassic.com

နေကာဦးထုပ်ပါ ဆောင်းထားတာကို အလင်းရတဲ့အချိန်မှာ တွေ့လိုက်ရတယ်။

"ဘာမှလည်း မဟုတ်ဘဲ ရန်ကုန်ပြန်ရဦးမယ်"

ညိုက မကျေမနပ်သံမပါဘဲ ရေရွတ်တော့ တင့်တယ်က ပြန်မေးတယ်။

"နင်က ဘာဟုတ်ချင်သေးလို့လဲ"တဲ့။

ဝင့်ဝါထည်ကလည်း ခုမှပြောတယ်။

"ငါတို့ဟာက ပြေးတမ်းလိုက်တမ်း ကစားတာထက်တောင် ဆိုးသေးရယ်၊ ပြေးတမ်းလိုက်တမ်း ကစားတာကမှ မောရင် အမိခံလိုက်ရုံပဲ၊ ခုဟာက အမိခံလည်းမရ၊ ဟိုကမဖမ်းဘူး၊ ဘာမှန်းကိုမသိဘူး၊ နင်တို့မေးရင်မေးမမေးရင် ငါတော့ ကားနားသွားမေးတော့မယ်"

"နင်က ဘာမေးမှာလဲ"

ယက္ခက ပြုံးစစနဲ့ မေးတယ်။

"ဘာမေးရမှာလဲ၊ ယက္ခ နောက်လိုက်တာလား၊ တင့်တယ်နောက်လိုက်တာလားလို့ လိုက်တဲ့လူကို သူ့ကားပေါ် တင်ပေးလိုက်မယ်"

တင့်တယ်ကတော့ ပုခုံးတွန့်တယ်။ ပြီး ပြောသေးတယ်။

"သူ့ကြည့်ရတာ ကားမောင်းကြမ်းတယ် ငါ ကြောက်တယ်"

ယက္ခကတော့ ပြုံးစစနဲ့ ပြောတယ်။

"ငါ မမောင်းရဘဲ သူ့ဘေးက ထိုင်လိုက်ရရင်တော့ စဉ်းစားမယ်၊ ဒါပေမယ့်..."

"ဘာ ဒါပေမယ့်လဲ"

"သူက ညိုနဲ့ ထည်နောက်ကို လိုက်နေတာပါ ဆိုရင်ကော"





"ငါတို့ ဆင်းနေခဲ့မယ်"

ထည်က စိတ်တိုတိုနဲ့ပြောတော့ ယက္ခက ကျောချမ်းပုံနဲ့ ပုခုံးတွန့်ပြတယ်။

"နင် မကြောက်ဘူး လား" ...တဲ့။

"ဘာကြောက်ရမှာလဲ"

"ကျားကိုက်မှာလေ"

ပြောပြီး သူ့ဟာသူရယ်တယ်။ တင့်တယ်ကလည်း တဟားဟားနဲ့ရယ်တယ်။ ညိုက သဘောပေါက်ပေမယ့် မရယ်နိုင်ဘူး။ ထည့်ကို အရင်ရှင်းပြရသေးတယ်။ ထည်က သဘောတွေပေါက်သွားမှ မိန်းကလေးပီပီ သူတို့ကို ဆဲရေးပစ်လိုက်တယ်။ အဲဒီတော့မှ-

"ဟင်... အဲဒီ ပီယဝါစာတွေ နင် ဘယ်ကတတ်လာတာလဲ"တဲ့။

"နင်တို့က တတ်အောင်သင်ခိုင်းထားတာလေ"

ဒီလိုပဲ လမ်းမှာ သူတို့ ရန်ဖြစ်လာလိုက်တာ ရှစ်နာရီလောက်ကျမှ မနက်စာစားဖို့ သတိရကြတယ်။ မနက်က နိုးလာလာချင်း မဆာကြဘူးကိုး။ ကော်ဖီ၊ လက်ဖက်ရည်ရောင်းတဲ့ လမ်းနံဘေးက ဆိုင်လေးမှာ သူတို့ကားရုတ်တရက် ရပ်လိုက်ချိန်မှာ ကားပြာလေးက ကျော်သွားတယ်။

"အဲ... စိတ်ချလက်ချ ပြန်တော့မယ်ထင်တယ်"

ဝင့်ဝါထည်က မနေနိုင်မထိုင်နိုင်ပြောတယ်။ စကားမှမဆုံးသေးဘူးကားလေးက ဂငယ်ကွေ့ ပြန်ကွေ့ချလာတာကြောင့် အားလုံး ရယ်မိကြတယ်။ အဲဒီမှာပဲ ဝင့်ဝါထည်က 'နေဦး'လို့ဆိုပြီ ဆိုင်က ကော်ဖီတစ်ခွက်နဲ့ မုန့်တစ်ခုမှာပြီး ထိုင်ရာကထတယ်။

"ဟဲ့... ဘာလုပ်မှာလဲ"


www.burmeseclassic.com

ညိုကမေးတော့ ဝင့်ဝါက လှလှလေး ပြန်ပြုံးပြတယ်။

"သွားကျွေးမှာလေ"တဲ့။

အဲလို ကလိဖို့ဆိုရင် ဝင့်ဝါထည်တို့က စိတ်ဝင်စားတယ်။ သူ ကော်ဖီခွက်နဲ့ မုန့်ထုတ်ကိုင်ပြီး ကားပြာလေးဆီ တစ်လှမ်းချင်း လှမ်းသွားတဲ့အချိန်မှာ ယက္ခ နောက်က ပြောလိုက်တာကို သူ မကြားလို့ ကြားရင် ရန်ထဖြစ်ကြဦးမှာ။

"လေင်း... ကျားထွက်လာဦးမယ် ကြည့်ရှောင်ရအောင်"တဲ့လေ။

ခဏနေကျတော့ ဝင့်ဝါထည် ပြန်ရောက်လာတယ်။

"ဘယ်လိုလဲ"

"ပေးခဲ့တယ်လေ"

"ယူလား"

"ယူတယ်၊ သူကလည်း ခပ်တည်တည်ပဲ၊ ငါက ကော်ဖီသောက်လိုက်ဦးဆိုတော့ Thank You တဲ့ ဆာနေတာအတော်ပဲဆိုပဲ"

မလွယ်ကျောလေးပဲလို့ ညိုကတော့ ကြိတ်ပြီးမှတ်ချက်ချမိတယ်။ ထည် တစ်ယောက် လာရိတယ်ဆိုတာကိုတော့ မိန်းကလေးချင်း မသိရလောက်အောင် ကောင်မလေး မညံ့လောက်ဘူးလို့ ထင်တာပဲ။ ဒါကို ဟိုက ခပ်တည်တည်နဲ့ ကျေးဇူးတင်စကားပြောပြီး ယူထားလိုက်တယ်ဆိုတာကတော့ ဝင့်ဝါထည် ရှုံးလာတာနဲ့ အတူတူပဲပေါ့။

"တစ်ခုရှိတယ် သိလား"

ဝင့်ဝါ မျက်နှာလေးက ချက်ချင်း တည်ငြိမ်သွားတယ်။

"ဘာလဲ"

"ငါ ကော်ဖီသွားပေးတော့ ကားပေါ်မှာ ပစ္စည်းတွေ ပွကျဲနေတာ





တွေ့ရတယ်၊ သူက နင်တို့လည်းမြင်မှာပေါ့ ငါ ကားနားရောက်တာနဲ့ ကားထဲက ထွက်လာတာ၊ ပြီး ကားမှန်ကို ပိတ်ရပ်နေတာလေ၊ ငါလည်း ဘယ်ရမလဲ သူ့ကိုကျော်ပြီး ကြည့်တာပေါ့"

"ဘာတွေ့လို့လဲ"

"မျက်မှန်"

"မျက်မှန်က ဘာထူးဆန်းလဲ"

တင့်တယ်က မျက်နှာရှုံ့မဲ့သွားပြီး ထည့်ကို ကဲ့ရဲ့တယ်။

"ဆန်းတယ် အဲဒီမျက်မှန်က ငါ စင်ကာပူက ပြန်လာတုန်းက မင်းမိုရ်ကို ပေးလိုက်တဲ့ CK မျက်မှန်နဲ့ ချွတ်စွပ်ပဲ"

ဒီတစ်ခါ 'ကျွတ်က'နဲ့ စိတ်ပျက်သံပြုပြီး ဝင်ပြောတာက ယက္ခပါ။

"တစ်ကမ္ဘာလုံးမှာ အဲဒီ CK မျက်မှန်က တစ်လက်တည်းထုတ်တာလားကွာ"

"ဟုတ်တော့ မဟုတ်ဘူးပေါ့၊ တိုက်ဆိုင်တာပြောတာ ပြီးတော့..."

"ပြီးတော့ ဘာဖြစ်လဲ"

မျက်နှာမရဖြစ်နေတဲ့ ထည့်ကို ညိုကပဲ စကားထောက်ပေးလိုက်တယ်။

"ကားပေါ်မှာ မင်းမိုရ်အခွေတွေ ပြန့်ကျဲနေတာပဲ"

"အဲ..."

တကယ်တော့ ကောင်မလေးတစ်ယောက်ရဲ့ ကားပေါ်မှာ မင်းမိုရ်လွင် အခွေတွေ ပျံ့ကျဲနေတာက အထူးအဆန်းမှ မဟုတ်တာ။ ဆန်းတာက ယက္ခနောက် လိုက်တာလား၊ တင့်တယ်နောက် လိုက်တာလားလို့တောင် တွေးပူရတဲ့ထိ ဖွဲ့ကောင်းတဲ့ ကောင်မလေးရဲ့ ကားပေါ်မှာက မင်းမိုရ်လွင်

www.burmeseclassic.com

ရဲ့ အခွေတွေနဲ့တဲ့။ ဒီအုပ်စုဟာ မင်းမိုရ်လွင်နဲ့ တစ်အုပ်စုတည်းပါဆိုတာကိုလည်း ဘယ်သူမှမသိဘဲနဲ့။ စာနယ်ဇင်းသမား တော်တော်များများနဲ့ သတင်းမှုဆိုးတွေတောင် မသိအောင် သူတို့ထားခဲ့ကြတာပဲ။ ဒါကလည်း သက်သက် လျှို့ဝှက်တာ မဟုတ်ပါဘူး။ သူတို့ လွတ်လပ်မှုအတွက်နဲ့ information ဆန်တဲ့ data တချို့အတွက်ပါ။

"မင်းမိုရ်ရဲ့အသံကို ကြိုက်တယ်၊ ယက္ခရဲ့ ရုပ်ရှင်တွေကိုကြိုက်တယ်၊ ဝင့်ဝါထည်ရဲ့ ကြော်ငြာတွေကိုကြိုက်တယ်၊ လင်းသိမ့်ညိုရဲ့ စာတွေကို ကြိုက်တယ်၊ ဟဲဟဲ… တင့်တယ်ရဲ့ ရုပ်ကိုတော့ ကြွေတယ်ဆိုတာမျိုး ထင်ပါရဲ့"

အရေးထဲ ကိုရွှေတင့်တယ်က ဝင်ပြီး မင်္ဂလာယူနေတာမို့ ဝိုင်းဝန်း ရှံ့ချရသေးတယ်။

"ကဲကဲ… ခရီးဆက်မယ် ရှင်းမယ်"

စားပွဲထိုးကို လှမ်းခေါ်တော့ စားပွဲထိုးတဲ့ အဒေါ်ကြီးက အနားကို ပြေးလာပြီး တစ်ခွန်းတည်းပြောတယ်။

"ရှင်းပြီးပြီ"တဲ့။

အားလုံး မျက်လုံးတွေပြူးကုန်ပြီးကာမှ အကြည့်တွေက ကားပြာလေဆီ ရောက်သွားတယ်။

"ဟိုကားက ရှင်းတာလား"

"ဟုတ်တယ်"

"ငါ ကျေးဇူးတင်စကား သွားပြောဦးမှပဲ"ဆိုပြီး တင့်တယ်က ထိုင်ရာက ထနေတာမို့ လှမ်းဆွဲရသေးတယ်။ ကောင်မလေးကို လှမ်းကြည့် တော့ အေးအေးဆေးဆေးပဲ။ စတီယာရင်ပေါ်တင်ထားတဲ့ လက်တွေရဲ့





စည်းချက်လိုက်နေတာကို တွေ့ရတယ်။ မင်းမိုရ်ရဲ့ သီချင်းတွေ ဖွင့်ထားတယ်ထင်ပါရဲ့။

ဒီတော့မှ သူတို့လည်း ကားပေါ်အရောက်မှာ မင်းမိုရ်အခွေတစ်ခွေကို ရှာပြီးဖွင့်ဖို့ သတိရတော့တယ်။ CD ချပ်ထဲကနေ ကြည်လင်စွာထွက်လာတဲ့ သူငယ်ချင်းလေးရဲ့အသံကို ကြားတော့ အားလုံး လွမ်းမိကြတယ်။ ဟုတ်ပါရဲ့။ ဒီကောင် ဘာဖြစ်နေတာလဲ၊ ဘာလုပ်နေတာလဲ၊ ဘာတွေခံစားနေရလို့လဲဆိုတာကိုပါ တွေးမိကြတယ်။

ရန်ကုန် ပြန်ရောက်ရင် သူတို့ ဘာလုပ်ရမှာလဲ။

ကိုယ့် program ကိုယ်ဆွဲပြီး အရင်လို ပျော်ကြမလား။၊ မင်းမိုရ်ကိုပဲ မြေလှန်ရှာရမလား။ သူပျောက်နေတာဟာ သူ့စိတ်နဲ့သူ့ကိုယ် မလာချင်လို့ ပျောက်နေတာဆို ကိစ္စမရှိဘူးလေ။ အဲဒီတော့မှ ညက မင်းမိုရ်ရဲ့ အမေဆီ ဖုန်းဆက်ထားတာကို ညို သွားသတိရတယ်။

"ဟောတော့…"

"ဘာဖြစ်ရပြန်တာလဲ ညို"

အနားမှာရှိတဲ့ထည်က ဂရုတစိုက်မေးတယ်။

"ငါမေ့နေတာ၊ ညက ငါ မင်းမိုရ်အမေဆီ ဖုန်းဆက်လိုက်သေးတယ်"

"ဟုတ်လား၊ အန်တီက ဘာတဲ့လဲ"

"ငါ မဆက်ခင်လေးတင် မင်းမိုရ် ဖုန်းဆက်သေးတယ်တဲ့"

"ဟုတ်လား၊ ဘယ်ကဆက်တာတဲ့လဲ"

တင့်တယ်လင်းပါ စိတ်ဝင်စားလာပြီး လှည့်မေးတယ်။ ခုချိန်မှာ ကားမောင်းနေတာက ယက္ခလေ။

"ဘယ်သိမလဲ သူတို့အိမ်ဖုန်းက ID မှ တပ်မထားတာ"

www.burmeseclassic.com

"သူ့အမေကလည်း သူ့သား ဘယ်ကဆက်တယ် မမေးဘူးလား မသိဘူး"

ဝင့်ဝါထည်က မကျေမနပ်လေးဆိုတယ်။ ညိုကပဲ ဝင်ရှင်းရတော့တယ်။

"ဪ... ထည်ရယ်၊ အန်တီက သူ့သားကို ခါတိုင်းလို တိုက်ခန်းကပဲ ဆက်တယ်ထင်မှာပေါ့၊ ပြီးတော့ မင်းမိုရ် ပျောက်နေတာ အန်တီ မသိဘူးလေ၊ ငါတို့နဲ့ အတူရှိနေတယ်ပဲထင်တာ၊ ညကတောင် ငါ့ကို ဟဲ့ အတူမရှိကြဘူးလားမေးလို့ သူက အလုပ်ကိစ္စ အရေးကြီးလို့ ခဏထွက်သွားလို့လို့ ပြောလိုက်ရတယ်"

ညို့စကားအဆုံးမှာ ယက္ခက ဝင်ပြောတယ်။

"ဒါဆို မင်းမိုရ်ဟာ ငါတို့အတွက်ပဲ ပျောက်ဆုံးနေတာ၊ သူ့အမေ အတွက်တော့ ပျောက်ဆုံးမနေဘူး၊ ဒါကိုက မသင်္ကာစရာပဲ"

"အေး... သူ ငါတို့ကို ဘာမကျေနပ်စရာရှိလဲ"

"ငါတို့ ဘာမှလုပ်မထားဘူး"

"ဘာ ကောလဟာလတွေ ကြားထားလဲမှမသိတာ"

"အေး... ငါတို့ပေးထားတဲ့ ပစ္စည်းတွေလည်း ဖျက်ဆီးထားတယ်"

တစ်ယောက်တစ်ပေါက်တွေ ဖြစ်ကုန်ကြပြီ။

ညိုကတော့ အဲဒါတွေဟာ မင်းမိုရ် လုပ်ထားတာလို့ မယုံနိုင်သေးဘူး။ သူခိုးတစ်ယောက်ယောက် ဝင်မွှေသွားတာ မဟုတ်တာကတော့ သေချာတယ်။ သူခိုးဆို ပစ္စည်းပဲယူသွားမှာလေ၊ ဘာမှဖျက်ဆီးထားခဲ့စရာ အကြောင်းအလမ်း မရှိဘူး။

'ငါတို့ ရန်ကုန်ပြန်ရောက်ရင်...' ဆိုတဲ့ ခေါင်းစဉ်ကို သူတို့ပြော





ဆိုနေချိန်မှာ လင်းသိမ့်ညိုကတော့ အဲဒီခေါင်းစဉ်အောက်က ခေါင်းစဉ်ခွဲတစ်ခုကို အသည်းအသန် စဉ်းစားနေမိတယ်။ ဖြစ်နိုင်ရင်ပေါ့လေ။

*


www.burmeseclassic.com

(၂)

ကားပေါ်မှာ ဝယ်ခြမ်းလာတဲ့ မုန့်တွေကိုပဲ လှည့်ပတ်စား၊ ရေသောက်ပြီး တောက်လျှောက်မောင်းလာလိုက်တာ Pentagon ကိုရောက်တော့ နေ့လည် တစ်နာရီထိုးခါနီးနေပြီ။

ရုတ်တရက်ကြီး ဘယ်ကမှန်းမသိ ပြန်ချလာတဲ့ သူတို့အုပ်စုကို ခြံထဲကလူတွေ တအံ့တဩနဲ့။ ဘာမှချက်ပြုတ်ထားတာ မရှိဘူးလို့လည်း အစီရင်ခံတယ်။ ဒါနဲ့ ညိုပဲ ခေါက်ဆွဲခြောက်ထုတ်တွေကို ပြုတ်ခိုင်းလိုက်ရတယ်။

ဆာဆာနဲ့ စားပြီး တန်းအိပ်ကြတော့တာပဲ။

အဲဒီမှာ မအိပ်နိုင်တာက ညိုပါ။ ကိုဆီ ပြန်ရောက်ကြောင်း အကြောင်းကြားပြီးတဲ့ထိ မအိပ်နိုင်ဘူး။ ဘာတွေမှန်းမသိတဲ့ အတွေးတွေနဲ့





ယောက်ယက်ခတ်နေတယ်။ ကိုယ့်အတွေးတွေကိုယ် နေရာချလို့မရခင်မှာပဲ ညို ကိုဆီက ကားကို လှမ်းတောင်းလိုက်မိတယ်။ ညို့ကားဆို လူသိနေဦးမှာလေ။ တခြားလူမသိတောင် မင်းမိုရ်လွင် သိတယ်။ ခုဟာက မင်းမိုရ်လွင်ကို ရှာမှာဖြစ်တဲ့အတွက် မင်းမိုရ်လွင်မသိတဲ့ ကားဖြစ်ဖို့ လိုတာမို့ ကိုကားကို တောင်းလိုက်ရတာပဲ။

ညို ဘာလုပ်မယ်ဆိုတာသိတဲ့ ကိုက ကားကို ညနေမစောင်းခင် ပို့ပေးမယ်လို့ပြောတယ်။ အဆင်ပြေအောင် ညို့ကားပြန်ယူထားဆိုတာတောင် မယူဘူး။

ညနေ လေးနာရီခွဲလောက်ကျ အားလုံး အလျှိုလျှို နိုးလာကြတယ်။ အိပ်ရာကနိုးလာပြီး ငေါင်စင်စင်းတွေနဲ့ ထိုင်နေကြတာမို့ ညိုကပဲ မေးရတော့တယ်။

"ဆက်အိပ်မှာလား၊ တစ်ခုခုလုပ်မှာလား"

"ဆက်လည်း မအိပ်ချင်ဘူး၊ ဘာလုပ်ရမှန်းလဲ မသိဘူး"

အဲလိုဖြေတာက ဝင့်ဝါထည်။

"တစ်ခုခုတော့ လုပ်မှဖြစ်မယ်"

လို့ ဆိုလာသူက တင့်တယ်လင်း။ တံဖိုဘာဒေဝနဲ့ ထိုင်နေတာက ယက္ခ။ ခြံထဲကို လှမ်းကြည့်နေရာက ကိုကားကို မြင်သွားပြီးမေးတယ်။

"ဒါ ဘယ်ကကားလဲ"

"သူ့ချစ်ချစ်ကားလေ"

ဝင့်ဝါထည်က လှမ်းဖြေပေးတယ်။ ယက္ခက မျက်မှောင်ကြုတ်ပြီး မေးတယ်။

"ဘာလုပ်ဖို့လဲ"

www.burmeseclassic.com

"ကိစ္စရှိရင်သုံးဖို့"

ဘာကိစ္စလဲလို့ ထပ်မမေးဘူး။ အမှန်ဆို တင့်တယ်ကားလည်း အသစ်ပဲ။ သစ်သမှ မင်းမိုရ်လွင်တောင် မသိနိုင်သေးတဲ့အသစ်။ ဒါပေမယ့် စိတ်မချရတော့ဘူး။ မင်းမိုရ်လွင်က လူသာရောက်မလာတာ၊ စာတွေက ရောက်ရောက်လာနေတယ်။

"မြရိပ်ညိုမှာ ဒီည show ရှိတယ်မဟုတ်လား"

"မြရိပ်ညို မဟုတ်ပါဘူး မျှော်စင်ကျွန်းပါ"

"သွားကြည့်မယ်လေ"

"မင်းမိုရ် ပါလို့လား"

ထည်က အူကြောင်ကြောင်နဲ့မေးတယ်။ ဒါကို သိရက်နဲ့ ယက္ခက ဘုတောတယ်။

"မင်းမိုရ်ကို သွားရှာမှာမဟုတ်ဘူး ထည်၊ ကောင်မလေးတွေကို သွားကြည့်မှာ နော့... လေင်း"

"အင်း... ဟုတ်တယ်"

ခကျတော့လည်း သူတို့က အတိုင်အဖောက်ညီလို့။ အဲဒါနဲ့ ညိုကပဲ ဝင်ပြောရတယ်။

"သွားကြမယ်လေ၊ ဒါပေမယ့် လူခွဲသွားမယ်"

"ဘာလို့လဲ"

"ခါတိုင်းလို နင်တို့က တင့်တယ်ကားနဲ့သွားကြ"

ဝင့်ဝါက ညို့ကို 'ထည်ကောလား'လို့ လှည့်မေးတယ်။

"ပါတယ် အားလုံး၊ ညိုက ဒီက တင့်တယ် ဒရိုင်ဘာဦးလေးကြီး ကိုခေါ်ပြီး ကို့ကားနဲ့ နောက်မှထွက်မယ်"





လွတ်ကနဲ ထွက်သွားတဲ့ အသုံးအနှုန်းကြောင့် ယက္ခနဲ့ တင့်တယ် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး တမင်ဟားကြတယ်။ ညို ဂရု မစိုက်အားပါဘူး။ အရေးကြီးတာက ညို့အကြံအောင်ဖို့လေ။

"ဖြစ်ပါ့မလားညို၊ ဦးလေးကြီးက သိပ်မကျွမ်းဘူး"

"ငါလည်း မကျွမ်းဘူးလေ"

"နင် ခွဲထွက်ဖို့ ခွင်ဆင်နေတာလား"

ယက္ခက မသင်္ကာသလိုမေးတယ်။

"ဘာမှ ခွင်ဆင်စရာမလိုဘူး၊ တွေ့ချင်ရင် ငါ့ဟာငါ သွားတွေ့မှာ၊ ခုဟာက နင်တို့နောက်က ပါလာမယ့် ကောင်မလေးကို ငါက နောက်ကပြန် လိုက်ချောင်းချင်တာ"

"သိုင်းဝတ္ထုတွေထဲကလို ပေါ်တင်ကြီး နောက်ယောင်ခံလိုက်မလို့ လား"

"ငါ အဲဒီလောက် မတုံးဘူး ယက္ခ"

"ဒါဆို ဟိုကောင်မလေးက တုံးပေါ့"

"ဘယ်သိမလဲ၊ သူ့မှာလည်း သူ့အကြောင်းနဲ့သူ ရှိမှာပေါ့"

တင့်တယ်ကတော့ ခေါင်းခါရမ်းရင်း ရယ်တယ်။

"ညိုတစ်ယောက်တော့ ဝတ္ထုတွေ လိုင်းပြောင်းရေးတော့မယ်ထင် တယ်"တဲ့။

မတတ်နိုင်ပါဘူး။ တကယ်တော့ ဘာမှ မသေချာဘဲနဲ့ စမ်းလုပ်ကြည့် တာသာ ဖြစ်တယ်ဆိုတာ ကိုယ့်ဘာသာကိုယ်ပဲသိတယ်။

"ကဲပါ စိတ်မချရင် ငါ့ဘာသာငါ ဖြည်းဖြည်းမောင်းပါ့မယ်၊ နင့် ဒရိုင်ဘာကြီးကို မခေါ်တော့ပါဘူး"

www.burmeseclassic.com

"အေး... အဲလိုလုပ်ပါ၊ အပြန်ကျရင်တော့ ညနက်မှာမို့ ငါတို့ကို လှမ်းချိတ် တစ်ယောက် လာမောင်းပေးမယ်"

"အင်း..."

ပြီးလွယ်စီးလွယ်သာ သဘောတူလိုက်တာ ညကျရင် ဒီကားကို Pentagon ပြန်ယူမလာဖို့ စဉ်းစားထားပြီးသား။

အားလုံး ပြင်ဆင်ပြီးတော့ ဝင့်ဝါက ကျော့ကျော့မော့မော့လေး ကားပေါ်တက်သွားတယ်။ ယက္ခက ကားမောင်းတယ်။ တင့်တယ်က ဘေးကထိုင်လို့။ သူတို့ ကားထွက်သွားပြီး မိနစ်နှစ်ဆယ်လောက်ကြာမှ ညို မောင်းထွက်ခဲ့တယ်။

လမ်းတလျှောက်မှာ ဘာကားမှ မတွေ့ရဘူး။

ထည့်ဆီ ဖုန်းလှမ်းဆက်တော့ ထည်က–

"ငါတို့နောက်မှာ ဘာကားမှ မရှိဘူး"တဲ့။

'တော့မှ လန့်ဖြန့်ပြီး ကိုယ့်နောက်လိုက်လာတဲ့ ကားများရှိလား ပြန်သတိထားရတယ်။ မရှိဘူး။ ကားများပြောင်းထားသလားလို့ ကြည့်တော့ လည်း မဟုတ်ဘူး။ ဒါနဲ့ ဝင့်ဝါတို့ဆီ လှမ်းဆက်ပြီး တခြားကားတစ်စီး စီးပါလား ကြည့်ခိုင်းတော့လည်း မတွေ့ရဘူး။

ညို အကြံကြီးကြံကာမှ လွဲပြီထင်ပါရဲ့။

မျှော်စင်ကျွန်းကို ထည်တို့ ယက္ခတို့ ရောက်သွားတဲ့ထိ ဘာထူးခြား မှုမှ မရှိဘူးတဲ့။ အဲဒါနဲ့ ညိုလည်း ကားကို ကို့အိမ်မှာ ပြန်ထိုးပေးခဲ့ပြီး Taxi နဲ့ မျှော်စင်ကျွန်းကို လိုက်သွားလိုက်တယ်။

ဟိုရောက်တော့ သူ့ကို ဝိုင်းရိတော့တာပါပဲ။

"ဘယ်လိုလဲ... ဆားပုလင်းညို အဆင်ပြေတယ်မဟုတ်လား"





"အို... ပြေပုံက ဆားပုလင်းညိုလာရင် အကုန်ရှောင်ကြရားကြ တော့တာပဲ"

"လက်လျှော့သွားတာလား၊ ရှေ့တိုးမယ့်ဆင် နောက်တစ်လှမ်းဆုတ် တာလား သတိထားပေါ့ ဆားပုလင်းညိုရယ်"

တစ်ယောက်တစ်ပေါက် စကားတွေကို ညို စိတ်မဆိုးမိပါဘူး။ ညိုကိုယ်တိုင်ကိုက ကိုယ့်ကိုယ်ကိုယ် ရယ်ချင်နေမိတာကိုး။ လူတတ်ကြီး လုပ်ပြီး ကောင်မလေးကို ထောက်လှမ်းဖို့ပြင်ကာမှ လုံးဝကို ပျောက်သွား တော့တာ။ ဒီကြားထဲမှာ ကောင်မလေးများ ခရီးပမ်းပြီး နေမကောင်းဖြစ် တာလားမသိဘူးလို့ အားအားယားယား တွေးပူလိုက်မိသေးတာတော့ ကိုယ့်ဘာသာကိုယ်ပဲ သိတာမို့ တော်သေးတာပေါ့။

မျှော်စင်ကျွန်းထဲမှာ ရှုစီရှုစီနဲ့ သွားလာလှုပ်ရှားနေကြတဲ့ လူတွေကို ကြည့်ပြီး ဒီလောက်များတဲ့ လူတွေထဲမှာ ဘာလို့ မင်းမိုရ်လွင် မပါရတာ တဲ့လဲလို့ အသည်းတယားယား တွေးနေမိသေးတယ်။

အဲဒီအချိန်မှာပဲ လူတစ်ယောက်က ယက္ခကို လာနှုတ်ဆက်တယ်။ သူ့ကို မြင်တယ်ဆိုရင်ပဲ ဝင့်ဝါထည်က ကန်ဖက် မျက်နှာမူပြီး အနေအထား ရွှေ့ထိုင်လိုက်တာမို့ တစ်ယောက်ယောက်တော့ တစ်ယောက်ယောက်ပဲလို့ တင်လိုက်မိသား။

"ကိုယက္ခ show လာကြည့်တာလား"

"ဆိုပါတော့"

"နားနေတယ်ဆို"

အဲဒီစကားကြောင့် ယက္ခတော့ မသိဘူး။ ညိုက မျက်လုံးပြူးပြီး နားရွက်တောင် ထောင်သွားလား မှတ်ရတယ်။ ယက္ခက 'ဆိုပါတော့'


www.burmeseclassic.com

ဆိုတဲ့ စကားကိုပဲ ထပ်ပြောတယ်။ သူ့စကား ထပ်မထွက်လာအောင်က သူ့ကို ဆက်မေးမှ ရမှာလေ။ ဒီတော့ ယက္ခက မေးတယ်။

"ခင်ဗျားကော show လာတာလား"

"ဟုတ်တယ် show လာရင်း ဟိုဘက်မှာ မင်းမိုရ်လွင်နဲ့ တွေ့လို့ one minute interview တောင် လုပ်ခဲ့သေးတယ်"

မြတ်စွာဘုရား။

ညိုရယ်၊ ထည်ရယ်၊ တင့်တယ်ရယ် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြတယ်။ မင်းမိုရ်လွင် ဆိုတာကိုး။ ဒါပေမယ့် ယက္ခက တော်တယ်။ တည်တည်ငြိမ်ငြိမ်ပဲ။

"ဟုတ်လား... ဘယ်နားမှာလဲ၊ ကျွန်တော့် ညီမလေးတစ်ယောက်က သူ့ကို မိတ်ဆက်ချင်နေတာ"

"ဟုတ်လား... ဟိုဘက်မှာလေ"

"ဘယ်နားလဲ"

"တွေ့လား... ဟိုအဝင်ဝနားက Fuji House ရှေ့နားက ဝရံတာကြီးနားမှာ"

ဝရံတာကြီးဆိုတဲ့ စကားကြောင့် ထည်က အရေးထဲ ကြိတ်ပြုံးသေးတယ်။

ဒါပေမယ့် နေရာသိသွားပြီဖြစ်တဲ့ ယက္ခက ထိုင်ရာကထပြီး အဲဒီလူကို စကားပိတ် နှုတ်ဆက်တယ်။ 'နောက်မှတွေ့ကြတာပေါ့'တဲ့။

ကမန်းကတန်း ထထွက်သွားတဲ့ ယက္ခနောက်ကို အားလုံးက လိုက်ချင်ပေမယ့် ထ,မလိုက်ရဲဘူး။ ဟို interviewer ဆိုတဲ့လူက ယက္ခ ...ရာကို သေချာလိုက်ကြည့်နေတာကိုး။ တော်သေးတာတစ်ခုက ညိုတို့





ဘက်ကို ထပ်လှည့်မကြည့်သွားတာပါပဲ။

ခဏနေကျတော့ ယက္ခ ပြန်ရောက်လာတယ်။ ရှုံ့မဲ့လို့။

"တွေ့လား"

"မတွေ့ပါဘူး"

"ဒါဆို ဟိုလူပြောတာကော ဟုတ်ရဲ့လား"

"ဟုတ်တယ်... ဟုတ်တယ်၊ အဲဒီနားက ကောင်မလေးတွေ ခုထိ အရှိန်မသေသေးတာကို တွေ့ခဲ့ရတယ်"

"နင် ရောက်သွားတော့ အရှိန်ပြန်တက်သွားရောလား"

ဝင့်ဝါထည်က တမင်မေးလိုက်တာပါ။ ယက္ခက ခေါင်းကို အတွင်တွင်ရမ်းရင်း သူပြောချင်တာကိုပြောတယ်။

"ဒီကောင် ဒီရောက်နေတာ တိုက်ဆိုင်တာလား"

"သိပဲ သိနေလို့လား"

...က စကားကို ထပ်ဖြည့်တာက တင့်တယ်လင်းပါ။

ဟုတ်တော့ ဟုတ်တာပဲ။ စာတိုစာစတွေ ရောက်မလာတဲ့နောက်မှာ မင်းမိုရ်လွင်ရဲ့ သီချင်းတွေကြိုက်တဲ့ ကောင်မလေးရဲ့ကားနဲ့ တွေ့တယ်။ ...ခု မင်းမိုရ်လွင် ကိုယ်တိုင်ကို ကိုယ်ယောင်ဖျောက်နေတာ ကြားသိခဲ့ရတယ်။ ဘာတွေလဲကွာ။ ဘာတွေလဲ မင်းမိုရ်လွင်ရာ။

*


www.burmeseclassic.com

## (၃)

ဒီအချိန်လောက်ဆိုရင် မျှော်စင်ကျွန်းထဲမှာ မင်းမိုရ်လွင်တစ်ယောက် ရှိတန်ကောင်းသေးရဲ့လို့တွေးပြီး သူတို့လေးယောက် အချိန်နဲ့ ဆုံမှတ်ကို သတ်မှတ်ပြီး လူစုခွဲလိုက်ကြတယ်။ ညိုထွက်လာရာ လမ်းတလျှောက်မှာတော့ လူတွေရဲ့ အာရုံက စတိတ်ရှိုးရှိတဲ့ဖက်ပဲ ဦးတည်နေတယ်။ မင်းမိုရ်လွင် ပါ,မပါ ငြင်းခုန်နေကြတာကိုလည်း ကြားရသေးတယ်။

"မင်းမိုရ်လွင် မပါ,ပါဘူး"

"ငါ တွေ့လိုက်တယ်"

"ကြော်ငြာထားတဲ့ထဲ သူ မပါဘူး၊ လာကြည့်တာနေမှာပေါ့"

"ဖြစ်နိုင်တယ်၊ သူ့ပုံစံက ဘာမှပြင်ဆင်မထားဘူး၊ တီရှပ်အဖြူ [illegible]နဲ့ပဲ"





ကောင်မလေးတွေ မင်းမိုရ်လွင်ကို စိတ်ဝင်တစား ရှိကြတာကိုကြည့်ပြီး ညို သဘောတကျ ပြုံးမိသေးတယ်။ ခုချိန်မှာတော့ သူတို့နဲ့အပြိုင် ညို လည်း ကိုယ့်သူငယ်ချင်းကို ကိုယ် သူစိမ်းတစ်ယောက်လို ပြန်စိတ်ဝင်စားနေရတဲ့ဘဝ။

"ညီမလေး မင်းမိုရ်လွင်ကို ဘယ်နားမှာ တွေ့လိုက်တာလဲ"

"ဟိုဘက် အကောင်တွေထားတဲ့နားမှာ"

အဲဒီဖက်ကို ထွက်သွားတာ သေချာရင်တော့ ယက္ခနဲ့ တည့်တည့်တိုးမှာပဲ။ ညို လျှောက်လာတဲ့ဖက်မှာတော့ ကျိုးကန်းတောင်းမှောက်ကော၊ ဇလုံမှောက်ကော ရှာတာတောင် မင်းမိုရ်လွင်နဲ့ ဆင်ဆင်တူတာတောင် မတွေ့ဘူး။

"ဟော..."

မင်းမိုရ်လွင်သာ မတွေ့တာ ကလေးတွေ လေးငါးယောက်ကိုခေါ်ပြီး လမ်းလျှောက်ထွက်လာပုံရတဲ့ မင်းမိုရ်အမေကိုတော့ တွေ့လိုက်ရတယ်။

"ဟယ်... သမီး... ညို"

ညိုလည်း ဝမ်းသာအားရနဲ့သာ နှုတ်ဆက်လိုက်တာ ဘာပြောရမှန်း မသိလို့ အရိပ်အခြေ ကြည့်ရသေးတယ်။

"သမီးတို့က လူစုခွဲပြီး လျှောက်သွားနေတာလား"

ညို မျက်လုံး မသိမသာပြူးသွားရလျက်က ကဗျာကယာ ခေါင်းညိတ်လိုက်ရတယ်။

"ဟုတ်တယ် အန်တီ၊ မင်းမိုရ်နဲ့ တွေ့ပြီးပြီလား"

"တွေ့ပြီးပြီလေ၊ စောစောကပဲ ဟိုဘက်မှာ ယက္ခတို့နဲ့ ပြန်ချိန်းထားတယ်ဆိုပြီး ထွက်သွားတာ"

www.burmeseclassic.com

"ဩော် ဒါနဲ့ အန်တီ"

"ပြော… ညို"

"အန်တီ့ကို သူက ဒီလာမယ် ပြောထားတာလား"

"ဟုတ်တယ်… ဟုတ်တယ်၊ အန်တီ့ကို ပိုက်ဆံလာတောင်းတာလေ"

ဗုဒ္ဓေါ…။ မိဘကို ရှာကျွေးနေတဲ့ မင်းမိုရ်လွင်က အမေ့ဆီက ပိုက်ဆံတောင်းသတဲ့။

"သူ… သုံးစရာပြတ်နေလို့လား အန်တီ"

"ဟုတ်တယ်၊ သူ့အိမ်လည်း မပြန်ဖြစ်လို့ ခဏလာဆွဲတာတဲ့၊ သူ့ကို ဘယ်သူကမှ မချေးကြဘူးဆိုပဲ ဟုတ်လား ညို"

"မဟုတ်ပါဘူး"

ညိုက လွှတ်ကနဲ မဟုတ်ဘူးသာ ပြောလိုက်တာ။ ဘာဆင်ခြေပေးရမှန်း မသိဘူး။

"အန်တီ ထင်ပါတယ်၊ သူက လူတစ်မျိုးလေ၊ အရမ်းများသုံးနေလား ညိုရယ်"

"အဲ… ဟို… အရမ်းသုံးတယ်တော့ မဟုတ်ပါဘူး၊ သိတယ်မဟုတ်လား အန်တီ၊ ဒီအချိန်မှာ ညိုတို့က ထင်ရာလုပ်ကြတာ၊ ပိုက်ဆံတော့ နည်းနည်းကုန်တာပေါ့"

"အေးပါကွယ်"

"ဒါ… ဒါဆို ညို သွားဦးမယ်နော်၊ အန်တီ ပြန်တော့မှာလား"

"အေး… ပြန်မှာ၊ အိမ်နားက သူများကလေးတွေ မရောက်ဘူးလို တင်ခေါ်လာတာ၊ စောစောပြန်မှဖြစ်မှာ"

"ဟုတ်တယ်… ဟုတ်တယ်"





"ကဲ… သွားတော့… သွားတော့"

ညိုလည်း အန်တီ့ကိုထားပြီး ထွက်လာခဲ့လိုက်တယ်။ မင်းမိုရ် တစ်ကောင် ဘဏ်ကိုပြေးပြီး ပိုက်ဆံမထုတ်နိုင်လောက်အောင်၊ အိမ်ခန်းပြန်ပြီး ပိုက်ဆံမယူနိုင်လောက်အောင် ဘာတွေဖြစ်နေတာလဲလို့ တွေးလိုက်မိသေးတယ်။

လျှောက်ရင်းလျှောက်ရင်းနဲ့ ကိုယ့်အတွက် သတ်မှတ်ထားတဲ့ နေရာသာ ကုန်သွားတယ်။ မင်းမိုရ်လွင်ကို မတွေ့ဘူး။ ဒါကြောင့် စုရပ်ကို ပြန်ခဲ့လိုက်တယ်။

ပြန်ဆုံဖို့ သတ်မှတ်ထားတဲ့နေရာမှာ ညို့ထက် အရင်ရောက်နေတာက ယက္ခ။

"သေချာသွားပြီ ညို"

"ဘာသေချာတာလဲ"

"နင်တို့ ကောင်မလေးက ငါ့နောက်လိုက်တာ မဟုတ်ဘူးဆိုတာ"

"ဟင်… နင် တွေ့ခဲ့လား"

"အေး တွေ့ခဲ့တယ်"

ညို စိတ်ညစ်သွားတယ်။ အမှန်တကယ်က သူသွားတဲ့ဖက်မှာ သူများတွေက မင်းမိုရ်လွင်ကို တွေ့ခဲ့တာ။ ခုတော့ သူက ကောင်မလေးကို တွေ့ခဲ့တယ်တဲ့။

"မင်းမိုရ်ကို အဲဒီဘက်မှာ တချို့က တွေ့ခဲ့တယ်တဲ့"

"ငါ မတွေ့ဘူး"

"နင် ကောင်မလေးကိုတွေ့တော့"

"သူက ငါတစ်ယောက်တည်းဆိုပြီး အခွင့်အရေး မယူပါဘူး"


www.burmeseclassic.com

အရေးထဲ နောက်နေနိုင်သေးတာမို့ ညို စိတ်တိုသွားရတယ်။

"သေလိုက်… သူ နင့်ကိုမြင်လားမေးတာ"

"မြင်တယ်၊ မြင်တာမှ သေသေချာချာကြီးကိုမြင်တာ၊ ဒါပေမယ့် သူက ငါ့ကိုကျော်ပြီး တခြားကို ဆက်လျှောက်သွားတယ်၊ ကားနဲ့တုန်းက လို နောက်ကလိုက်မလာတာပဲ ကျေးဇူးတင်ရဦးမယ်"

ညို့စိတ်ထဲမှာတော့ မတင်မကျကြီး။

ဘာလဲဟ…။ လိုက်တုန်းက တောင်ငူအထိ အပင်ပမ်းခံလိုက်ခဲ့ပြီး ခုကျကာမှ ဘာမှမဖြစ်သလိုဆိုတော့ စဉ်းစားစရာ။ ယက္ခ ပြောသလို သူ့ကို မဟုတ်တာ သေချာရင် တင့်တယ်များလား။ တင့်တယ်မဟုတ် ရင်တော့ သူနဲ့ ထည်ပဲ ရှိတော့တာမို့ ညို စိတ်တွေရှုပ်လာတာ မဆန်း။

"နင်ကကော မတွေ့ခဲ့ဘူးလား၊ အရိပ်အယောင်လေးတောင်"

"အရိပ်အယောင်တော့ မတွေ့ခဲ့ပါဘူး။ ငါ သူ့အမေ အန်တီကိုတော့ အရှင်လတ်လတ်ကြီး တွေ့ခဲ့တယ်"

"မင်းမိုရဲ့ အမေလား"

"အေး"

"ဘာ လာလုပ်တာတဲ့လဲ"

"သူ့သား ပိုက်ဆံတောင်းလို့ လာပို့တာတဲ့"

"ပိုက်ဆံတောင်းတယ်… ဟုတ်လား"

ယက္ခကလည်း ဒီဝါကျကို တအံ့တဩနဲ့။ သူလည်း ညို့လိုတွေးမှာ ပဲပေါ့။

"အန်တီက ငါတို့နဲ့ သူ့သား အတူရှိမနေတာကို မသိသေးဘူး"

"နင် ဘာပြောလိုက်လဲ"





"ငါ မပြောရဘူး သူ့သားက ပြောသွားတာ၊ ညိုတို့ ဟိုဘက်မှာရှိ တယ်လို့တဲ့"

ယက္ခ မျက်လုံးပြူးသွားတယ်။

"ဟ… ဒါဆို ငါတို့ ဒီထဲမှာရှိနေတာ သူသိတယ်ပေါ့"

ညိုက ခေါင်းခါပြလိုက်တယ်။

"မဝေးပါနဲ့ ယက္ခရယ်၊ သိချင်လည်း သိမှာပေါ့၊ ဒါပေမယ့်အန်တီက ငါတို့ရောလို့မေးလို့ ခပ်တည်တည်နဲ့ လိမ့်သွားတာဖြစ်နိုင်တယ်"

ဒါကိုတော့ ယက္ခက လက်ခံပုံရတယ်။ မငြင်းဘူး။ ပြီးမှ–

"ဒီကောင် ဒီကို Taxi နဲ့လာလား မသိဘူး"

"ဘာလို့လဲ"

"သူ့ကားလည်း မတွေ့ဘူး"

"ပြိုင်ကား အပြာလေးကော"

"ပြိုင်ကားလည်း မတွေ့ဘူး"

ဟုတ်တယ်။ ညိုလည်း မတွေ့မိဘူး။ ရှာတုန်းက လူပဲရှာပေမဲ့ ကားတွေကိုလည်း ကြည့်ဖြစ်ခဲ့တာပဲ။ မတွေ့တာ သေချာပါတယ်။

"ဟိုနှစ်ကောင်က ကြာလိုက်တာ"

ယက္ခက စိတ်မရှည်သလိုပြောပြီး ဗိုက်ဆာတယ်ဆိုကာ ကတ်ကြေး ကိုက်တစ်ပွဲ မှာစားတော့တယ်။

"နင်လည်း ဆာရင်စားပါလား ညို"

ညိုလည်း ဒီတော့မှ ဆာရမှန်းသိတယ်။ အဲဒီအချိန်မှာပဲ ဖုန်းထဲကို message ဝင်လာသံ ကြားရတယ်။ ညို ဖွင့်ကြည့်မိတော့။

"ဟောတော့…"


www.burmeseclassic.com

"ဘာဖြစ်တာလဲ"

"ဟိုကောင်... ဟိုကောင်"

"မင်းမိုရ်လား"

"အင်း... သူ့ဆီက message"

"ဘာတဲ့လဲ"

"နင်တို့ ဘာဆက်လုပ်ကြမှာလဲ၊ လုပ်စရာရှိတာလုပ်၊ ငါ့ကိုမစောင့်နဲ့တော့တဲ့"

ဒါလား ညီတို့ပစ္စည်းတွေကို ဖျက်ဆီးထားတဲ့ သူငယ်ချင်းရဲ့စကားလုံးတွေ။ ညီ မယုံတာ ဒါတွေပဲပေါ့။ ညီ ချက်ချင်း မင်းမိုရ်ဖုန်းကို ကောက်ဆက်တော့ ပိတ်ထားတာကိုပဲ ကြားရတယ်။ အဲဒီကြားထဲက ပလီပလာပြောတတ်တဲ့ မိန်းတွေကိုပဲ ရိုက်ချင်တော့တယ်လို့ တွေးနေမိတယ်။

"နင် message ပြန်ပို့ထားလေ၊ ဒါမှ သူဖွင့်တာနဲ့ ရမှာပေါ့"

"ကောင်းသားပဲ"

ညီ message ပြန်ပို့တယ်၊ တိုတိုပဲ။

"မင်းမိုရ်...

နင်ဘယ်မှာလဲ

ငါတို့ စိတ်ပူနေတယ်

လင်း၊ ညီ၊ ခ၊ ထည်"

စိတ်ပူတယ်ဆိုတဲ့ ဝေါဟာရကို နားကောလည်ရဲ့လား မသိဘူးလို့လည်း စိတ်ပေါက်ပေါက်နဲ့ တွေးနေမိသေးတယ်။ အရေးထဲ တင့်တယ်နဲ့ ဝင့်ဝါထည်ကလည်း ပြန်မရောက်လာကြဘူး။ တင့်တယ်ကို ပူစရာမရှိဘူး





လို့ တွေးလိုက်မိပြီးမှ ကောင်မလေးကို သတိရသွားတယ်။

"မြတ်စွာဘုရား"

"ဘာလဲ ဘာဖြစ်ရပြန်တာလဲ"

"ကောင်မလေးနဲ့ တင့်တယ် တွေ့နေလားမသိဘူး"

ယက္ခ စိတ်ပျက်လက်ပျက်နဲ့ ညီ့ကိုကြည့်တယ်။ ပြီး ပြောသေးတယ်။

"နင်ဟာလေ စာရေးဆရာမလုပ်နေပြီး တုံးလွန်းတာလား၊ လိုင်းချော်နေတာလား မသိဘူး၊ တွေ့ကြပါပြီတဲ့၊ တင့်တယ်ဆိုတဲ့ကောင်ကို ကောင်မလေးက လက်လိုက်ဆွဲ၊ ရည်းစားစကား လိုက်ပြောရုံအပြင် မပိုဘူး၊ ကားတင်ပြေးလို့လည်း မရဘူး ညီ"

"ငါ မတုံးဘူး ယက္ခ၊ ငါ တွေးတာကတခြား၊ အန္တရာယ်ရှိမှာကို တွေးတာ ချစ်လို့လိုက်နေတာမဟုတ်ဘဲ မုန်းလို့လိုက်တာဆိုရင်..."

ညီ့စကား မဆုံးလိုက်ဘူး။ ယက္ခက လက်ကာထားတယ်။

"တော်တော့... တော်တော့ နင့်ဇာတ်ကို နင့်ဘာသာနင် လိုင်းပြောင်းရေးလိုက်၊ ငါကတော့ အစားပဲ ကုန်အောင်စားမယ်၊ အတွေးကို ကုန်အောင် မတွေးနိုင်ဘူး၊ ဦးနှောက်ညောင်းတယ်"

ပြီး... အေးအေးဆေးဆေး သူစားစရာရှိတာ ဆက်စားနေတယ်။ ညီ့မှာသာ အပူအပင်တွေနဲ့။ (ဘာကိုပူမှန်းလည်း သေချာမသိဘဲ) ဘာမှ စားချင်စိတ်မရှိ ဖြစ်နေရတယ်။ အိမ်ပြန်ရင် ကောင်းမှာပဲလို့လည်း တွေးမိပါရဲ့။ တစ်ခါမှ ဒီလိုမဖြစ်ခဲ့ဖူးပါဘူး။ ခုမှ...။

*

www.burmeseclassic.com

## (၄)

တော်တော်ကြီးကြာမှ ဝင့်ဝါထည် ပြန်ရောက်လာတယ်။ ခါတိုင်းသာဆို ညို စိတ်ပူပူနဲ့ မေးမိမှာပဲ။ ခု တမင် အသံတိတ် ဆန္ဒပြတဲ့အနေနဲ့ လက်ပိုက်ကြည့်နေလိုက်တယ်။ မနေနိုင်ရင် မနေနိုင်တဲ့လူ မေးပစေ။ ပြောပစေတွက်တာ။ ယက္ခကတော့ မမေးပါဘူး။ ဝင့်ဝါထည်ကပဲ ပြောရတယ်။

"လျှောက်ရတာ ညောင်းလိုက်တာ၊ လိုက်ရတာ မောလိုက်တာ... ဆာလှပြီ၊ မှန်း... နင် ဘာစားတာလဲ"

"ကတ်ကြေးကိုက်... ကုန်ပြီ"

ယက္ခက သူ့ပန်းကန်ကို ရက်ရက်ရောရော ထိုးပေးပြီး ဇွန်းထဲက နောက်ဆုံးလက်ကျန်တစ်လုပ်ကို ပါးစပ်ထဲ ထည့်ပစ်လိုက်တယ်။





ဝင့်ဝါကလည်း အေးအေးဆေးဆေးပဲ။ သူ့ပန်းကန်ကို ပြန်တွန်းလိုက်ပြီး အသစ်တစ်ပွဲမှာတယ်။ အအေးပါ မှာလိုက်သေးတယ်။ ပြီးမှ-

"ငါ တွေ့လိုက်တယ် သိလား ညို"

ညို ခေါင်းလည်းမညိတ်၊ ထောက်လည်း မထောက်ခံဘဲ ကြည့်နေလိုက်တယ်။

"ဒီကောင်က လှစ်နေတာပဲ၊ ငါ့ကိုမြင်လို့လား သူ့ဘာသာသူ ကိစ္စရှိလို့လား မသိဘူး မြန်လိုက်တာ၊ ဘယ်ရောက်သွားမှန်းကို မသိဘူး၊ ငါ့မှာ လိုက်ရတာ ရပ်ပျက်ဆင်းပျက်"

သူ့စကားအရဆို သူဟာ မဟာကံထူးရှင်အဖြစ်နဲ့ မင်းမိုရ်လွင်နဲ့ တွေ့ခဲ့တယ်ပေါ့။ ဒါပေမယ့် သူကလည်း ထိပေါက်ပြီးကာမှ ထိလက်မှတ်က လွင့်လွင့် လွင့်လွင့်နဲ့ လေနဲ့ပါသွားတဲ့ ခံစားမှုမျိုး ကြုံခဲ့ရတာပဲ။

"နင် သူ့နောက်လိုက်နေလို့ ကြာတာလား"

ယက္ခက ခုမှမေးတယ်။

"အေး... လိုက်ရုံတင်မကဘူး ပျောက်သွားတဲ့နားမှာ ရှာနေတာ အကြာကြီး၊ ဟဲ့ ညို နင့်ဟာက တိတ်လှချေလား၊ နင်နဲ့ကော မတွေ့ခဲ့ဘူးလား"

ညို ခေါင်းပဲခါပြလိုက်တယ်။

"ဟင်... ဒါတော့ ပုံမှန်မဟုတ်တော့ဘူး၊ ယက္ခ ညို ဘာဖြစ်နေလဲ၊ နင် ဘာလုပ်ထားလဲ"

ဝင့်ဝါထည်က နပ်တဲ့နေရာမှာ အရမ်းနပ်တဲ့သူဆိုတော့ ချက်ချင်း ယက္ခကို မသက်သာလို မေးတော့တာပဲ။

"ဘာလုပ်ရမှာလဲ၊ သူလို ပညာရှိ စာရေးဆရာမကို ငါက တော့

www.burmeseclassic.com

ပြောလို့ ကောက်နေတာနေမှာပေါ့"

ဝင့်ဝါထည်က ရယ်တယ်။ ပြီးမှ ညို့ကို လှည့်ချော့တယ်။

"ညိုရယ် နင်လည်း သိသားနဲ့ တချို့လူတွေက တဆိတ်ကို တစ်အိတ်လုပ်ချင်ကြတာ၊ သူတို့ နည်းနည်းလေး သိတာကို များများသိတယ် ထင်ပြီး ပြောချင်ရာ ပြောနေတာကို နင် ခွင့်လွှတ်လိုက်ပါ၊ ပညာရှိအမျက် အပြင်မထွက်စေနဲ့၊ သူတို့က ပညာမဲ့ဒေါသနဲ့ လူကိုစော်ကားလိုက်ပြီးပြီ၊ နင်က ပညာရှိပီပီ ခွင့်လွှတ်လိုက်လေ"

ဝင့်ဝါထည် လုပ်ကာမှ ညို ရယ်ချင်သွားရတယ်။ ယက္ခလည်း သူ့ကို ပညာမဲ့လို့ ပြောနေတာကို သိသိကြီးနဲ့ ဒေါသထွက်ရမဲ့အစား ထရယ်နေတယ်။ ပြီးတော့–

"တော်တော့ ထည် နင့်ဟာက ရွှေပြည်အေးတရား ဟောနေတာနဲ့ မတူဘဲ ရန်တိုက်ပေးနေတာနဲ့တူတယ်"

လို့ပြောတယ်။

ဒီတော့မှ ဝင့်ဝါထည်က မျက်လုံးပြူးကြည့်ပြီးပြောတယ်။

"ဟင်... ဒါ ရန်တိုက်ပေးတာလေ၊ ရွှေပြည်အေးတရား ဟောနေတယ်ထင်လို့လား၊ ထည်တို့က ဝါသနာမပါဘူး"

"ဒါပေါ့... ညို၊ ကြာရင် ကြားထဲက မြွေခွေး အကုန်စားသွားလိမ့်မယ်"

ဘာမှန်းမသိဘဲနဲ့ နားစွန်နားဖျားနဲ့ ပြောချင်ရာပြောပြီး ဝင်ထိုင်ချလာတာက တင့်တယ်လင်း။

"ဝင်မရှုပ်နဲ့ ငလင်း ဘာမှမဆိုင်ဘူး"

"ဩော်... မဆိုင်ဘူးလား၊ ငါက ဆိုင်တယ်မှတ်လို့၊ ဟိုဘက်မှာက





မြေခွေးအကြောင်း ပြောနေကြတာ"

တင့်တယ် ပုံစံကြည့်ရတာ အေးအေးဆေးဆေးပဲ။ ဘာမှပြောစရာ ပါလာပုံလည်း မရဘူး။ ဘယ်သူတွေ ဘာဖြစ်လာလဲလည်း မမေးဘူး။ မနေနိုင်တဲ့ ညိုကပဲ ပညာရှိဒေါသကို လျှော့ချပြီး မေးရတယ်။

"နင် ဘာလို့ နောက်ကျတာလဲ"

"ဟိုလေ... သူငယ်ချင်း တစ်အုပ်စုနဲ့တွေ့ပြီး ထိုင်စကားပြောနေမိတာ၊ ဒါကြောင့်"

ဖြစ်ရတယ်ဆိုတဲ့ အကြည့်တစ်ချက်နဲ့ပဲ တင့်တယ်လင်းကို ဂုဏ်ပြုလိုက်တယ်။ စကားပြောရတာ မောလွန်းလို့။ ယက္ခကပဲ မေးတယ်။

"ဒါဆို မင်း... မင်းမိုရ်ကို အရိပ်တောင် မတွေ့ခဲ့ဘူးဆိုပါတော့"

"အင်း... အရိပ်တော့ မတွေ့ဘူး၊ အသံတော့ကြားနေရတယ်"

"ဘာလဲ ဘာသံလဲ"

"သူ့သီချင်းသံလေ"

"သေလိုက်"

အမှတ်တမဲ့ ဝင်မေးမိတဲ့ ထည်တစ်ယောက် 'သေလိုက်'ဆိုတဲ့စကားလုံးနဲ့ ရှုံးနိမ့်သွားရတာကလွဲလို့ အဖြေမထွက်ဘူး။ ဒီတော့မှ ညိုက မင်းမိုရ်လွင် အမေနဲ့ တွေ့ခဲ့တာ၊ ဟိုကောင့်ကို ပိုက်ဆံလာပို့တာ၊ ယက္ခက ကောင်မလေးနဲ့ တွေ့ခဲ့ပြီး ကောင်မလေးက သူ့ကို အဖက်မလုပ်တာ၊ ထည်က မင်းမိုရ်ကို အရှင်လတ်လတ်ကြီး တွေ့လိုက်ပြီးကာမှ ပျောက်သွားတာ၊ စတာ စတာတွေကို ယက္ခက တင့်တယ်ကို ပြောပြတယ်။

တင့်တယ်က ယက္ခ စကားအဆုံးမှာ မေးတယ်။

"ဒါဆို ကောင်မလေးက မင်းနောက်လိုက်တာ မဟုတ်တော့ဘူးပေါ့"

www.burmeseclassic.com

"အေး... ဒါကြောင့် မင်းကို ညိုက အန္တရာယ်ရှိမှာ ပူနေတာလေ၊ ကောင်မလေးက ကားတင်ပဲပြေးမလား၊ လက်ဆွဲပြီး ရည်းစားစကားပြော၊ ဗလက်ကာယပဲ လုပ်မလား စသဖြင့် ပူနေတာလေ"

ညို မိန်းကလေးပီပီ မျက်စောင်းပဲ ထိုးလိုက်မိတယ်။ ခုထိကို စကားများများ ဝင်ပြောချင်စိတ် မရှိသေးဘူး။ အိမ်ပြန်ချင်နေတယ်။ ပထမဆုံးအကြိမ်အဖြစ် Pentagon နေ့ရက်တွေကနေ ထွက်ပြေးချင်စိတ်တွေ ပေါက်နေတယ်။ ချစ်သူကို သတိရနေတယ်။

"နင် ဘာစားမလဲ မှာလေ"

"မစားတော့ဘူး စားခဲ့ပြီ"

ညိုကတော့ အစားကို ဝတ်ကျေတန်းကျေစားပြီး show ချိန်ကျတော့ သူတို့ ထသွားတဲ့နောက် မလိုက်ဘဲ အဲဒီခုံလေးမှာပဲ ငြိမ်ငြိမ်လေး ထိုင်နေခဲ့ဖို့ ဆုံးဖြတ်လိုက်တယ်။

"ငါ ဒီမှာပဲ ထိုင်နေခဲ့တော့မယ်"

"ဘာလဲ ဒါက ငါ့ကို ကောက်နေတုန်းဆိုတဲ့ သဘောလား"

ယက္ခက ရယ်ကျဲကျဲနဲ့ မေးတယ်။

"ဟင့်အင်း၊ ငါ မလိုက်ချင်တာ"

"နင့်ကို စိတ်မချပါဘူး လာ ထ"

ယက္ခက ငယ်ငယ်တုန်းကလိုပဲ လက်ကို လှမ်းဆွဲထခိုင်းတယ်။

ထည်ကလည်း တခြားလက်တစ်ဖက်ကိုဆွဲတယ်။ ညိုက အတင်းပေကပ်ထိုင်နေတော့ ယက္ခက အတည်ပေါက်မေးတယ်။

"နင် ချိန်းထားလို့လား"

"ဘယ်သူနဲ့ ချိန်းရမှာလဲ"





"နင့်ဘဲဘဲနဲ့လေ"

"ချိန်းပါဘူး"

"မချိန်းရင်ထ"

"ငါ စိတ်ကောလူကော အရမ်းပင်ပန်းနေပြီ ဒီမှာပဲနေမယ်"

"ဒါဆို ငါတို့လည်း မသွားတော့ဘူး"

အဲလိုပြောပြီး သုံးယောက်သား ပြန်ထိုင်တော့လည်း ညို စိတ်မကောင်းပြန်ဘူး။ လုပ်ချင်တာတွေ မလုပ်ရ၊ တစ်ယောက်က ပျောက်နေရတဲ့ထဲ ညိုကပါ ပါမလာရင် သူတို့ ပိုစိတ်ညစ်မှာပေါ့လို့ တွေးမိပြီး ညို ထိုင်ရာက ထလိုက်ရတော့တယ်။

"ကဲပါ... ငါ လိုက်ပါ့မယ်"

သူတို့ show ရှိရာ လူအုပ်တွေကြား တိုးဝှေ့ရင်း မင်းမိုရ်ကိုလည်း ရှာရသေးတယ်။ မရှိနိုင်တော့ဖို့ ရာခိုင်နှုန်းများပေမဲ့ မျှော်လင့်ချက်နဲ့ပေါ့။ ကောင်မလေးကိုလည်း ညိုက ကြိတ်ရှာမိသေးတယ်။ ဘာရယ်တော့ မဟုတ်ပါဘူး။ ဘာများ ထူးခြားနိုင်သလဲလို့ မျှော်လင့်မိတာကလွဲရင်ပေါ့။

သူတို့ ညဘက် ပြန်လာကြတော့ တော်တော်ကို ညဉ့်နက်နေပြီ။ Pentagon Palace အဝင်ဝဂိတ်ကို ကားမီးထိုးလိုက်တဲ့အခါ ဂိတ်မှာချိတ်ထားတဲ့ အထုပ်တစ်ထုပ်ကို တွေ့ရတယ်။ တကယ့်ကို လှပတဲ့ ပန်းခရမ်းဖျော့ဖျော့ နှင်းဆီပွင့်တွေပါတဲ့ rapping paper နဲ့ ထုပ်ထားတာ။

ဘေးနားမှာ ထိုင်လိုက်လာတဲ့ ယက္ခက ကဗျာကယာ အထုပ်ကို ဆင်းဖြုတ်လိုက်တယ်။ ကားပေါ်ပြန်တက်လာတော့ အားလုံးက စိတ်ဝင်တစားနဲ့ 'ဘာလဲ'လို့ မေးတယ်။

"မသိဘူး ကြည့်ဦးမယ်"

www.burmeseclassic.com

အဲဒီ အထုပ်ရဲ့ အောက်ခြေမှာ စာအိတ်အဖြူလေးတစ်လုံး ကပ်ထားတာမို့ ဆွဲခွာလိုက်တယ်။ စာကို ဖွင့်ဖတ်စရာတောင် မလိုတော့ဘူး။ စာအိတ်ပေါ်က စာနဲ့တင် သိနေပြီ။

'Happy Birthday Wint Wah Hte' တဲ့။

အို...။ ကာရက်ရှင် ထည်မပြောနဲ့ ဘေးကလူတွေတောင် ရင်ခုန်သွားတယ်။ ဟုတ်ပါရဲ့။ စိတ်တွေရှုပ်နေတာနဲ့ ထည့်မွေးနေ့ကို ထည်ကိုယ်တိုင်တောင် မေ့နေခဲ့တာလေ။ အထဲကို ဖွင့်ကြည့်လိုက်တော့ စာက ဒီလိုရေးထားတယ်။

"ဝင့်ဝါထည်... သို့

နင့်မွေးနေ့မှာ ငါ မရှိပေမယ့် ငါ မေ့မနေပါဘူး

မင်းမိုရ်လွင်"တဲ့။

အင်း... ရပြီပေါ့ တစ်မှတ်။ ဟုတ်တယ်လေ။ ညိုတို့လို ဘေးနားရှိတဲ့ လူတွေတောင်မှ မေ့လျော့နေခဲ့မိကြတာ မဟုတ်လား။

အထုပ်ကို ဖြည်ကြည့်လိုက်တော့ ပိုဆိုးသွားတယ်။ အထဲမှာ ထည် အရမ်းလိုချင်တယ်လို့ ပြောခဲ့ဖူးတဲ့ DKNY ကထုတ်တဲ့ ဦးထုပ်လုလုကြီးတစ်လုံး။ သိပ်သချာတာပေါ့။ ဒါဟာ ဘယ်သူမှ နောက်ပြောင်ပြီး အစားထိုးပို့လို့မရတဲ့ ပစ္စည်းလေ။ ဒါကို ထည်က လိုချင်နေပြီး ဒီပစ္စည်းကို တကူးတက မှာပေးနိုင်တဲ့သူဆိုလို့ မင်းမိုရ်က အနီးစပ်ဆုံး ရှိနေတာကို အားလုံးကသိတယ်။

တစ်ခုပဲ ဒါကို မင်းမိုရ်လွင်က ဒီထိအောင် ပို့ပေးနိုင်ရက်နဲ့ လူကိုကျ ဘာလို့ရှောင်နေတာလဲ။ သူတို့ပေးတဲ့ ပစ္စည်းတွေကို ဘာလို့ဖျက်ဆီးထားတာလဲဆိုတာ စဉ်းစားမရတာပဲ။





အိမ်ထဲရောက်လာပြီး ဦးထုပ်တစ်လုံးနဲ့ ထည် ရူးနေတဲ့အချိန်မှာ အားလုံးက စဉ်းစားခန်းတွေဝင်လို့။

"ဒီကောင် စတန့်ထွင်နေတာလား"

"အေး... ဒီကောင် ငါတို့ကို ကစားနေတာလား မသိဘူး"

ယက္ခနဲ့ တင့်တယ်က ယောကျ်ားလေးပီပီ အဲလိုတွေးတယ်။ ဝင့်ဝါကတော့-

"သူ့မှာ ဘာအကြောင်းရှိနေလဲမှ မသိတာ"တဲ့။

ညိုကတော့ ညို့ထင်မြင်ချက်ကို ထုတ်မပြောတော့ဘူး။ ညို့စိတ်ထဲမှာ ထင်နေတာ တစ်ခုတော့ရှိတယ်။ ဒါပေမယ့် ဒါဟာ သေချာမှုတစ်ခု မဟုတ်လို့ ညို မပြောသေးဘူး။ ညနေက ညို စီစဉ်ခဲ့တဲ့ အစီအစဉ်ကလည်း မအောင်မြင်ခဲ့တဲ့အပြင် တော်းတို့လည်း ထောပနာပြုခံရသေးတယ်မဟုတ်လား။

ဒီတော့ အချိန်တစ်ခုကိုပဲ စောင့်တော့မယ်။

❐

www.burmeseclassic.com

# စတုတ္ထနေ့

## (၁)

Pentagon နေ့ရက်တွေထဲမှာ ခုလောက် စိတ်ပျက်ညည်းငွေ့စရာ ကောင်းတဲ့နေ့မျိုး မရှိသေးဘူးလို့ မိုးလင်းတည်းက ထည် တွေးနေမိတယ်။ အားလုံးလည်း ဒီလိုတွေးမှာပဲ။ မနှစ်ကဆို သူတို့ တက်ညီလက်ညီနဲ့ shopping ထွက်ကြတယ်။ ပြင်ဦးလွင်ကို ကားနဲ့တက်သွားကြတယ်။ ရှိသမျှ ပွဲလမ်းသဘင်တွေကို တစ်ယောက်ကိုတစ်ယောက် design ပြောင်း ရုပ်ဖျက်ပေးပြီး သွားကြတယ်။ လမ်းဘေးက ရှိသမျှဆိုင်တွေမှာ စားချင်ရာ ထိုင် စားကြတယ်။ ပျော်စရာကြီး။

ခုကျတော့ စပြီဟော့ဆိုကတည်းက မင်းမိုရ်လွင်က ရောက်မလာဘူး။ သူ့ကို ရှာမရ,ရတဲ့ထဲ ဘယ်ကကောင်မလေးမှန်းမသိ နောက်ကနေ ဘယ်

www.burmeseclassic.com

သူ့နောက် လိုက်မှန်းမသိ လိုက်နေလို့ စိတ်ညစ်ရသေးတယ်။ နောက် မင်းမိုရ်က လူသာရောက်မလာတာ၊ သူ့အိမ်က ပစ္စည်းအပျက်ပုံကြီးသာ တွေ့ရတာ၊ အိမ်ပိတ်၊ ဖုန်းပိတ်နဲ့သာ ပိတ်ထားတာ၊ သူ့လက်ရေးနဲ့ မဟုတ်တဲ့စာတွေ ရောက်လာလို ရောက်လာ၊ မနက်စာစားဖို့ ပို့လိုပို့၊ မွေးနေ့ လက်ဆောင်ကိုလည်း သတိရသေးတယ်။

ကဲ... ကြည့်။ ဒီနေ့ ထည့်မွေးနေ့။ ထည်တစ်ယောက် ဘာအစီအစဉ်မှ မရှိတဲ့ထိ စိတ်ပျက်နေမိတယ်။ မင်းမိုရ်ဆီက လက်ဆောင်ရလိုက်တဲ့ ခဏမှာတော့ ပျော်မိတာပေါ့။ ခုဟော့ မွေးနေ့မနက်မှာ အစောကြီးနိုးပြီး ဘုရားလည်းမသွားရဘူး။ မရွှေလင်းသိမ့်ညိုကတော့ မနက်စောစော သာယာနာပျော်ဖွယ်အသံနဲ့ အိပ်ရာကနိုးထပြီး ဘုရားရှိခိုးနေလေရဲ့။

"ဒေါက်... ဒေါက်... ဒေါက်"

တံခါးခေါက်သံကြောင့် ထည် အိပ်ရာက ထလိုက်တယ်။ ညို့ကို ကြည့်တော့ ညိုက ဘုရားရှိခိုးနေဆဲ။ ဒါကြောင့် တံခါးထမဖွင့်ဘဲ အရင် လှမ်းမေးလိုက်တယ်။

"ဘယ်သူလဲ"

"ငါပါ ယက္ခ"

"ဘာလုပ်မလို့လဲ"

"ထ,ပါဟာ ဒီမှာ အရမ်းအရေးကြီးလို့ ညိုကော"

"ဘုရားရှိခိုးနေတယ်"

"ပြီးပြီ"

ညိုက ထပြီး တံခါးဖွင့်ပေးတယ်။

"ဘာအရေးကြီးလာတာလဲ"





"ထထ... နင်တို့နှစ်ယောက်လုံးကို ပြစရာရှိတယ်"

"ဘာလဲဟာ ညို လိုက်ကြည့်လိုက်"

ထည်က မထချင်သေးတာမို့ ညို့ကိုလွှဲလိုက်တယ်။

"မရဘူး နင်လည်း ကြည့်ရမှာပဲ"

"ဘာလဲဟာ ဘာမို့လဲ"

"တင့်တယ်တို့ ခြံထဲမှာ ခွေးကလေးတွေ ပေါက်နေတယ်၊ အရမ်းလှတာပဲ"

"ဟယ်... ဟုတ်လား"

ခွေးဆို အရမ်းချစ်တဲ့ ထည် ချက်ချင်း ခုတင်ပေါ်က ခုန်ထတယ်။ ညဝတ်အင်္ကျီကို သပ်ရပ်သွားအောင် ဆွဲချပြီး ချက်ချင်းထလိုက်ဖို့ပြင်တယ်။

"လာ"

ညို့ကိုပါ ဆွဲခေါ်တာမို့ နှစ်ယောက်လုံး ယက္ခနောက် လိုက်ခဲ့ရတယ်။ ဒါပေမယ့် ယက္ခက ခြံထဲအရင်မသွားဘူး။ တင့်တယ်ကိုပါ ခေါ်ဦးမယ်ဆိုပြီး နောက်ဖေး ထမင်းစားခန်းဖက် ခေါ်သွားတယ်။ အခန်းဝရောက်တယ်ဆိုရင်ပဲ 'Happy Birthday' ဆိုတဲ့ သီချင်းသံက အကျယ်ကြီးထွက်လာတယ်။

"ဟယ်..."

အိမ်နောက်ဖေး ထမင်းစားခန်း စားပွဲပေါ်မှာ မွေးနေ့ကိတ် လှလှလေးတစ်ပုံး။ အဖြူပေါ်မှာ ချယ်ရီသီး နီနီလေးတွေနဲ့။ ဒါ့အပြင် တခြားတခြား မုန့်တွေလည်း အများကြီး။ ကိတ်ပေါ်မှာက 'ထည်... သို့'လို့ မြန်မာလို ထိုးထားတယ်။

တင့်တယ်လင်းက ထည့်ကို ဆွဲထိုင်ခိုင်းပြီး ပြောတယ်။

www.burmeseclassic.com

"လာ ထိုင်၊ ပြီးရင် နင့်ဖွားဖက်တော်တွေကို ခေါ်လာပြမယ်"

"ဟယ်… ခွေးက တကယ်ပေါက်တာလား"

"တကယ်ပေါ့ ငါးကောင်"

"ငါတို့ တစ်ယောက်တစ်ကောင်"

အရေးထဲ ရှယ်ယာခွဲနေရသေးတယ်။ ညိုက ထည့်ကို မျက်နှာသစ်ဖို့ သတိပေးတာကြောင့် နှစ်ယောက်သား မျက်နှာထသစ်ရသေးတယ်။ ပြန်ရောက်လာတော့ ကြိမ်ခြင်းကြီးနဲ့ထည့်ထားတဲ့ ခွေးသားပေါက်ကလေး ငါးကောင်က ရောက်နေပြီ။

ဦးလေးကြီးက ယူပြတာပါ။ ခဏနေကျ ပြန်ယူသွားတယ်။ ကလေးတွေ နို့စို့ရဦးမယ်တဲ့။ ဘာပဲဖြစ်ဖြစ် ထည့်ကတော့ သူ့မွေးနေ့မှာ အဖော်သစ်တွေတိုးလို့ ပျော်နေလေရဲ့။

"ဒါတွေ နင်တို့ ဘယ်လိုစီစဉ်ထားလဲ"

ဟုတ်ပါရဲ့။ ညက သူတို့ ပြန်ရောက်တော့ပဲ တစ်နာရီလိုးတော့မှာလေ။

"ဘယ်ရမလဲ တင့်တယ်လင်းပါ၊ တင့်တယ်လင်းမှာ အဖေရှိတယ်၊ အဖေ့မှာ ခိုင်းစရာလူတွေရှိတယ် ဟဲ… ဟဲ"

"ဟင်… ဒါဆို အန်ကယ်လ်က ငါ့ကို မွေးနေ့လက်ဆောင် မပေးလိုက်ဘူးပေါ့"

"ဒါ ငါ့အဖေပေးတဲ့ လက်ဆောင်ပေါ့"

"ဩော်… နင် အတော်ကုန်ကျသွားမှာပဲ"

ဝင့်ဝါထည်က မှတ်ချက်ချတယ်။ ပြီး မွေးနေ့ကိတ်ကို ဆူညံနေအောင် လှီးကြတယ်။ သူတို့အုပ်စုက ကိတ်မကြိုက်ဘူး။ ဒါပေမယ့် season က ကိတ်ဆိုရင်တော့ စားကြတယ်။ အချိုမများဘူး။ မအီဘူး။ စားရတာ အဆင်ပြေတယ်။ cream တွေတော့ ဖယ်စားကြတာပေါ့။





"ဒီနေ့ နင် ဘာလုပ်ချင်လဲ ထည်"

ယက္ခက မေးတယ်။ ကြည့်ရတာ အကုန်အကျ သက်သာတဲ့ မွေးနေ့လက်ဆောင်အဖြစ် လုပ်ချင်တာတွေ လိုက်လုပ်ပေးတော့မယ်ထင်တယ်လို့ ညိုက တွေးရင်း ပြုံးစိစိတောင် ဖြစ်သွားရသေးတယ်။ ယက္ခက ကပ်စေးနည်းတယ် မဟုတ်ပေမယ့် နည်းနည်းတော့ ယောကျာ်းလေးမဆန်စွာ တွက်တတ်တာ ညိုက သိနေတယ်လေ။

"ငါ ဘုရားသွားချင်တယ်"

"သွားလေ… သွားသင့်တာပေါ့၊ တစ်နှစ်မှာ တစ်ခါလောက် ဘုရားသွားဖို့ သတိရတာ သွားသင့်တာပေါ့"

"နင့်လိုပဲပေါ့ ယက္ခရာ"

ဝင့်ဝါထည်ကလည်း အပြုံးမပျက် ပြန်ပြောတယ်။ တင့်တယ်ကတော့ သူလိုရာ သူမေးတယ်။

"ငါတို့ကို ဘယ်မှာ တည်ခင်းဧည့်ခံမှာလဲ"

"လမ်းဘေးမှာ"

"ဩော်… နင် စားနေကျနေရာတွေလား"

"ဒါပေါ့"

ညိုကလည်း ထည့်ကို ဝင်မေးရတယ်။

"နင်… ဘာလိုချင်လဲထည် ငါ လိုက်ဝယ်ပေးမယ်"

"တကယ်လား"

"တကယ်ပါ"


www.burmeseclassic.com

"လေင်းနဲ့ ယက္ခကော ဝယ်ပေးမှာလား"

"သင့်တော်တာဆို ဝယ်ပေးမှာပေါ့"

ယက္ခက လူလည်ကျတဲ့စကားကို ဆိုတယ်။ သူ့သင့်တော်မှု မသင့်တော်မှုဆိုတာက ကြည့်ရတာ ဈေးနှုန်းနဲ့ တိုက်ရိုက်သက်ဆိုင်မယ့်ပုံပဲ။ ဒါကို သိတဲ့ ဝင့်ဝါထည်က မျက်စောင်းထိုးတယ်။

ဘာပဲပြောပြော စောစောက ညစ်ညူးနေတဲ့စိတ်တွေ ပျောက်သွားရတာအမှန်ပဲ။ စိတ်တွေတောင် ပြန်တက်ကြွလာတယ်။

"ငါတို့ ဒီည ရုပ်ရှင်လည်းကြည့်မယ်"

"ဟုတ်တယ် နေပြည်တော်မှာကြည့်မယ်"

"ဟင့်အင်း သမ္မတမှာ"

"ကဲကဲ မဲချကြ"

ညိုကပဲ ကားမရွေးဘဲ ရုံရွေးနေတဲ့ ယက္ခနဲ့ တင့်တယ်ကို ဖြေရှင်းပေးရတော့တယ်။

"ကဲ… ဒါဆို ရေမိုးချိုး အမြန်ပြင် နေမပူခင် ဘုရားသွားမယ်"

"ဘယ်ဘုရားလဲ ထည် ရွှေတိဂုံလား"

"ဟင့်အင်း ဗိုလ်တထောင်"

ထည်တစ်ယောက် ဘာစိတ်ကူးနဲ့ ဗိုလ်တထောင်ဘုရားကို သွားချင်တာလဲတော့ မသိဘူး။ ဒါပေမယ့် မရောက်တာ ကြာပြီဖြစ်တဲ့အတွက် အားလုံးက စိတ်ဝင်စားကြတယ်။ ရွှေတိဂုံကိုတော့ ရောက်ဖြစ်ကြတာ များတယ်လေ။

မွေးနေ့ရှင် ထည်က ဝတ်ထားတဲ့ အဝတ်အစားနဲ့ သိပ်လည်းမလိုက်ဖက်ဘဲနဲ့ မင်းမိုရ်လွင်ရဲ့ ဦးထုပ်ကို ဆောင်းလာတယ်။





"လိုက်လည်း မလိုက်ဘဲနဲ့ ထည်ရာ"

ယက္ခက နှာခေါင်းရှုံ့ပြီး တည့်တည့်ဖွင့်ပြောတယ်။

"ခုတော့ မလိုက်ဘူးပေါ့၊ တော်ကြာနေ လိုက်သွားလိမ့်မယ်၊ ဒါ ငါ ပထမဆုံးရတဲ့ မွေးနေ့လက်ဆောင်လေ ဆောင်းချင်တာပေါ့"

"ပထမဆုံးရတဲ့ မွေးနေ့လက်ဆောင်က အတွင်းခံဖြစ်ရင်တော့ ဒုက္ခပဲ လေင်းရေ"

ယက္ခက တင့်တယ်လင်းကိုပါ စစ်ကူခေါ်ပြီး နောက်ပေမဲ့ တင့်တယ်က ပါမလာဘူး။

"မင်း သွားမပြောနဲ့ ယက္ခ၊ ဒီဦးထုပ်နဲ့လိုက်မဲ့ dress တစ်ခုခု တန်ဖိုးကို မင်း တတ်နိုင်ရင် ဆက်ပြော"

ဒီတော့မှ ယက္ခ အသံတိတ်သွားသလို ဘာလိုချင်လဲ မေးမိတဲ့ ညိုပါ ကျောချမ်းလာတယ်။ ပိုက်ဆံမှ အလုံအလောက်ပါရဲ့လားလို့လည်း ပြန်စစ်ရသေးတယ်။ ဒီလို ဦးထုပ်နဲ့လိုက်ဖို့ဆိုတာက လွယ်တော့မလွယ်ပါဘူးလို့တွေးပြီး စိတ်ကိုလျှော့ချလိုက်ရတယ်။

အဲဒီမှာပဲ ဖာတ်လမ်းက အစ,က ပြန်စသလိုမျိုး Phထဲကို message ဝင်လာတယ်။ မင်းမိုရ်လွင်ဆီက။

'I' m.O.K, don't worry' ဆိုပဲ။ ညိုက မနေ့က message ပို့ထားခဲ့တာကိုး။ ညိုကတော့ message လေးကိုဖတ်ပြီး ဘယ်သူ့ကိုမှ မပြောပြဘဲ သိမ်းထားလိုက်တော့တယ်။ ဟုတ်တယ်လေ။ ညိုတို့တွေက အလကားနေ စိတ်တွေပူနေတာ။ သူတို့က ဘယ်လောက်ပူပူ မင်းမိုရ်လွင်က အဖက်မှမလုပ်တာ။ ပြီးတော့ အကြောင်းခုခု ရှိမယ်ဆိုတာလည်း ညို တွေးလို့ရလာတယ်။ မင်းမိုရ်လွင်ဟာ သူတို့အပေါ် စိတ်ခုနေတာမျိုး


www.burmeseclassic.com

မဟုတ်လောက်ဘူးဆိုတာကတော့ ပစ္စည်းတွေ ပျက်စီးကျိုးပဲ့နေတာ မြင်ခဲ့ရတဲ့တိုင် မင်းမိုရ် လုပ်တာ မဟုတ်လောက်ဘူးလို့ ထင်ပြီးသားမို့ ပြောစရာမရှိဘူး။ ခုလို စာတိုလေးတွေပို့၊ message တွေပို့၊ ထည့်ဆီ မွေးနေ့လက်ဆောင်ပို့နဲ့ဆိုတော့ ဒါက ပိုသေချာသွားပြီ။

သူ့ကို ဒီလို ဆုံနိုင်ဖို့အတွက် တစ်စုံတစ်ရာကသော်လည်းကောင်း၊ တစ်စုံတစ်ဦးကသော် လည်းကောင်း၊ တစ်ကြောင်းကြောင်း ကသော်လည်းကောင်း တားမြစ်ထားလို့သာ ဖြစ်မှာပဲလို့ ညို တွေးထင်လိုက်မိပြီ။ ဒီတော့ ဒီနေ့အဖို့ ညိုတို့လေးယောက် အရင်လိုပဲ ပျော်ပျော်ရွှင်ရွှင်နဲ့ ထည့်မွေးနေ့ပွဲလေးကို ဆင်နွှဲလိုက်ဖို့သာ ရှိတော့တာပေါ့။

*





# (၂)

အဲဒီလို ဆုံးဖြတ်လိုက်ပြီးကာမှ ထပ်မံဝင်ရောက်လာတဲ့ အရုပ်တော်ပုံက ကောင်မလေးပါ။ ပထမတော့ ဘယ်သူမှ မသိကြဘူး။ ကောင်မလေးက ကားပြောင်းထားတာကိုး။ ဗိုလ်တထောင်ဘုရားမှာ ပန်းကပ်၊ ဘုရားမီးပူဇော် အကုန်လုပ်ပြီး ထွက်လာတော့မှ မရွှေချောလေးက ကားအဖြူလေးတစ်စင်းရဲ့ ခေါင်မိုးပေါ်ကနေ အကျအနကြီး ထိုင်စောင့်နေတာ တွေ့လိုက်ရတယ်။

မိန်းကလေးတဲ့။ တော်ရုံ ဘောနက်ပေါ်တောင် မထိုင်ကြပါဘူး။ သူကလေးက ခေါင်မိုးပေါ်မှာ။ ကွာတားဘောင်းဘီအပွနဲ့၊ တီရှပ်အညိုရောင်လေးကို ဝတ်ထားတယ်။

"အဲ..."

"ဟယ်..."

www.burmeseclassic.com

အကုန်လုံးက အာမေဋိတ်တွေ ထွက်ကုန်တယ်။ ညိုက ပိုအံ့ဩ တာက အဲဒီကောင်မလေး ဝတ်ထားတဲ့ အင်္ကျီနဲ့ ဘောင်းဘီက မနှစ်က ညိုတို့ လမ်းမှာ မင်းမိုရ် အင်္ကျီပေါ် ကော်ဖီတွေမှောက်ကျလို့ မင်းမိုရ် အတွက် ဝယ်ပေးလိုက်ရတဲ့ တီရှပ်နဲ့ ဆင်တူပဲ။ ဘောင်းဘီက ကျားဝတ်၊ မဝတ် ကွဲသေးတာမို့ မဖြစ်နိုင်ဘူးဆိုဦး အဆင်ကတူတယ်။ ကွန်မန်ဒို ကွက်ကြား အညိုရောင်ဘောင်းဘီလေး။

"အဟဲ..."

ဝင့်ဝါထည်က မျက်နှာပြောင်နဲ့ ရယ်ပြလိုက်ပေမဲ့ ဟိုက မရယ်ပြ ဘူး။ ကော်ဖီသွားပို့တုန်းက ယူထားလိုက်တဲ့ မျက်ခွက်နဲ့လည်း တခြားစီပဲ။ တည်ထန်တင်းနေတာမျိုး မဟုတ်ဘဲ ဂျစ်စူးစူးလေး ပြန်ကြည့်တယ်။

မတတ်နိုင်ဘူး။ ဒီထက်ပိုနှုတ်ဆက်ပြီး ဘာဖြစ်နေတာလဲလို့ သွား မေးရအောင်ကလည်း သူနဲ့ကိုယ်နဲ့ သူငယ်ချင်းတွေ မဟုတ်ကြဘူး။ မကျေမနပ်နဲ့ ကားပေါ်တက်လာရပေမဲ့ အာရုံရှုပ်မခံဘူးဆိုတဲ့ အတွေးနဲ့ ထည့်ကို ရှေ့ဆက် ဘာလုပ်မလဲပဲ မေးဖြစ်တယ်။

"ဘယ်သွားမလဲ ထည်"

"လပြည့်ဝန်းပလာဇာ သွားရအောင်၊ နင်တို့ ငါ့ကို မွေးနေ့လက် ဆောင် ပေးရဦးမယ်လေ"

"ဘုရား... ဘုရား"

ယက္ခက မကြားတကြား ဘုရားတတယ်။ ညိုကတော့ နောက်က ကားပါလာမှာကို သိသိကြီးနဲ့ နည်းနည်းမှ စိတ်မပူတော့တာ အမှန်ပဲ။ လပြည့်ဝန်းပလာဇာကိုပဲ စိတ်ထည့်ပြီး ညိုလည်း Assia Light ရောက် တုန်း ဘာဝယ်ရင်ကောင်းမလဲလို့ တွေးပစ်လိုက်တယ်။ ဒါမှမဟုတ်





အပေါ်ထပ်က ကိုကို Beauty Salon မှာ တစ်ခုခုလုပ်ပြီး အချိန်ဖြုန်းလို့ ရတာပဲ။

"ထည်"

"ပြော ညို"

"နင် Beauty Salon ဝင်ဦးမလား"

"ဘာလို့လဲ၊ နင် ဘာလုပ်ချင်လို့လဲ"

"ဘာမှမလုပ်ချင်ပါဘူး၊ နင် လုပ်ချင်ရင် ငါ လုပ်ပေးမလို့"

"ဟင့်အင်း... ဘာမှမလုပ်ချင်ဘူး၊ ပစ္စည်းဝယ်ပါမယ်ဆို"

ဝင့်ဝါထည်အလိုကျ ဈေးပဲပတ်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။ လပြည့် ဝန်းကို ရောက်တယ်ဆိုရင်ပဲ ဟိုနှစ်ယောက်က ဗွေဖောက်ပြီး–

"ငါတို့ Aroma မှာစောင့်မယ်"တဲ့။

ဝင့်ဝါက မျက်စလေးချီပြီး သတိပေးလိုက်တယ်။

"ဒါမျိုးရမလား ယက္ခရယ်၊ ငါလိုချင်တဲ့ပစ္စည်း ဝယ်လာပြီးမှ နင် ရှင်းရရင် ပိုဒုက္ခများမယ်နော်"

"ဒုက္ခပါပဲ"

ယက္ခက ညည်းတယ်။ သူတို့ ဈေးမပတ်ချင်တာကတော့ ဟုတ် လောက်ပါတယ်။ သူတို့ပါရင် ကိုယ်တောင် ရှုပ်နေဦးမှာ။ ဒါကြောင့် ညို ကပဲ ဝင်ပြောပေးလိုက်တယ်။

"သူတို့ပါရင် ရှုပ်တောင်ရှုပ်ဦးမှာ၊ ထားခဲ့ဟာ ယက္ခ ငါပဲ ထည့် အတွက် ကြည့်စီစဉ်ပေးလိုက်မယ်"

"အားကိုးပါရစေ"

"ငါက ဝေ့ုံးမလေ နင် အားကိုးရင် မှားမှာပေါ့"

www.burmeseclassic.com

"မတုံးပါဘူး၊ ချွန်ပါတယ် နော် ငလင်း"

ဒီတစ်ခါတော့ တင့်တယ်လင်းကလည်း ထောက်ခံအားပေးတယ်။ သူလည်း ညို့ကို အလိုရှိတာကိုး။

"ဟုတ်ပါတယ် ညိုရယ်၊ နင်လိုလူမှ မထူးချွန်ရင် ဘယ်သူက ထူးချွန်မှာလဲ၊ ငါလည်း အားကိုးပရစေ၊ သင့်တော်တာလေး ရွေးပေးလိုက် ညို"

"သင့်တော်တာတွေ့ရင် တစ်ခါတည်းသာ အပြီးထည့်လိုက်တော့ ညို"

ယက္ခကလည်း အဲဒီလိုရက်ရောတာ။ ညို သူတို့ကို တမင်ပဲ ထားပစ်ခဲ့လိုက်တယ်။ မဟုတ်လို့ သူတို့ပါရင် ကောင်မလေး တကောက်ကောက် လိုက်နေဦးမှာ။

ဒါပေမယ့် ညံ့လွန်းတဲ့ ညို့ရဲ့ တွေးခေါ်ထင်မြင်ချက်က လွဲတယ်ဆိုတာ မိနစ်ပိုင်းအတွင်းမှာပဲ ညို သိလိုက်ရတယ်။ ကောင်မလေးက Aroma မှာ ထိုင်နေတဲ့ ယက္ခနဲ့ တင့်တယ်ကိုကျော်ပြီး သူတို့နောက် ပါလာတယ်။ မိန်းကလေးပီပီ ဈေးပတ်ချင်တယ် ထင်ပါရဲ့လို့ တွေးပြီးကာမှ ထပ်လွဲရပြန်ပါတယ်။ ကောင်မလေးက သူတို့နောက်ပဲ လိုက်ရုံလိုက်တာ၊ ဘယ်ထဲမှ မဝင်ဘူး။ ဘာမှလည်း မကြည့်ဘူး။ မဝယ်ဘူး။ ဒါဟာ ယက္ခတို့ပြောတဲ့ ကျားကိုက်မဲ့ကိစ္စတော့ မဟုတ်လောက်ဘူး။

ဒါဆို ဘာလဲကွာ။

တစ်သက်နဲ့တစ်ကိုယ် မိန်းမချင်း နောက်က တကောက်ကောက် လိုက်တာကို ဒီတစ်ခါပဲ ခံရဖူးတယ်။ အရင်က ကောင်လေးတွေ ကိုယ့်နောက်လိုက်ရင်တောင် နေရထိုင်ရ ခက်နေတတ်တဲ့ ညို့အတွက် မိန်းမချင်း





တကောက်ကောက်လိုက်နေတာ ဘယ်လောက်များ စိတ်ကျဉ်းကြပ်လိုက်မလဲဆိုတာ စဉ်းစားသာကြည့်တော့။

"ထည်"

"ဘာလဲ"

"ကောင်မလေး နင့်နောက် လိုက်လာပြန်ပြီ"

"ငါ့နောက် မဟုတ်ဘူး၊ နင့်နောက်၊ ငါ သိသားပဲ မသိသလိုနေ၊ မိန်းကလေးဖြစ်ပြီး မျက်နှာအပြောင်းအလဲ မြန်လွန်းတယ်"

ထည်က သူ့ကို ခပ်တည်တည် ပြန်ကြည့်ထားတာကို အခံရခက်နေသေးပုံရတယ်။

"နင်က ဘာအဓိပ္ပာယ်လို့ထင်လဲ"

"မထင်တတ်ဘူး၊ ခေါင်းနောက်ခံပြီးတော့လည်း မစဉ်းစားနိုင်ဘူး၊ ဘာဖြစ်ဖြစ် သူကိုယ့်ကို လာမချရင် ပြီးတာပဲ"

ညိုကတော့ တုတ်နဲ့ရိုက်သွားတာကမှ တော်ဦးမယ်လို့ ခပ်ရွတ်ရွတ်တွေးလိုက်မိတယ်။ အဲဒီအချိန်မှာပဲ ဖုန်းဝင်လာတယ်။ ကို့ဆီက ဒီလိုအချိန်မဆက်တတ်ဘဲနဲ့ ဘာလို့များ ဆက်ပါလိမ့်လို့တွေးရင်း ဖုန်းကိုင်လိုက်တယ်။

"ကို ဘာထူးလို့လဲ"

"ထူးတယ် ... မင်းမိုရ် ..."

"ဟုတ်လား... ဘယ်မှာလဲ"

"ခု ကိုယ်တို့ရုံးရှေ့နားက ကော်ဖီဆိုင်ထဲမှာ"

"တစ်ယောက်တည်းလား"

"အင်း... ညို လာမလား"

www.burmeseclassic.com

"မလာဘူး"

ညို့ အငြင်းသံကြောင့် ကိုတောင် အံ့သြသွားပုံပဲ။

"ဘာလို့လဲ ညို ဘယ်လိုဖြစ်ရတာလဲ"

"မလာချင်တော့ဘူး၊ သူ မတွေ့ချင်လို့ ရှောင်နေတာ ရှောင်ပါစေလေ"

ဘေးနားက တစ်ဖက်စကားပဲကြားရတဲ့ ထည်က စိတ်ဝင်စားလာတယ်။ ဘာလဲလို့ ကပ်မေးတယ်။ လက်ကာပြရင်း ကို့ကို အကြောင်းစုံနောက်မှရှင်းပြမယ်ဆိုပြီး ဖုန်းပိတ်လိုက်ရတယ်။ တကယ်တော့ ရှင်းပြစရာ ဘာအကြောင်းစုံမှ မရှိဘူး။ သူ့ဘာသာသူ မတွေ့ချင်လို့ ရှောင်နေတဲ့သူကို မတွေ့ရအောင် ကူညီလိုက်တာ သက်သက်ပါပဲ။

"ဘာလဲ ညို ဘယ်သူလဲ"

"ကို… မင်းမိုရ်ကို တွေ့လို့တဲ့ လာခဲ့ပါလုပ်နေလို့"

"ဟုတ်သားပဲ၊ သွားရအောင်လေ"

"မသွားပါနဲ့၊ ဒီနေ့ နင့်မွေးနေ့ပဲ သူဆန္ဒရှိရင် ရောက်လာမှာပေါ့"

"ဒါလည်း ဟုတ်တာပဲ၊ သူက ဘယ်မှာလဲ"

"ကို့ရုံးရှေ့က ကော်ဖီဆိုင်မှာ"

"ရုံးက ဘယ်နားမှာမို့လဲ"

"…… လမ်းမပေါ်မှာလေ"

"ဩော်…"

ကိုယ့်အာရုံနဲ့ကိုယ်မို့ သူတို့ သတိလက်လွတ် ပြောနေမိပြီးမှ ကောင်မလေး ပျောက်သွားတာကို သတိထားမိလိုက်တယ်။ ဒါလည်း အေးတာပါပဲလို့တွက်ရင် ရပေမယ့် ချက်ချင်းကြီး ပျောက်သွားပုံက မသင်္ကာ





စရာ။ ဒါပေမယ့် ဘယ်သူ့ကိုမှ မပြောတော့ပါဘူး။ တော်ကြာ ညိုကပဲ အတွေးလွန်တယ် ဖြစ်ဦးမှာ။

ဝင့်ဝါထည် ရှိချင်တဲ့ ပစ္စည်းတချို့ကို ညိုပဲ လိုက်ဝယ်ပေးလိုက်ပါတယ်။ တကယ်တမ်းကျတော့ ထည်ဟာ အလိုက်သိတတ်သူပါ။ သူငယ်ချင်းတွေ အကုန်အကျ များမှာမျိုး သူ တမင်တောင် မလုပ်ပါဘူး။ သူလည်း တကယ်လိုချင်နေပြီး ဈေးလည်း အရမ်းမများမယ့်အရာမျိုးကိုပဲ သူ ရွေးတယ်။

ဝယ်ပြီး ပတ်ပြီး သူတို့ဆင်းလာတော့ ယက္ခနဲ့ တင့်တယ်က သူတို့နှစ်ယောက်ကို မေးခွန်းနဲ့ ကြိုနေတယ်။

"နင်တို့ ဘာလုပ်လိုက်လဲ"

"ဘယ်သူ့ကိုလဲ"

"ကောင်မလေးကို"

"ဘာမှမလုပ်ပါဘူး ဘာဖြစ်လို့လဲ"

"မသိဘူးလေ အပြေးအလွှားဆင်းလာပြီး ကားပေါ်တက်မောင်းထွက်သွားတာပဲ"

ထည်နဲ့ ညို တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရယ်မိတယ်။ 'ရှောင်လင်နဲ့ ဂူတန်' သိုင်းတွေနဲ့ တွေ့သွားတာလေလို့ ဝင့်ဝါထည်က ရယ်စရာလုပ် ပြောလိုက်သေးတယ်။ ရယ်သာရယ်နေရတာ။ စိတ်ကတော့ သိပ်မရှင်းဘူး။ ဒါပေမယ့် လွတ်လပ်ရေးတော့ ရသွားတာအမှန်ပဲ။ သူတို့နောက် တကောက်ကောက်လိုက်မဲ့သူ မရှိတော့ဘူးလေ။

ယက္ခကလည်း ကားပေါ်ရောက်တော့ ဖြေသာစရာ စကားထပ်ပြောသေးတယ်။

www.burmeseclassic.com

"ကျား မထွက်လာတော့ဘူးပေါ့ကွာ"တဲ့။

ထည်က မနေနိုင်မထိုင်နိုင် မင်းမိုရ်ကို တွေ့လို့ လှမ်းဖုန်းဆက်တဲ့ အကြောင်းနဲ့ ညိုက မသွားဘူးလို့ ငြင်းလိုက်ကြောင်း ပြောပြလိုက်တယ်။ ယက္ခကတော့ မှတ်ချက်ချတယ်။

"ဒါ ကောင်းပါတယ်၊ မနေ့ကထိတောင် ညို နေနိုင်မှာမဟုတ်ဘူး၊ ခုမှ သူ နေတတ်သွားတာ၊ သူ့မှာ အကြောင်းတစ်ခုခုရှိမှာပေါ့" ... တဲ့။

ဟုတ်ပါတယ်။ အကြောင်းတစ်ခုခုတော့ ရှိမှာပါ။ ဘာမှန်းသာ မသိတာပေါ့။

*





(၃)

ဝင့်ဝါထည်ရဲ့ မွေးနေ့အထိမ်းအမှတ်အဖြစ် သူတို့ International Hotel မှာရှိတဲ့ Million Coins မှာ သွားစားကြတယ်။ အစကတ 'ထည်' ကြေးအိုးသောက်ချင်တာ။ ညိုက တခြားဟာ စားချင်တယ်။ ယက္ခက ကြေးအိုး လုံးဝမကြိုက်ဘူး။ အဲဒါနဲ့ သူတို့ million coins ကို ရောက်သွားတာ။

"ကဲ... ဒီနေ့ နေ့လည်ပွဲ ရုပ်ရှင်ကြည့်မှာလား"

"ကြည့်မယ်"

"ကြည့်ရင် ရုံရွေး၊ နင်တို့က ကားရွေးတာလား၊ ရုံ ရွေးတာလား မသိတဲ့ဟာတွေ"

ညိုက အဲလိုရေရွတ်တော့ ယက္ခက မျက်နှာသေလေးနဲ့ပြောတယ်။

www.burmeseclassic.com

"နှင့်လိုတော့ ဓာတ်မရွေးပါဘူး၊ ငါတို့က ခိုးချမှာမှ မဟုတ်တာ"

"ငါက ဘယ်တုန်းက ခိုးလို့လဲ"

ရှုပ်ကုန်တော့မယ်ဆိုတာသိလို့ ဝင့်ဝါက ဝင်ပြောရတယ်။

"ယက္ခ မစနဲ့လေ၊ ငါ့မွေးနေ့မှာ ရန်မဖြစ်ရဘူး"

"ငါက ရန်မဖြစ်ပါဘူး၊ နှင့်ယက္ခကို နှင်ပြောထား၊ ငါက သူများ စာရေးဆရာတွေလို သူခိုးမဟုတ်ဘူး"

"မိုးရှုံပဲလား"

အရေးထဲ တင့်တယ်က အဆင်းဘီးတပ်နေသေးတယ်။

"မိုးလည်း မမိုးဘူး ခိုးလည်းမခိုးဘူး"

"အေး… ဒါကြောင့် နှင့်ဝတ္ထုတွေကို လူစိတ်ဝင်စားမှုနည်းတာ မခိုးလို့လေ"

လင်းသိမ့်ညို စိတ်တိုလာတယ်။ စ,နေမှန်း သိသိကြီးနဲ့ စိတ်တိုတာဟာ လင်းသိမ့်ညိုရဲ့ ပုံမှန်အခြေအနေ မဟုတ်ဘူး။ တစ်ခုခု စိတ်တိုနေလို့သာ ဒီလိုတုံ့ပြန်တာလေ။

"ကဲပါ သမ္မတကကားပဲ ကြည့်ရအောင်"

မွေးနေ့ရှင်က ဆုံးဖြတ်တော့ ဝင့်ဝါကို အားနာလို့မဟုတ်ဘဲ သူတို့ ကိုယ်၌ကပါ စိတ်ဝင်စားလို့ သဘောတူလိုက်ကြတယ်။

စားသောက်ပြီးတာနဲ့ ရုပ်ရှင်ရုံကို အမီမောင်းကြတယ်။ လက်မှတ်ကို အပြင်ကပဲ ဝယ်လိုက်ရတယ်။ လက်မှတ်ရလို့ ရုံထဲဝင်မယ်အလုပ်မှာ သမ္မတရှေ့ လမ်းမပေါ်မှာ မင်းမိုရ်ကား ဖြတ်သွားတာကို တင့်တယ်က တွေ့လိုက်တယ်။

"ဟာ… ဟိုမှာ ဟိုကောင့်ကား"





"ဟုတ်တယ်"

"နောက်က ကောင်မလေးကား"

ညိုလည်း ထင်ထင်ကြီးနဲ့ ထင်လိုက်မိပေမဲ့ ထည့်လိုတော့ ပွင့်ထွက်မလာဘူး။ ထည်က ကားနံပါတ်ပါ သေချာမှတ်မိတာမို့ ရေရွတ်နေသေးတယ်။

ယက္ခနဲ့ တင့်တယ်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြတယ်။ ဘယ်သူ့မျက်နှာမှာမှ အဖြေမရှိတာကိုသိမှ သူတို့ ရုံထဲဝင်ဖို့ ခြေဦးလှည့်လိုက်ကြတယ်။

"လာလာ… စပြနေပြီ"

သူတို့ ရုံထဲကို မလွတ်လပ်၊ မတင်ကျတဲ့ စိတ်တွေနဲ့ ဝင်ခဲ့ကြရတယ်။ ညိုကတော့ တွေးတတ်သူပီပီ မီးခိုးမဆုံး မိုးမဆုံး ဖြစ်ပြီပေါ့။

ကောင်မလေးဟာ မင်းမိုရ်လွင်နဲ့ ပတ်သက်နေတာလား။

ဒါဆိုရင် သူတို့နောက် ဘာလိုက်စရာအကြောင်းရှိလဲ။

ဒါမှမဟုတ် မင်းမိုရ်လွင်ကို လိုက်ပတ်သက်နေတာလား။

ပတ်သက်ချင်နေတာလား။ ဘာမှန်းမသိ။

ကြည့်နေသော ရုပ်ရှင်လည်း ဘာမှန်းမသိလိုက်တာက ညို။ အသိလွတ်တစ်ချက်၊ မိတစ်ချက်နှင့်။ ယက္ခသာ သိလို့က ဓာတ်ရွေးတာကိုးလို့ ပြောဦးမယ်။ ညို ရုပ်ရှင်ကြည့်တာ ဝါသနာပါ,ပါတယ်။ ဒါပေမယ့် သူတို့ပြောသလို မိုးဖို့၊ ခိုးဖို့ တစ်ခါမှ စိတ်မကူးခဲ့ဘူးပါ။ ညို့စိတ်ဓာတ်ကိုက အဲလိုမလုပ်ချင်တာ။ ဘယ်လိုမှ မတတ်နိုင်။ သူများတွေ ခိုး၊ မိုပြီး အရမ်းကြီး လျှမ်းလျှမ်းတောက်လာတော့လည်း လိပ်ပြာသန့်ကြမှာမှ မဟုတ်တာ။

"ဟဲ့ ညို"


www.burmeseclassic.com

"ထလေဟာ"

ရပ်ရှင်က ပြီးသွားပြီ။ ညိုက သတိလက်လွတ် ထိုင်နေမိတာကိုး။ ဒါတောင် တင့်တယ်လင်းက ပြောဖြစ်အောင် ပြောသေးတယ်။

"ခံစားနေတာ၊ ခံစားနေတာ"တဲ့။

ရုံထဲကထွက်လာပြီး ကားပေါ်ရောက်တဲ့ထိ သူတို့ ဘယ်သွားရမှန်း မသိသေးဘူး။ **Pentagon** ကို ပြန်ဖို့ကလည်း မဖြစ်နိုင်။ အရမ်းကြီး စောလွန်းနေတဲ့အပြင် အရင်ရက်တွေလောက် သူတို့ စိတ်မှုရှုပ်မနေကြ တာ။ ဒီတော်ကြီးကို နေတတ်ထိုင်တတ်နေပြီ။

"ကဲကဲ... ဘယ်မောင်းရမှာလဲ"

မောင်းတဲ့နေရာမှာ ခပ်တည်တည် ဝင်ထိုင်နေတဲ့ ဝင့်ဝါက ပြောတာ ပါ။

"မိန်းကလေးပဲဟာ ရောက်ရာမောင်းပေါ့"

ယက္ခက ရွဲ့ပြောတာကို ထည်ကလည်း ခပ်တည်တည်နဲ့ မောင်း ထွက်သွားတယ်။ မောင်းရင်း သူ သွားနေတာက ကမ်းနားကိုဆိုတာ သိလိုက်ရတယ်။ နေက အရမ်းကျသေးပေမဲ့ ဘယ်သူကမှ မကန့်ကွက်ကြ ဘူး။

လေတိုက်တာကို ကြိုက်နှစ်သက်တဲ့ ညို့အတွက်ကတော့ ဒီလောက် နေဟာ သိပ်မပူပါဘူး။ ကမ်းနားရောက်တယ်ဆိုရင်ပဲ သူတို့ ကားရပ်နေရာနဲ့ မလှမ်းမကမ်းမှာ ထိုင်နေတဲ့ အဘွားအိုတစ်ယောက်ကို တွေ့လိုက်ရတယ်။ အဘွားအိုကြည့်ရတာ အေးအေးဆေးဆေး ထိုင်နေတာပါ။ သူတောင်းစားနဲ့ လည်း မတူဘူး။

ညိုနဲ့ထည်က လက်တွဲပြီး လမ်းလျှောက်ကြတယ်။ ထည်က–





"ငါ နောက်ဆို နင့်ကို တွဲလျှောက်ချင်မှ လျှောက်ရတော့မှာ"ဆို ပြီး ကလိပြီးမှ ဆွဲခေါ်သွားတာလေ။

အဘွားအိုနားရောက်တော့ အဘွားအိုက ညိုတို့ကိုကြည့်ပြီး ကြည် ကြည်လင်လင် ရယ်ပြနေတာမို့ ညိုနဲ့ထည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီးမှ အူကြောင်ကြောင်နဲ့ ပြန်ရယ်ပြလိုက်ရတယ်။

"မပူပါနဲ့ သမီးတို့ ရှာနေတဲ့လူကို ဒီနေ့ပဲ တွေ့တော့မှာပါ"

"ရှင်..."

"ရှင်..."

နှစ်ယောက်လုံး တအံ့တသြကြီး ဖြစ်သွားရတာလည်း မပြောနဲ့။ ခုမှတွေ့တဲ့ သူတစ်ယောက်က သူတို့ကို ခပ်တည်တည်နဲ့ လာပြောနေတဲ့ စကားက မှန်နေတာကိုး။

"အ... အဘွားက ကျွန်မတို့ လူတစ်ယောက်ကိုရှာနေမှန်း ဘယ်လို သိလဲ"

"အစကတော့ ဘယ်သိမလဲ သမီးတို့ကိုမြင်မှ သိတာ"

အဘွားအို စကားအရ ဒီအဘွားအိုဟာ တစ်ခုခု အမြင်ထူးရှိနေ လောက်တယ်လို့ ညိုက ယူဆလိုက်တယ်။

"ဒီနေ့ပဲ တွေ့မှာဟုတ်လား"

"ဟုတ်တယ်"

"ဘယ်အချိန်လောက်လဲ"

"ည ဆယ့်နှစ်နာရီ ဝန်းကျင်လောက်၊ တစ်နေ့ကူးရင်လည်း ကူး သွားလိမ့်မယ်၊ ဒါပေမယ့် စက္ကန့်ပိုင်း၊ မိနစ်ပိုင်းလောက်ပဲ"

"သူက သမီးတို့ကို ရှောင်နေတာလား"

www.burmeseclassic.com

ဝင့်ဝါက အဲလိုဝင်မေးတော့ ခေါင်းခါတယ်။

"မဟုတ်ဘူး၊ ဒါတွေကို သမီးတို့ တွေ့ကြရင် သိမှာပါ"

ဝင့်ဝါထည် ငိုင်ငိုင်လေး ငေးသွားတယ်။ သူ ဘာတွေတွေးနေလဲ ညို မသိပေမယ့် အဘွားအိုက သိတယ်။ ထည့်ကိုကြည့်ပြီးပြောတယ်။

"မပူနဲ့သမီး အဲဒီအချိန်မှာ အားလုံး ပျော်ကြရမှာ"

ထည့် မွေးနေ့ကျော်မှပဲ အားလုံးက ပျော်ကြရမယ့် သဘောလား။ ဘာပဲဖြစ်ဖြစ် ညိုနဲ့ထည်အတွက် မျှော်လင့်ချက်တစ်စ ရသလိုမို့ သူတို့စိတ်ထဲ တစ်စိတ်တစ်ဒေသ ပေါ့ပါးသွားကြတာတော့ အမှန်။ ထည်က အဘွားအိုကို မွေးနေ့အလှူဆိုပြီး ငွေစက္ကူတစ်ထပ်ကိုလှူတော့ အဘွားအိုက မယူဘူး၊ ထူးထူးဆန်းဆန်း စကားတစ်ခွန်းကိုပဲပြောတယ်။

"အမဲသားလှူပါလား သမီးရယ်"တဲ့။

ဝင့်ဝါက တအံ့တသြနဲ့။

"သမီး အမဲသားမစားပါဘူး"လို့ဆိုတော့ အဘွားအိုက ပြန်ပြော တယ်၊

"လှူတော့မထားဘူး မဟုတ်လား၊ အပြီးလှူလိုက်ပါကွယ်"တဲ့။

အဲဒါနဲ့ ထည်လည်း လှူခဲ့လိုက်တယ်။

ထည့်ဆီက စကားလည်းဆုံးရော အဘွားအိုက 'သွားဦးမယ်ကွယ်' ဆိုပြီး ထွက်သွားပါလေရော။

"အဆန်းပဲ"

ထည်က တအံ့တသြ ရေရွတ်တယ်။

အနုပညာ လောကထဲနေပြီး ဗေဒင်တွေ၊ ယကြာတာတွေ၊ အကြား မြင်တွေနဲ့ အကျွမ်းတဝင်မရှိလှတဲ့ ထည့်အတွက်တော့ ဒါဟာ အံ့သြ





စရာပေါ့။ ယက္ခနဲ့ တင့်တယ်လင်းကိုပြောရင် တစ်မျိုးကြားရဦးမှာ။

ဒါပေမယ့် မပြောပြဘဲလည်း နေလို့မှမရတာ။

တွေးလို့မှမဆုံးသေးဘူး ဟိုနှစ်ကောင် အနားရောက်လာတယ်။

"လူကြီးသူမကို ဘာတွေသွားပြီး ဖျားယောင်းသွေးဆောင်နေတာလဲ"

တင့်တယ်က ထည့်ကို စွပ်စွဲတယ်။ ထည်က လူတကာချစ်တဲ့ ကြော်ငြာမော်ဒယ်မင်းသမီးကိုး။ ဒီတော့ ထည်က ရယ်တယ်။

"ငါက မဆွဲဆောင်လိုက်ရဘူး သူက ငါ့ကို သွေးဆောင်သွားတာ ခံလိုက်ရတာ"

"ဘာ..."

ယက္ခက တအံ့တသြနဲ့၊ မဟုတ်တာတွေ မပြောနဲ့ဆိုတဲ့ပုံနဲ့။

"တကယ်၊ ငါ့ကို စကားလေးတစ်ခွန်းနဲ့တင် သွေးဆောင်သွားတာ"

"ဘာပြောသွားလို့လဲ ညို"

ယက္ခက ညို့ဘက်လှည့်မေးတယ်။ ညိုက ယက္ခကို အစာမကြေ ချင်သေးတာကြောင့် မဖြေဘူး။

"နင့်ဟာနင် ပြောလိုက်လေ ထည်"

ထည်က သူတို့မျက်နှာတွေကို မင်းသမီးကြည့် ကြည့်ပြီးမှ ပြောတယ်။ အဘွားအိုက သူတို့ရှာနေတဲ့သူ ဒီနေ့တွေ့မယ်လို့ ပြောသွားတဲ့အကြောင်း။ အချိန်နာရီနဲ့တကွ သေချာပြောတဲ့အကြောင်းနဲ့ ဒီလိုပြောလို့ ငွေလှူတဲ့အခါ မယူဘဲ သူ့ဆီက အမဲသားအလှူခံသွားကြောင်း ပြောပြတဲ့အခါ ယက္ခက တင့်တယ်ကိုကြည့်တယ်။ ယုံလားဆိုတဲ့အကြည့်။ တင့်တယ်က ထည့်ဆီ ပြန်လှည့် အကဲခတ်တယ်။ ဇာတ်ညွှန်းတွေလားဆိုတဲ့အကြည့်။

ပြီးမှ အသာစိတ်လျှော့လိုက်ကြပုံနဲ့။

www.burmeseclassic.com

"ညထိ စောင့်ကြည့်ကြတာပေါ့"တဲ့။

ယက္ခကတော့ မင်းမိုရ်ကို ကျိမ်းတယ်။

"အေး... တွေ့လို့ကတော့လား မင်းမိုရ်ရာ"

"တွေ့ရင် ဘာလုပ်မှာလဲ"

"ဆွဲထိုးမှာ... ပြီးမှ ကြည့်ရှင်းမယ်"

ယက္ခစကားကြောင့် တင့်တယ်က ညို့ဖက်ကို လှည့်ပြောတယ်။

"တွေ့လား ညို၊ အဲဒါ ပညာမဲ့ဒေါသပဲ ဟဲဟဲ..."

ညို ဘာမှမပြောလိုက်တော့ဘူး။ တကယ်ပါပဲ။ ညကျ မင်းမိုရ်ကို တွေ့လို့က ညိုလည်း ယက္ခလို ဆွဲမထိုးတောင် တစ်ခုခုတော့ လုပ်ချင်မိတာ အမှန်ပဲ။ ထုရိုက်ကုတ်ဖဲ့ပစ်လိုက်တာမျိုး။ စိတ်တော့ အတော်ထိန်းထား ကြရမှာလို့ ညို တွေးနေမိတယ်။

*





(၄)

"ကဲကဲ... မင်းမိုရ်ကို တွေ့မှာတဲ့နော်၊ ဘယ်နားသွားကြမလဲ"

တင့်တယ်က ကားမောင်းရင်းက မေးတယ်။

"အို... သွားချင်တဲ့နေရာသွား၊ တွေ့ချင်ရင် တွေ့မှာပဲ၊ တမင်လိုက် ရှာစရာ မလိုပါဘူး"

ထည်က တကယ်ကို ပျော်ဝင်ယုံစားပြီး ပြောတာလား၊ ဖြစ်ချင်ရာ ဖြစ်ဆိုပြီး ပြောတာလားမသိဘူး၊ ယက္ခက မသိမသာပြုံးတယ်။

"အဲလိုမရဘူးလေ ထည်ရဲ့၊ နင်က dinner ကျွေးရဦးမှာ မဟုတ် လား"

"ကျွေးပါတယ်၊ နင်က ဘယ်မှာစားချင်လို့လဲ"

"နင် စေတနာရှိတဲ့နေရာ"

www.burmeseclassic.com

ဝင့်ဝါထည်က ခပ်တည်တည်လေး ပြုံးတယ်။

"ဒီလိုလုပ်ပါလား ယက္ခရာ"

"ဘာလဲ"

"ညကျ ငါတို့ မင်းမိုရ်ရဲ့ ပြန်ဆုံရတော့မှာပဲ၊ အဲဒီတော့မှ **Supper** စားပါလား"

ထည်တစ်ယောက် ရွဲ့နေတာလား၊ မင်းမိုရ်အတွက် ထည့်တွက်ပြီး တကယ်ကြီး ပြောနေတာလားဆိုတာကိုတော့ ထည်ကိုယ်တိုင်မှပဲ သိပါလိမ့်မယ်။

"dinner က dinner ကွာ **Supper** ကျ ထပ်စားပေါ့၊ ငါ အခု ဆာချင်နေပြီ"

တင့်တယ်က ကားမောင်းရင်းပြောတယ်။ ဆာချင်နေပြီဆိုတော့ ခုတည်းက ဖြစ်နေရာရာကို ကြုံမောင်းထားရမယ်ဆိုတဲ့ သဘောပေါ့။

ထည်က ညို့ဖက်ကိုကြည့်ပြီး သဘောတူညီမှု ရယူတယ်။

"ဘာလုပ်မလဲညို ဘာစားမလဲ"

တကယ်တော့ ညို မဆာသေး။ ညိုလည်း ထည်ပြောသလို ညသန်းခေါင်စာလောက်ကျမှ စားရင်ကောင်းမယ်လို့ တွေးမိတာ။ ဒါပေမယ့် ထည့်ကို သဘောတူလိုက်တာဟာ သူတို့ကို ကန့်ကွက်ပြီး မင်းမိုရ်ဆိုတဲ့ အကောင်ကို မျှော်လင့်သလို ဖြစ်စေတာမို့ ကဗျာကယာ စဉ်းစားရတယ်။

"အသားကင်ဆိုင် သွားမယ်လေ၊ ဘယ်ဆိုင်ကောင်းလဲ"

အကင်ဆိုင် ကောင်းကောင်းကို သိတယ်ဆိုတဲ့ တင့်တယ်ရဲ့ လမ်းညွှန်မှုကိုပဲ အားလုံး နာခံလိုက်ကြတယ်။ တိုက်ဆိုင်တာလား နက္ခတ်တွေက ပဲ နီးစပ်လာလို့လား မသိဘူး။ အဲဒီ တင့်တယ်ခေါ်သွားတဲ့ဆိုင်က မင်းမိုရ်





ရဲ့ အခွေကို ဖွင့်ထားတယ်။ သီချင်းတင်မကဘူး အရုပ်ပါ မြင်နေရတာမို့ မေတ္တာပို့သချင်စရာပဲပေါ့။

အဲဒီအချိန်မှာပဲ ဘေးဝိုင်းက စကားသံတွေကြောင့် သူတို့ အသက်ရှူတာကလွဲလို့ ဘာသံမှမပြုဘဲ ရပ်တံ့နားထောင်နေလိုက်ကြတယ်။

"ဒါပဲ မင်းမိုရ်လွင် ဆိုတာ ဒါပဲ"

"ဘာလဲကွ မင်းဟာက အဆုံးမရှိတာ အစမရှိ ဘာလဲ၊ မင်းက သူ့ကို ကြိုက်လို့လား"

"ဟာ... ကြိုက်တာပေါ့၊ ငါ့သူငယ်ချင်း အရင်းကြီးကို"

သူက အရင်းကြီးဆိုတော့လည်း ဘေးနားက အသက်မရှူဘဲ နားထောင်နေကြတဲ့ ငယ်ကျွမ်းဖော်ကြီးတွေက လဲသေလိုက်ရုံ ရှိတော့တာပေါ့။ ဒါပေမယ့် ဘာမှမတတ်နိုင်ဘူး။ ခုချိန်မှာ အဲဒီလူက မင်းမိုရ်လွင်ရဲ့ ယောက်ဖ ပါဆိုလည်း သူတို့ ဘာမှမတတ်နိုင်ဘူး။ နားထောင်နေရမှာပဲ။

"ခုတလော သူ ကြော်ငြာတွေပါ ရိုက်လာတယ်နော်"

"ဒါပေါ့ အရမ်းကို တက်လာတာ"

"ကောင်မလေးတွေလည်း ဝိုင်းဝိုင်းလည်ပဲ မဟုတ်လား"

"ဒါပေါ့၊ ဒါပေမယ့် သူက တစ်ယောက်ပါပဲ"

ဗုဒ္ဓေါ...။

သူတို့တောင်မှ ဒီလိုစကားမျိုး မပြောနိုင်လေတော့ ကိုယ့်ကိုယ်ကိုယ်တောင် လူရင်းတွေဆိုတာ ဟုတ်သေးရဲ့လား သံသယဝင်ချင်လာတယ်။ မင်းမိုရ်လွင်လိုကောင်က ဘယ်တုန်းကများ တစ်ယောက်ဆိုတစ်ယောက် ဖြစ်သွားရတာတဲ့လဲ။

"ဟုတ်လား သူ့ကောင်မလေးကိုသိလား"

www.burmeseclassic.com

"သူ့ကောင်မလေးတော့ မသိပါဘူး သူ တမ်းတမ်းစွဲနေတာတော့ သိတယ်၊ ဒီကောင်က ဒီလိုတစ်ခါမှ မဖြစ်ဖူးဘူး"

ဒါတော့ ဟုတ်ပါတယ်။ ဒါပေမယ့် ဟုတ်လိုက်တဲ့ ခဏမှာတောင် သူတို့က မသိလိုက်ရတာကတော့ အံ့သြစရာ။ သိပ်တော့လည်း ပြောလို့ မရပါဘူး။ ညီတောင် ညီ့ချစ်သူနဲ့ ချစ်လာတာ (၆) လကျော်ပြီ။ ခု Pentagon ရောက်မှ ဖွင့်ဟပြောဖြစ်တာ။ တကယ်ဆို မင်းမိုရ်သာ ခါတိုင်းလို ချိန်းထားတဲ့အချိန် ရောက်လာခဲ့မယ်ဆိုရင် ဒီ data တွေကို သူတို့ လက်ခံ ရရှိရင် ရရှိထားနှင့်မှာပဲ။ ခုတော့ မင်းမိုရ်လွင်မှ ရောက်မလာခဲ့တာ။

"အဲ..."

သူတို့စကားကို နားစွင့်ရင်း ညီ့အတွေးထဲ ကောင်မလေးက ဖြတ် ဝင်လာတာမို့ 'အယ်'ကနဲ ဖြစ်သွားရတာ။ ကောင်မလေးတော့ သနားပါ တယ်။ သူက မင်းမိုရ်လွင်ကို တကောက်ကောက် လိုက်ချင်နေတဲ့ crazy လေးများလား မသိဘူး။ အရေးထဲ လွဲပြီး သူတို့ကို လာလိုက်မနေသေးပုံ ထောက်ရင် ဒီအုပ်စုထဲက တစ်ယောက်ယောက်နဲ့ ဒါမှမဟုတ် အားလုံးနဲ့ မင်းမိုရ် ပတ်သက်နေတာ ကောင်မလေးက သိထားလို့များလား။

ဒါတွေက ဘာမှ သိပ်မသေချာပါဘူး။ သေချာတာက မင်းမိုရ်လွင် တမ်းတမ်းစွဲနေတဲ့ ကောင်မလေးဆိုတာ ဘယ်လိုမျိုးလေးလဲ သိချင်လာ ရတာပဲ။ ဒါဆို ဒီနှစ် Pentagon Palace အတွက် အတွဲနှစ်တွဲ ထွက်သွား တဲ့သဘောပေါ့။ ညီက သာမန်လောက်နဲ့ သေဝပ်စွာ နေတတ်သူမို့ စိတ် ဝင်စားတဲ့သူ နည်းပေမယ့် မင်းမိုရ်လွင်တစ်ယောက် အချစ်တွေ့တယ်ဆိုတဲ့ ကိစ္စကတော့ သတင်းတစ်ခု ဖြစ်သွားမှာ သေချာသလောက်ပဲ။

တဖက်က စကားတွေ တဖြည်းဖြည်း စိတ်ဝင်စားမှု လျော့နည်းလာ





စေတဲ့အချိန်မှာ သူတို့ဝိုင်းက ပြန်ဆူညံလာပြီ။

"ဟိုကောင် တကယ်ပဲ စွဲသွားတာလား"

"ဖြစ်နိုင်တာပဲ"

ယက္ခက သူ့ဘာသာသူ ရေရွတ်တာလားမသိတဲ့ မေးခွန်းကို ထည်က ထောက်ခံတယ်။ တင့်တယ်ကတော့ ရယ်တယ်။

"ဒီကောင် အတည်ဆိုတာကိုတော့ ယုံရခက်ဦးမယ်"တဲ့။

ဝင့်ဝါထည်ကတော့ ခပ်တိုးတိုးလေး ညည်းတယ်။

"နှစ်ယောက်တော့ သွားရှာပြီ"တဲ့။

ညီကတော့ ဖုန်းတွေ လစ်ရင်လစ်သလို ပြောတတ်တဲ့ ယက္ခကို လည်း မသက်ာပါဘူး။ ပြီးတော့ ဘယ်ဟာမှ အတည်မပြောချင်တတ်တဲ့ ထည့်ကိုလည်း မယုံဘူး။ တင့်တယ်လင်းတစ်ယောက်သာ ယုံချင်စရာလေး ဘာမှမထူးမခြား ရှိနေတယ်လို့ထင်တာပဲ။ ဒါပေမယ့် ညီ တွေးရင် လွဲနေ ကျလေ။

"ယက္ခ"

"ဘာလဲ ညီ"

"နင်ကော ထူးခြားနေပြီမဟုတ်လား"

"ဘာလဲ ဘာထူးခြားလို့လဲ"

"နင် ရည်းစားရနေပြီ မဟုတ်လား"

"ဟုတ်လည်း ဟုတ်တယ်၊ ဟုတ်လည်း မဟုတ်ဘူး ဟဲဟဲ"

ယက္ခက သူ့ကိုယ် ပဟေဠိနန်းတော်ထဲ ရောက်နေတယ်များ ထင် လားမသိဘူး။ အတိအကျ မဝန်ခံဘူး။ ထည်ကပဲ ဝင်ပြောတယ်။

"ထည်ကောလို့ လှည့်မမေးနဲ့နော်၊ ထည်က ဝန်ခံပစ်လိုက်မှာ"


www.burmeseclassic.com

ကဲ… ကြည့်။

ဝင့်ဝါထည်ဆိုတာ အဲလိုလူလေ။ ယက္ခကို ရိလိုက်တာလည်း ပါမှာပေါ့။ အဲဒီအချိန်မှာ အတင်းကြီး ဝင်ပြောလာတာက တင့်တယ်။

"အချစ်ဆိုတာ ဘာလဲ ညို"

"မြတ်စွာဘုရား…"

ညိုက ဘုရားတောင် တဖို့အချိန် မမီလိုက်ချိန်မှာ ထည်က ဘုရား တပြီးနေပြီ။ ပြီး စပ်ဖြဲဖြဲနဲ့ ပြောသေးတယ်။

"dialogue ကျင့်နေတာ"တဲ့။

"ကိုယ်က နှစ်လိုစွာ စားသုံးမိပြီး ကံလည်းကောင်းတယ်ဆိုရင်တော့ အဲဒါ သိင်္ဂါရ ရသပေါ့ လင်း"

"ကံမကောင်းဘူး ဆိုရင်ကော"

"နည်းနည်းတော့ ခါးသီးလိမ့်မယ်"

"မနှစ်လိုပဲ စားသုံးရမယ်ဆိုရင်ကော ညို"

ထည်က အဲလိုဝင်မေးတယ်။ ဘာလို့မေးမှန်း ညို မသိဘူး။ ညိုက ဖြေပေးရမဲ့သူလေ။

"မနှစ်လိုပဲ စားသုံးရပေမယ့် သိပ်ကို ချိုမြိန်နေမယ်ဆိုရင်တော့ မဆိုးပါဘူး"

"အချိုမကြိုက်ဘူးဆိုရင်ကော ညို၊ လူမိုက်လို့ အခေါ်ခံရမလား"

ဒါမျိုးမေးတာက ယက္ခကလွဲလို့ ဘယ်သူဖြစ်နိုင်ဦးမှာတုန်း။

"ခေါ်လို့မရပါဘူး၊ လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် ခံယူပုံမှ မတူတာ၊ အဲဒီ ချိုမြိန်မှုက နင်က ခါးတယ်ထင်ရင် နင့်အတွက် အခါးပေါ့၊ သူများတကာက ခါးတယ်ထင်ပေမယ့် နင့်ဘက်က ချိုတယ်ထင်ရင် ဒါ





နင့် ခံယူမှုပဲပေါ့၊ သဘောမတူညီတာတစ်ခုနဲ့ အမှားအမှန် ခွဲလို့မရပါဘူး"

"ဒါဆို ငါ တစ်ခုမေးမယ်"

"မေးလေ ယက္ခ"

"နင် အခုတွေ့ထားတဲ့ အချစ်ကကော သိင်္ဂါရ ရသလား"

"ဟုတ်တယ်လို့ ဝန်ခံရမှာပဲ၊ ဘာလို့မေးတာလဲ"

"ဩော် တခြားတစ်ယောက်ယောက်က အဲလို ထပ်တူညီတဲ့ရသကို ပေးစွမ်းနိုင်ပေမဲ့ နင်က လက်မခံချင်ဘူးဆိုရင်တော့ မနှစ်လိုဘူးဆိုရင်တော့ ဒါဟာ ခါးသီးမှုဖြစ်မှာပဲလို့ ဆိုချင်တာလား"

"ဆိုပါတော့"

အပျော်အပျက် မေးရာကနေ မေးခွန်းတွေက လေးနက်ဖိစီးလာသလို ညို ခံစားရတယ်။ သတိရလို့ အရိပ်အကဲကို ကြည့်လိုက်မိချိန်မှာ ယက္ခ ဆီမှာ ဘာထူးခြားမှုမှ မတွေ့ရတော့ဘူး။

"နင် ဘာလို့မေးနေတာလဲ ယက္ခ"

"ကြုံလို့လေ၊ လင်းက လမ်းစခင်းတဲ့နေရာမှာ ကြုံလို့မေးမိတာ"

"ဩော်… နင်က ငါ့ကို လမ်းကြုံမေးရလောက်အောင်ပဲ သဘော ထားတယ်ပေါ့ ဟုတ်လား"

"အဲလိုတော့ မဟုတ်ပါဘူး၊ လမ်းမကြုံဘဲ မေးပြန်တော့လည်း နင့်ကို အာရုံနှောက်အောင် လုပ်မိသလို ဖြစ်မှာစိုးလို့ပါ"

ယုံချင်စရာပဲ။

ယက္ခဟာ ဘယ်တုန်းကများ လင်းသိမ့်ညိုကို ဒီလောက်ထိ ထောက် ညှာတွေးတောပေးဖူးလို့လဲ။ အလိုလိုနေရင်း ငြိမ်ကျသွားပြီး အတွေးကိုယ် စီနဲ့ ဖြစ်သွားရတဲ့ထိ စကားဝိုင်းဟာ တိတ်ဆိတ်သွားတယ်။ အချစ်ဆိုတာ


www.burmeseclassic.com

အဲလိုပဲ ငြိမ်သက်တိတ်ဆိတ်သွားစေတတ်သလား။ ခဏဖြစ်ဖြစ်ပေါ့။

ညိုကတော့ ဖန်သားပြင်ပေါ်မှာ ခုန်ပေါက်သီဆိုနေတဲ့ သူငယ်ချင်းလေးကို အမှုမဲ့အမှတ်မဲ့ ငေးကြည့်နေလိုက်မိတယ်။ အာရုံမှာတော့ မင်းမိုရ်လွင်ကို မြင်မနေတာ ဘယ်သူမှ မသိဘူးပေါ့။ ခုချိန်မှာ မင်းမိုရ်လွင်ကို ဆယ့်နှစ်နာရီဝန်းကျင်မှာ တွေ့မတွေ့လည်း စိတ်မဝင်စားတော့ဘူး ဖြစ်နေရတယ်။

*





(၅)

ဘယ်မှ သိပ်သွားချင်စိတ် မရှိတော့တာကြောင့် **Pentagon Palace** ကို ပြန်ကြမလားဆိုတော့လည်း ဘယ်သူကမှ မပြန်ချင်ကြဘူး။ မင်းမိုရ်လွင် ကို တစ်နေရာရာမှာ တွေ့နိုးမျှော်လင့်နေကြတာမျိုး မဟုတ်ပါပဲ မပြန်ချင်ကြတာ။

"ဒီတော့ ဘာလုပ်မလဲ"

ညို မဖြေမိဘူး။ အဲဒီအချိန်မှာ ဆယ့်တစ်နာရီ ထိုးခါနီးပြီမို့ ကိုဆီက ဖုန်းဝင်လာတယ်။ ညိုက သတိလက်လွတ်နဲ့ ဖုန်းတွေပြောနေမိတာ သူတို့ ဘယ်ကိုမောင်းမှန်းလည်း ညို မသိတော့ဘူး။ ညို ဖုန်းပြောရပ်လိုက်တဲ့ အချိန်မှာ ကားက ပြည်လမ်းမပေါ်မှာ တရကြမ်းမောင်းနေပြီ။ ကားကို အသကုန် မိုင်ကုန်ဖွင့်မောင်းနေတာက ယက္ခ။

www.burmeseclassic.com

"ထည် ဒါက ဘယ်သွားနေတာလဲ"

"မသိဘူး ယက္ခ မောင်းနေတာပဲ"

"ယက္ခ ဘယ်လဲ"

"မသိဘူး"

ယက္ခက ခပ်တိုတိုဖြေတော့ တင့်တယ်က ရယ်တယ်။

"နင်မှ ဘယ်သွားမယ်မပြောတာ"တဲ့။

ခါတိုင်းဆို ညို့သဘောထားက အဓိကနေရာက ဘယ်တုန်းကမှ မပါခဲ့ဖူးပါဘဲနဲ့ ခုကျကာမှ ညိုက ဘာမှမပြောလို့ ကားလျှောက်မောင်းနေတယ် ဖြစ်ရသေးတယ်။

ဘယ်မှန်းသာမသိတာ ကားက အပြန်လမ်းပေါ် ရောက်နေပြီ။

"အိမ်ပြန်မှာလား"

"မသိဘူးလေ ဘယ်မောင်းရမလဲပြော"

ယက္ခ လေသံကတော့ ပုံမှန်လိုပါပဲ။

"ပြန်ရင်လည်း ပြန်ကြတာပေါ့၊ ဒါပေမယ့် အရှိန်လျှော့မောင်း ယက္ခ"

ယက္ခ ညို့စကားအဆုံးမှာ ကားကို အရှိန်လျှော့ပစ်လိုက်တယ်။ အဲဒီအချိန်မှာ ညို့အကြည့်ထဲ အရိပ်ကလေးတစ်ခု ဖြတ်ပြေးသွားတယ်။ ကားအဖြူရောင်လေးတစ်စင်း။ ပြီး ယက္ခက အရှိန်လျှော့လိုက်တာမို့ အဲဒီ ရှေ့ကပြေးနေတဲ့ကားလေး ပျောက်သွားတယ်။ မင်းမိုရ်ကားများလားလို့ တွေးမိတာပါ။ မဖြစ်နိုင်လောက်ပါဘူးလို့ပဲ သဘောထားလိုက်တယ်။

"ဖုန်းပြောရင်း လောကကို မျောမေ့သွားသလားလို့ ဒေါ်ညိုရယ်"

တင့်တယ်က ညို့ကို ရိတယ်။

"မမေ့ပါဘူး၊ ကိစ္စတချို့ရှိလို့ပါ"





"ခုချိန်မှာ ဘာကိစ္စမဆို ထားခဲ့ရမှာလေ ညို"

ယက္ခက သံမှန်နဲ့ဝင်ပြောတယ်။ ဒါဟုတ်တာပေါ့။ Pentagon Palace က နေ့ရက်တွေမှာ ဘာကိစ္စမှ မရှိရဘူးလေ။ အမှန်ကလည်း ဘာကိစ္စမှ မရှိပါဘူး။ ဘာမှ အကြောင်းအရာမရှိဘဲ ပြောနေတယ်ဆိုရင်လည်း သူတို့ကို အားနာရဦးမှာ မဟုတ်လား။

ဒါနဲ့ပဲ စကားလမ်းကြောင်း လွှဲလိုက်တယ်။

"ခု Pentagon ကပြန်ရင် ငါ ဝတ္ထုတစ်အုပ်ရေးမယ်"

"ဒါများ ဘာဆန်းလဲ၊ နင့်အလုပ်ပဲဟာ"

တင့်တယ်လင်းက ဘုတောတယ်။

"မဟုတ်ဘူး၊ ခုဟာက ငါတို့အုပ်စုအကြောင်းရေးမှာ၊ ဘယ်သူမှ မသိသေးတဲ့ ငါတို့အုပ်စုလေးအကြောင်းကို လူတွေသိအောင် ပြောပြမှာ ငါတို့ ငါးယောက် ဘယ်လောက်ချစ်ကြတယ်ဆိုတာကို ရေးမှာ၊ အဲဒီထဲမှာ အချစ်ဆိုတဲ့ ၁၅၀၀ အချစ် မပါဘူးသိလား"

ထည်က မျက်စောင်းတစ်ချက် ဝင့်ကြည့်တယ်။

"နင် ထမင်းမစားချင်တော့ဘူးထင်တယ်"

"ဘာလဲ အချစ်ဝတ္ထု မဟုတ်လို့လား"

"အင်းပေါ့"

"တစ်အုပ်တစ်လေတော့ ငါ ရေးချင်တာ ရေးပါရစေဦး"

"ရေးလေ၊ ဘာလဲ ငါတို့ဆီက permission ယူတာလား ရေးစေ"

ဝင့်ဝါထည်က ဘုရင်မလေသံနဲ့ ခွင့်ပြုတယ်။

"တင့်တယ်ကော"

"ရေးစေ"

www.burmeseclassic.com

"ယက္ခ"

"ငါတို့ငါးယောက် ချစ်ကြတယ်ဆိုတာ တကယ်ကော ဟုတ်လို့လား"

ယက္ခက မေးခွန်းနဲ့ တုံ့ပြန်တယ်။

"ဘာလို့မေးတာလဲ ယက္ခ"

"ခုပဲ မင်းမိုရ်လွင်က ရောက်မလာခဲ့ဘူးလေ၊ နင်လည်း လူကဒီမှာ စိတ်ကတခြားမှာ"

"မဆိုင်ပါဘူးဟာ၊ ငါစိတ်ရဲ့ ၂၄ နာရီမှာ တစ်နာရီတောင်ပြည့်အောင် ငါ ပေးမထားခဲ့ပါဘူး ယက္ခရာ"

"ဘာလို့လဲ"

"မသိဘူးလေ၊ ငါတို့ ငယ်ငယ်လေးတည်းက ထားလာတဲ့ သံယောဇဉ်က ဒီအချစ်ကို မကျော်နိုင်ဘူးလေ၊ ကျော်နိုင်ရအောင်လည်း သူတို့ဟာ မျဉ်းပြိုင်တွေမှ မဟုတ်တာ"

"အဲဒီနှစ်ခုက ဘာကွာလဲ ညို"

"ငါ ခံစားမိသလောက် ပြောရရင်တော့ ငါတို့ရဲ့ သံယောဇဉ်က ပိုဖြူစင်တယ်၊ လောဘတွေ အတ္တတွေနည်းတယ်၊ အဲဒီအတွက် ခိုင်မာတယ်၊ လူနှစ်ယောက်တည်း ချစ်ကြတဲ့အချစ်မှာက တစ်ဦးကိုတစ်ဦး ချည်နှောင်မှုတွေ များလွန်းတယ်၊ အဲဒီ ချည်နှောင်မှုနဲ့ ပိုင်ဆိုင်လိုမှုတွေဟာ အတ္တပဲ၊ အချိန်မရွေး ကွဲသွားနိုင်တယ်၊ ငါ ဒီလောက်ပဲ ပြောတတ်တယ်"

ယက္ခ ခေါင်းညိတ်တယ်။

နားလည်သဘောပေါက်လို့ ခေါင်းညိတ်တာလား၊ ဖြစ်ရမယ်ဆိုတဲ့ သဘောနဲ့ ညိတ်တာလားဆိုတာကိုတော့ ယက္ခမှပဲ သိမှာပါ။





"ငါ ရေးလို့ရပြီလား ယက္ခ"

"ရပါတယ်၊ ဘာပြောနေစရာလိုလဲ"

"ငါက character တစ်ခုစီကို ဖွဲ့မှာမို့ နင်တို့ဆီက တိကျတဲ့ data တချို့ လိုချင်တယ်"

"ဘယ်လို"

"ဘာလုပ်ပေးရမှာလဲ"

ထည်နဲ့ တင့်တယ်ဆီကပါ မေးခွန်းတွေ ထွက်လာတယ်။

"ဘာမှ မလုပ်ပေးရပါဘူး၊ ငါ့ကို biography ဆန်တဲ့ data တချို့ ပေးရုံပါပဲ၊ ဖြည့်ဖို့စာရွက်တွေ ငါယူလာတယ်၊ ငါလည်း ငါ့ဟာငါဖြည့်ခဲ့တယ်၊ နင်တို့လည်း ဖြည့်ပေးပေါ့၊ ဟုတ်ပြီလား"

"ဟုတ်ပြီလေ"

နောက်ဆုံးကျတော့ သူတို့ ဆယ့်တစ်နာရီလေးဆယ်မှာ Pentagon Place ကို ပြန်ရောက်လာကြတယ်။ အားလုံးက နာရီကို သတိပြုမိပေမယ့် မသိကျိုးကျွံပြုပြီး လင်းသိမ့်ညိုရဲ့ စာရွက်တွေကိုပဲ အာရုံစိုက်ထားကြတယ်။ အိမ်ရောက်တာနဲ့ ညိုက သူတို့ကို အလုပ်ပေးထားခဲ့တာကိုး။

ထည်ကတော့ ညို ရေးထားတဲ့ စာရွက်ကိုကြည့်ပြီး အော်တယ်။

"ညို... အချစ်ဆုံး ဆိုတဲ့နေရာမှာ လူမှရမှာလားဟင် ကြောင်တွေ ခွေးတွေကော မရဘူးလား"

"ရတယ်... ရတယ် ကြိုက်တာထည့်"

"ငါ့မှာတော့ လူကော ကြောင်နဲ့ခွေးကော မရှိဘူး အဲဒါမှပြဿနာ"

တင့်တယ်လင်းကလည်း တစ်မှု။

"blank ထားခဲ့လည်းရတယ်၊ နောက်ရှိလာမှ ဖုန်းဆက်လိုက်"

www.burmeseclassic.com

"အိုကေ"

သူတို့အားလုံး ကိုယ့်စာရွက်ကိုယ် အတွေးကိုယ်စီနဲ့ ဖြည့်ထည့်နေချိန်မှာ ဆယ့်နှစ်နာရီ ကျော်သွားခဲ့ပြီ။ ထည်ကလည်း စာရွက်ကိုဖြည့်ရင်း နာရီကို တစ်ချက်လှမ်းကြည့်တာ တွေ့ရတယ်။

"ညို ဘဝရည်မှန်းချက်ဆိုတဲ့ နေရာမှာ ဘာထည့်ရမှာလဲ"

"ဟင်... နင်လုပ်နေတာ နင်ဖြစ်ချင်တာထည့်ပေါ့"

"ခုချိန်မှာ ဘာမှဖြစ်ချင်တယ်လည်း မရှိပါဘူး ညိုရာ"

ယက္ခစကားကြောင့် ညို တအံ့တဩ ဖြစ်မိတယ်။ ယက္ခဟာ ငယ်ငယ်တည်းက အိုက်တင်တွေကျင့်ပြီး မင်းသားရူး ရူးခဲ့တဲ့သူလေ။ ခုလို အောင်မြင်လာကာမှ ရည်မှန်းချက်က ဘာမှန်းမသိတော့ဘူးဆိုတာကတော့ ဆိုးပါတယ်။

"နင် ဘာဖြစ်နေတာလဲ ယက္ခ"

"ဘာဖြစ်နေမှန်း မသိပါဘူး"

ယက္ခဆီက ဝေ့ဝဲရောက်လာတဲ့ အကြည့်တစ်ချက်ဟာ တစ်မျိုးပဲလို့ ထင်လိုက်မိတယ်။ ဒါပေမယ့် ထင်မိရုံမဆုံးသေးဘူး။ ယက္ခ မျက်ဝန်းတွေက ပြန်ကြည်လင်လာခဲ့ပြီ။ ဒုက္ခပဲ ညို ဘာမှန်းကို မသိတော့တာပါ။

ညိုကတော့ မင်းမိုရ်လွင် ဖြည့်ရမဲ့ data စာရွက်လေးကို ဘယ်သူမှ မမြင်အောင် ခေါက်ချိုးဝှက်ထားလိုက်တယ်။ တကယ်ဆို 'ချစ်သူ' တစ်ယောက်ရတာဟာ ဒီသူငယ်ချင်းတွေကို ဒီလိုပစ်ထားရလောက်အောင် ခိုင်မာတဲ့ အကြောင်းပြချက်မှ မဟုတ်တာ။ ညိုဆို ဒီလိုမဟုတ်ဘူးလို့ ဂုဏ်ယူမပြောချင်ပေမဲ့ မင်းမိုရ်ကို အဲဒီသတင်းသာ မှန်ဆိုရင် မကျေနပ်ချင်တာ အမှန်ပဲ။





စက္ကန့်တံလေးကတော့ တရွေ့ရွေ့နဲ့ သူ့ခရီး သူသွားမြဲပဲ။

သူငယ်ချင်းတွေကလည်း ညို့စာရွက်ကလေးကို တွေးတွေးတောတောနဲ့ ရေးဖြည့်ပေးနေဆဲပဲ။

တကယ်ဆို ရှေ့ဖြစ်ဖတ်တယ်ဆိုတဲ့ ကိစ္စတွေကို ညို ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့ဖူးဘူး။ ခုကျကာမှ ယုံတယ်လည်းမဟုတ်ဘဲ စိတ်ထဲစွဲသွားရတာ ကိုယ့်ကိုယ်ကိုယ် မကျေနပ်ချင်ဘူး။

ဟန်ကောင်းတဲ့ ဝင့်ဝါထည်ကတော့ ညို့လိုမဟုတ်ဘူး။

နာရီကို ခိုးကြည့်ရုံကြည့်ပြီး မင်မောင်းတွေ ကောင်းနေတယ်။

နာရီက ၁၂:၃၅ မိနစ် ရှိနေပြီ။

❐

www.burmeseclassic.com

## ပဌမနေ့သစ်အစ

ဝင့်ဝါထည်တစ်ယောက်က သူ့မွေးနေ့လေး အမိပွာယ်မဲ့စွာ ကုန်ဆုံးသွားရတာတောင် စိတ်ထဲ သိပ်ရှိပုံမရဘူး။ သူ့အာရုံနဲ့သူ။ တင့်တယ်ကလည်း ဘဝမှာ မလုပ်ဖူးတဲ့ ကိစ္စတစ်ခုကို လုပ်နေရသလို ညို့စာရွက်လေးကို ခက်ခက်ခဲခဲ ဖြည့်နေတယ်။ အင်တာဗျူးတွေ ဖြေနေကျ ယက္ခတစ်ယောက်သာ ဘာလို့များ ဒီစာရွက်နဲ့ အခက်တွေ့နေမှန်း မသိတာ။

"တီ… တီ… တီ"

ကားဟွန်းသံက တိတ်ဆိတ်တဲ့ညမှာ အကျယ်ကြီး ကြားလိုက်ရတယ်။ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြဆဲ။ နောက်ထပ် ဘဲလ်သံကို ကြားလိုက်ရတယ်။ လူခေါ်ဘဲလ်က ခြံတံခါးမှာ တစ်ခု တပ်ထားတယ်လေ။

www.burmeseclassic.com

'မင်းမိုရ်'

ထည်က တိုးတိုးလေး ရေရွတ်တယ်။

"ဟယ်… ဟုတ်ပါ့မလား"

ညိုက ဟန်နဲ့ငြင်းကြည့်ပေမယ့် စိတ်ထဲက မင်းမိုရ်ဖြစ်လောက်တယ်ဆိုတာ တွေးနေမိတယ်။ ဘယ်သူမှ ထိုင်ရာကမထကြဘူး။ မင်းမိုရ်ဟုတ်ရင် တကယ်ဆိုရင် ဦးလေးကြီးက တံခါးဖွင့်ပေးပြီး ခေါ်လာမှာပဲ။ သူတို့ငြိမ်ပြီး စောင့်နေလိုက်ကြတယ်။

ခဏနေကျတော့ အိမ်ပေါ်တက်လာတဲ့ ခြေသံကို ကြားရတယ်။

ခြေသံက တစ်သံတည်းမဟုတ်ဘူး။ လှေကားဝမှာ တကယ်ပဲ မင်းမိုရ်လွင် ပေါ်လာတော့ အားလုံးက ကြက်သေသေလို့။ မျှော်လင့်ထားကြပေမယ့် ကိုယ့်မျှော်လင့်ချက်ကိုယ် ချိုးနှိမ်ထားကြရတာမို့ အားလုံးက ငြိမ်သက်နေကြတာမျိုး။

"သာလေကွာ ညှော့သည်ကျနေတာပဲ"

ယက္ခက ပထမဆုံး အသိဝင်ပြီးခေါ်တယ်။

မင်းမိုရ်က မလှုပ်သေးဘူး။ ပြီးမှ–

"ညှော့သည်ပါတယ်"တဲ့။ သူတို့အားလုံးရဲ့ မျက်လုံးတွေ မင်းမိုရ်ရဲ့နောက်ကို ကျော်ကြည့်မိကြတယ်။

"ကောင်မလေး…"

အားလုံး တိုးလျှစွာ အသံထွက်လာပြီး ငြိမ်ကျသွားတယ်။ တဒင်္ဂတွင်းမှာပဲ အားလုံးမဟုတ်တောင် တော်တော်များများကို နားလည်သွားတဲ့အတွက် ဘဝင်လည်း ကျသွားကြပုံပဲ။

"ဒါ… ငါ့ချစ်သူ"





ခကျကာမှ နောက်ကနေ ရှုံ့တွန့်တွန့်ပုံဖြစ်နေတဲ့ ကောင်မလေးကို ဆွဲပြီး မင်းမိုရ် သူတို့နား ရောက်လာတယ်။ အရာအားလုံးကို စိတ်ရှည်တတ်လေ့မရှိတဲ့ တင့်တယ်လင်းက မင်းမိုရ်ကို ပြောတယ်။

"ကဲ… ပြောစမ်းပါဦး အကျိုးအကြောင်းတွေကို"

မင်းမိုရ်က ဘယ်ကစရမှန်း မသိတာလား၊ လှည့်ပြီးသဘောတူချက်ယူတာလား မသိဘူး။ ကောင်မလေးကိုကြည့်ပြီး ရယ်နေတယ်။ ပြီးမှ–

"ငါတို့ဆုံနေကျ နေ့ရက်ကို သွားဖို့လုပ်နေတုန်းက သူက မသွားရဘူးလို့ရစ်နေလို့"

"ဒါနဲ့ပဲ မလာတော့ဘူးလား"

"သူက သူ့ကိုချစ်ရင် မသွားဘဲနေကြည့်ပါတဲ့၊ ဒါပေမယ့် ပြောလွှန်းလို့ မင်းတို့ဆီ စာတွေပို့လို့ရတယ်၊ မင်းတို့သွားရာနောက် ကားထဲကနေပုန်းပြီး လိုက်လို့ရခဲ့တယ်"

ညိုတို့အားလုံး အံ့သြသွားကြတယ်။

"ဒါဆိုရင် တောင်ငူထိ မင်းပါ ပါတာပေါ့"

"ဟုတ်တယ်"

ဒါဆို ဝင့်ဝါထည် တွေ့ခဲ့တဲ့ မျက်မှန်ဟာ မင်းမိုရ် မျက်မှန်ပေါ့။ ပြီးတော့ ကောင်မလေးက မင်းမိုရ် မျက်မှန်တင် မကဘူး အင်္ကျီပါ ယူဝတ်တာပေါ့လို့ ညို တွေးလိုက်မိတယ်။

"ငါတို့ပစ္စည်းတွေ ပျက်စီးနေတာကရော"

ဝင့်ဝါထည်က အဲလိုဝင်မေးတော့ မင်းမိုရ်က တအံ့တသြနဲ့မေးတယ်။

"မင်းတို့ ငါ့အခန်းကို ရောက်ခဲ့တယ်ပေါ့"

www.burmeseclassic.com

"ဟုတ်တယ်"

"အဲဒါ သူ့လက်ချက်"

ကောင်မလေးက ခေါင်းငုံ့ထားတယ်။ ပြီးမှ ခပ်တိုးတိုးပြောတယ်။

"အဲဒါ ချို လုပ်လိုက်တာပါ၊ အစ်ကိုတို့ အစ်မတို့ဟာ မောင့်သူငယ်ချင်းတွေလို့ ချိုမှ မသိထားတာ၊ သူပြောတာလည်း မယုံဘူး၊ ဒါကြောင့် မောင့်ကို မသွားဖို့ တားထားလိုက်တာ၊ ပစ္စည်းတွေကတော့ သူက အစ်မတို့ ပေးတယ်လည်းမပြောဘဲ တယုတယ ထားလွန်းလို့ သူမသိအောင် ချို လုပ်လိုက်တာပါ၊ အဲဒီအတွက် ချို တောင်းပန်ပါတယ်၊ တောင်းပန်ရုံနဲ့ ကျေနပ်လို့ အစားထိုးလို့မရတဲ့အရာမှန်း သိပေမယ့် ချို တောင်းပန်ပါတယ်"

'မောင်'ဟူသော အသုံးအနှုန်းကြောင့် ဝင့်ဝါထည်က ပြုံးစိစိဖြစ်သွားတာကို သတိပြုလိုက်မိတယ်။ ကောင်မလေးက ဆက်ပြောတယ်။

"ဒါပေမယ့် ချို မောင့်ကို သူ့သူငယ်ချင်းတွေ သွားလေရာ လိုက်လို့ရအောင် လုပ်ပေးခဲ့ပါတယ်"

"ဒါဆို မျှော်စင်ကျွန်းမှာ တွေ့တဲ့နေ့က"

ယက္ခက သတိတရ မေးတယ်။

"အဲဒီနေ့က မောင် ထွက်သွားလို့ ချို လိုက်ရှာနေတာ"

ဒီတော့ အားလုံးက မင်းမိုရ်ကို ကြည့်တယ်။

"ဟုတ်တယ်၊ ငါလည်း အကျဉ်းကျသလို ဖြစ်လာလို့ ချို့အလစ်မှာ ခိုးထွက်တာ၊ အမေနဲ့လည်း တွေ့ချင်တယ်၊ ထည့်ဆီလည်း မွေးနေ့လက်ဆောင် ပို့ချင်တယ်လေ"

"ဘယ်တော့မှ ပြန်တွေ့တာလဲ"

"ညို့ဆီကို ph တစ်ခုဝင်လာပြီး ငါ့ကို ဘယ်မှာတွေ့တယ်လို့





ပြောတဲ့အချိန်လောက်မှာပေါ့"

သြော်... ဒါကြောင့် ကောင်မလေး ရုတ်တရက် ပျောက်သွားတာကိုးလို့ တွေးမိတယ်။ ပြီးတော့ စိုးစိတ်လေးနဲ့ လိုက်ရှာနေတဲ့ ကောင်မလေးကိုလည်း သနားသွားတယ်။

"အဲဒီမှာ ချိုက ချို မှားတယ်ဆိုပြီး မောင့်ကို တောင်းပန်ဖို့လိုက်တာ မောင်က ထွက်ပြေးနေတာနဲ့ နောက်က လိုက်ရသေးတယ်၊ နဂိုတည်းက ချိုက သူ့ကို ရက်သတ်မှတ်ထားပါတယ်၊ လေးရက်ပဲ ချို့စကားနားထောင်ပေး၊ ကျန်တဲ့လေးရက်ကို Pentagon ကို သွားခွင့်ရှိတယ်လို့ ချိုပြောထားတာ၊ ချို့လုပ်ရပ်တွေက ကလေးဆန်တာ မှန်ပါတယ်၊ ဒါပေမယ့် ချိုက ဆိုးတယ်၊ လုပ်ချင်တာ လုပ်ခွင့်ရခဲ့တဲ့ သူတစ်ယောက်အနေနဲ့ မောင့်အပေါ်မှာလည်း ဆိုးမိတာ၊ ဒါ အစ်မတို့ကို စိတ်အနှောင့်အယှက် ဖြစ်စေတယ်ဆိုတာ ချို သိလာလို့ ခု တောင်းပန်ဖို့ လိုက်လာတာပါ"

ကောင်မလေးက သေသေချာချာ ရှင်းပြရှာတယ်။

ညိုတို့လည်း အူလည် လိုက်နေရာက အတော်အသင့် ရှင်းနေပြီ။ မနေ့က ညိုတို့နောက် လိုက်နေတာက မင်းမိုရ်လွင် ရက်စောပြီး ညိုတို့နား ရောက်လာမလားဆိုတဲ့စိတ်နဲ့ လိုက်နေတာဆိုတာ နားလည်လိုက်တယ်။ မင်းမိုရ်လွင်ကလည်း တော်ပါတယ်။ ချစ်သူကို ထားတဲ့ကတိကို မဖျက်ရှာဘူး။ သူ့ဘာသာသူ စိတ်ကျဉ်းကြပ်လာလို့ ရှောင်ထွက်သွားတာက လွဲရင်ပေါ့။

ညိုကတော့ စာရေးဆရာ မပီသတယ်ပဲပြောပြော။ မင်းမိုရ်လွင်အတွက် အတွေးတွေ ဝင်လာသေးတယ်။ တကယ်တော့ ညို ပြောခဲ့သလိုပဲ လူတစ်ယောက်နဲ့ တစ်ယောက် ချစ်တယ်ဆိုတဲ့နေရာမှာ ချည်နှောင်မှုတွေ၊

www.burmeseclassic.com

ပိုင်ဆိုင်လိုမှုတွေ အများကြီးပါတဲ့အတွက် အနည်းနဲ့အများတော့ အကျဉ်းကျသလို ခံစားရမှာပဲ။ ဒါကို ခံစားနိုင်ဖို့ လိုတာပေါ့။ မင်းမိုရ်လွင်ဘက်က ခံစားနိုင်ဖို့ လိုသလို ချို့ဘက်ကလည်း ဒီလောက်ထိ ကလေးဆန်ဆန် အနိုင်ယူလိုစိတ်နဲ့ မကြပ်သင့်ဘူး ထင်တာပဲ။ ဒါတွေဟာ ခုချိန်မှာ ချစ်စရာကောင်းတဲ့ အတွေ့အကြုံလေးတွေ ဖြစ်လာနိုင်ပေမဲ့ ကြာရင်တော့ မကောင်းဘူးလေ။

ညိုကသာ တနံတလျား တွေးနေတာ။ သူတို့ကတော့ တွေးရဲ့လား မသိဘူး။ ညိုက ခုချိန်မှာ လုပ်နိုင်တာ တစ်ခုပဲရှိတယ်။ အဲဒါကတော့ မင်းမိုရ်လွင်ရဲ့ data စာရွက်ကို သူ့လက်ထဲ ထိုးထည့်လိုက်တာပါပဲ။

သေချာတာကတော့ အချစ်ဆုံးဆိုတဲ့ နေရာမှာ မင်းမိုရ်လွင်တစ်ယောက် အတုံ့အဆိုင်း၊ အတွေးအတောမရှိဘဲ 'ချို' လို့ ဖြည့်လိုက်မှာပဲဆိုတာပေါ့။

အလိုက်သိစွာ ထပြန်ဖို့လုပ်နေတဲ့ ချိုကို ယက္ခကပဲ တားရတယ်။

"မိုးလင်းမှပြန်ပါ၊ ညိုတို့နဲ့အိပ်ပေါ့"

ချိုတစ်ယောက် ညိုတို့နဲ့အတူ စကားလက်ဆုံကျသွားချိန်မှာ သူ့ဆီမှာ ဂျစ်တစ်တစ် တည်းစူးစူး အကြည့်တွေ ရှိမနေတော့ဘူး။ သူ့ရဲ့ အစ်မအရင်းတွေနဲ့ ဆက်ဆံသလို နူးညံ့ကြည့်မွေ့နေတယ်ဆိုတာ ညို သတိထားမိတယ်။

တစ်ဖက်ခန်းက မင်းမိုရ်တို့ အသံတွေကတော့ ဆူညံလို့။

နောက်ထပ် ကျော်ဖြတ်ရမဲ့ Pentagon နေ့ရက်တွေမှာ ချိုတစ်ယောက် ပါဝင်ခွင့် ရှိမရှိဆိုတာကိုတော့ မနက်ကျမှပဲ သူတို့ ဆုံးဖြတ်ကြမယ် ထင်ပါရဲ့။





ဒီနှစ်မှာ စတင်ပြောင်းလဲခဲ့သူက ညိုနဲ့ မင်းမိုရ်။

ဒီအပြောင်းအလဲတွေက Pentagon Group ကို မထိခိုက်စေပါဘူးလို့တော့ ညိုက လုံးဝအာမခံမပေးရဲဘူး။ အနည်းနဲ့အများတော့ အားလျော့သွားသလို ခံစားကြရမယ်ဆိုတာ ညိုလည်း သိနေတယ်လေ။

အလင်းရောင်တွေ တစ်ငွေ့ငွေ့ ဝင်ရောက်လာပြီဖြစ်တဲ့ ပဥ္စမမြောက်နေ့ရဲ့ နံနက်ခင်းဟာ ညိုတို့အုပ်စုအတွက် ဘာတွေများ သယ်ဆောင်လာမှာပါလိမ့်။ ခုချိန်မှာ ပထမဆုံးအကြိမ်အဖြစ် ရှေ့ဖြစ်ဖတ်တဲ့ အဘွားအိုကို သတိရနေမိတယ်။

❐


www.burmeseclassic.com

## အဆုံး

မီးရောင်တွေ လင်းစူးပူပြင်းနေတဲ့အောက်မှာ ယက္ခတစ်ယောက် ကိုယ်နဲ့ မသက်ဆိုင်တဲ့ ဓာတ်ရုပ်တစ်ရုပ်နေရာမှာ ဝင်ရောက်သက်ငင်နေရတယ်။

"ကတ်"

အပူရောင်တွေအောက်ကို ပြန်ရောက်နေတာ တစ်ပတ်တောင်ရှိတော့မယ်။ ခါတိုင်းဆို Pentagon Palace ကပြန်ရောက်ပြီးစ နေ့ရက်တွေမှာ လူဟာ အလုပ်လုပ်ရတာ တက်ကြွလို့။ ခုတော့ ဒီအမှုအရာတွေကိုပဲ ယက္ခက ငြီးငွေ့နေမိတယ်။

ခုလောက်ဆို ထည်တစ်ယောက်လည်း မီးရောင်အောက်ကို ပြန်ဝင်နေရလောက်ပြီ။ တင့်တယ်ကတော့ ငွေစကြေးစတွေနဲ့ ကစားဦးမှာပေါ့။

www.burmeseclassic.com

စီးပွားရေးသမားကိုး။ မင်းမိုရ်ဆိုတဲ့ ကောင်ကကော။ သူလည်း ချစ်သူလက်ကိုဆွဲပြီး သီချင်းတွေ ဆိုနေမှာပဲ။

လင်းသိမ့်ညိုဆိုတဲ့ ကောင်မလေးတစ်ယောက်ကတော့ 'ပဥ္စဂံနန်းတော်' ဆိုတဲ့ ဝတ္ထုလေးတစ်အုပ်ကို ရေးနေမှာပဲ။ မှားယွင်းတဲ့ data တွေကို မပေးချင်လို့ blank ထားခဲ့ရတဲ့ နေရာတွေအတွက် ယက္ခဆိုတဲ့ကောင်ရဲ့ character ကို နင် နားလည်သလိုသာ ရေးလိုက်ပါတော့ ညို။

တကယ်တော့ ယက္ခရဲ့ အချစ်ဆုံးဆိုတဲ့ နေရာကို ဖြည့်ခွင့်ရဖို့ ဒီနှစ် Pentagon နေ့ရက်တွေကို အမျှော်လင့်ကြီး မျှော်လင့်ခဲ့ရတယ်ဆိုတာ ယက္ခ ကိုယ့်ဘာသာကိုယ်ပဲသိတယ်။ ဒါပေမယ့် မျှော်လင့်ထားတာတွေ ဘယ်တော့မှ ဖြစ်မလာတတ်တဲ့ ယက္ခဘဝမှာ Pentagon နေ့စကတည်းက မမျှော်လင့်တဲ့ သတင်းတစ်ခုကို ကြားလိုက်ရတယ်။ မင်းမိုရ်လွင် ပျောက်ဆုံးမှုနဲ့ အားလုံးက ပြာယာခတ်နေချိန်မှာ အဲဒီသတင်းကြောင့် ရင်ထဲ ယောက်ယက်ခတ် ဖြောင်းဆန်သွားရတာက ယက္ခ။

ညို့မှာ ချစ်သူရှိနေပြီတဲ့။

နောက်ပိုင်းနေ့ရက်တွေမှာတော့ ကိုယ့်ကိုယ်ကိုယ် သရုပ်ဆောင်တစ်ယောက်လို သံပတ်ပေး နေထိုင်ခဲ့ရတဲ့အတွက် စိတ်တွေတင်းကြပ်လေးလံနေခဲ့တာ ကိုယ့်ဘာသာကိုယ်ပဲသိတယ်။

တကယ်ဆို...

အချစ်ဆုံး ဆိုတဲ့ကွက်လပ်မှာ 'လင်းသိမ့်ညို' လို့ တိတိကျကျ ရေးချခွင့်ရခဲ့ချင်တာပေါ့။

ဒါပေမယ့် ညိုရယ်၊ နင် လက်ခံနိုင်တော့မှာ မဟုတ်တဲ့ ငါ့ရဲ့ သင်္ကေတ ရသတွေကို ငါပဲ သိမ်းထားလိုက်ပါတော့မယ်။ ဘယ်တော့မှ





ချိုတယ် ခါးတယ် နင် မသိစေရတော့ပါဘူး။

သေချာတာတစ်ခုက

နောက်တစ်ကြိမ် Pentagon နေ့ရက်တွေမှာ လူတစ်ယောက်ထပ်မံပျောက်ဆုံးနေခဲ့ရင်...

အဲဒီလူဟာ 'ယက္ခ'ပဲ ဖြစ်လိမ့်မယ် ဆိုတာပါပဲ ညို။

နင့်ရှေ့မှာ သရုပ်ဆောင်ကောင်းတဲ့ မင်းသားအဖြစ် ငါ ရင်မပွင့်ချင်ဘူး။ ဟိုးအဝေးကနေပဲ Pentagon နေ့ရက်တွေကို လွမ်းဆွတ်နေလိုက်ပါမယ်။


www.burmeseclassic.com

စိတ်ကူးထဲ
ငါပိုင်ဆိုင်ဆဲ... နန်းတော်တစ်ပုံတစ်ခေါင်းနဲ့
အနာဂါတ်ကို
ခမ်းနားစွာ ထမ်းပိုးခဲ့ဖူး
ခြေလှမ်းတိုင်းဟာ..............
..................................

မနော်ဟရီ

မှတ်ချက်။ ။ အစနှင့် အဆုံးမှ ကဗျာသည်
'ငြိမ်းအေးအိမ်'၏ ကဗျာ ဖြစ်ပါသည်။



www.burmeseclassic.com




www.burmeseclassic.com